# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ စနေနေ့။ Saturday, 19 October 2024 ၁၁၆၁၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီးအကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပနေမှုများ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

**ယနေ့ ဖတ်စရာ**

**အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်**

စာမျက်နှာ » ၂

**ကိုယ်ပိုင်မှုဟန် စိုက်ထူပြန်သည့် ယဉ်ကျေးမှုအသိနှင့် အနုပညာအနှစ်**

ဆောင်းပါး စာမျက်နှာ » ၁၉

**ရုပ်သေးပညာရပ်က တိမ်ကောစပြုလာတဲ့အတွက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေရှိမှသာ ထဲထဲဝင်ဝင် အင်တိုက်အားတိုက် ချပြခွင့်ရှိတာပါ။ ကမ္ဘာကအသိအမှတ်ပြုလာအောင် ချပြသွားဖို့လည်း ရည်ရွယ်ချက်ရှိပါတယ်**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၇

**အွန်လိုင်းပညာရေးနှင့် ယနေ့ကမ္ဘာ**

ဆောင်းပါး စာမျက်နှာ » ၂၅

ကြေးမုံ

# အစွန့်ရှည်ခိုင်မြဲတိုးတက်အောင် ကိုယ့်ခွန်ကိုယ့်အားကြိုးပမ်းစွမ်းဆောင်

မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်မြတ်နိုးသော၊ မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ကြသော နိုင်ငံသားတိုင်းသည် နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသောအခြေအနေများနှင့် အနာဂတ်အတွက် ဆောင်ရွက်သင့်သည်တို့ကို နားလည်သဘောပေါက်သင့်ကြသည်။ လွတ်လပ်ရေး ရရှိပြီးချိန်မှစ၍ ယနေ့အချိန်အထိ ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး မတည်ငြိမ်မှုများ၊ လက်နက်ကိုင်ပဋိပက္ခများ၊ ပြည်ပမှစွက်ဖက်နှောင့်ယှက်မှုများကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ရေမြေတောတောင်သဘာဝနှင့် ပြည်တွင်းသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသော်လည်း ခံယူချက်နှင့် စည်းလုံးညီညွတ်မှု အားနည်းမှုများကြောင့် မျှော်မှန်းသလောက်ခရီးမပေါက်ဘဲ စိန်ခေါ်မှုအမျိုးမျိုးတို့ကို ရင်ဆိုင်ကျော်လွှားရန်းကန်နေရဆဲဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ တိုးတက်စေရေးအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးမောင်းနှင်အားများ ကောင်းမွန်နေရန် လိုအပ်သည်။ နိုင်ငံရေးအားကောင်းစေရန်အတွက် ဦးဆောင်သူများက စနစ်တကျမှန်ကန်စွာ ဦးဆောင်ကြရမည်ဖြစ်သလို နိုင်ငံသူ နိုင်ငံသားအားလုံးကလည်း မိမိနိုင်ငံနှင့်မိမိလူမျိုးအကျိုးအတွက် စည်းလုံးညီညွတ်ကြဖို့လိုအပ်သည်။

နိုင်ငံစီးပွားရေး ကောင်းမွန်လာစေရေးအတွက် နိုင်ငံသားအားလုံးက ကျရာကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်ကြမှသာ တစ်ဦးချင်းကြွယ်ဝချမ်းသာခြင်းမှ နိုင်ငံ့စီးပွားရေးကောင်းမွန်ပြီး ကြွယ်ဝချမ်းသာသော နိုင်ငံဖြစ်လာနိုင်သည်။ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံ၏ကာကွယ်ရေးအင်အားလည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံသည် ကြီးသည်ငယ်သည်ဖြစ်စေ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အား ခိုင်မာတောင့်တင်းအားကောင်းနေပါက ပြင်ပမှ မည်သည့်စွက်ဖက် နှောင့်ယှက်မှုမျှမခံရဘဲ ပတ်ဝန်းကျင်တစ်ခွင် ခံ့ထည်ဝင့်ကြွားစွာ ရပ်တည်နေထိုင်နိုင်မည်ဖြစ်သည်။

လက်ရှိကာလတွင် ကမ္ဘာကြီး၌ အင်အားချိန်ခွင်လျှာ ညှိနေသည့်အခြေအနေများ၊ နိုင်ငံရေး၊ စီးပွားရေးအသာစီးရလိုမှုများနှင့် မြန်မာနိုင်ငံ၏ ပထဝီအနေအထား၊ နိုင်ငံရေးအခြေအနေများအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အထူးသတိကြီးကြီးထား၍ ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်လျက်ရှိသည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို တပ်မတော်တစ်ခုတည်းမှာသာ အပြည့်အဝတာဝန်ရှိသည်ဟုမမှတ်ယူကြဘဲ ပြည်သူများ၏ အားနှင့်စစ်မှန်သော ပူးပေါင်းဆောင်ရွက်မှုအင်အားများ လိုအပ်လျက်ရှိသည်ကို သတိပြုကြရမည်ဖြစ်သည်။ ယနေ့ကာလတွင် အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများ၊ အင်အားငယ်သည့် နိုင်ငံများအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုများ ပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံအချင်းချင်း ပိုက်နက်နယ်မြေ အငြင်းပွားမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ပြည်တွင်းရေးမငြိမ်သက်မှုများစွာ ကမ္ဘာ့နေရာအနှံ့အပြား၌ ဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုပါပြဿနာများနှင့်ပဋိပက္ခများကို ဖြေရှင်းရာတွင် အချို့သောဒေသများ၌ ပြည်တွင်းပဋိပက္ခများကို ဒေသတွင်း ပဋိပက္ခအခြေအနေများအထိ ဖြစ်ပေါ်လာအောင် ဖန်တီးနေသည်ကို တွေ့ရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအများစုကလည်း နိုင်ငံအလိုက် အင်အားစုရရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများကို စည်းရုံးစုစည်းပြီး နိုင်ငံရေး၊ စီးပွားရေး စသည့်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်လာကြသည်ကိုတွေ့ရမည်ဖြစ်သည်။ သို့သော် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အကျိုးစီးပွားပေါ်မှာသာ ခိုင်ခိုင်မာမာရပ်တည်ပြီး ဦးစားပေးလုပ်ဆောင်နေကြသည်ကို သတိပြုမိကြဖို့လိုသည်။

လတ်တလောတွင် အိမ်နီးချင်းနိုင်ငံအချို့နှင့် ကမ္ဘာ့နိုင်ငံအချို့၏ ပြည်တွင်းရေးပဋိပက္ခများတွင် မည်သည့်နိုင်ငံများက မည်သို့ပါဝင်ပတ်သက်နေသည်ကို သတိပြုမိဖို့လိုသည်။ သေချာလေ့လာဆန်းစစ်ကြည့်လျှင် တစ်ကျော့ပြန် ခေတ်သစ်ကိုလိုနီနယ်ချဲ့စနစ် ဖန်တီးနေသည်ကို ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ သတိပြုမိဖို့လိုမည်ဖြစ်သည်။ အင်အားကြီးနိုင်ငံများက နိုင်ငံငယ်များအပေါ် ဩဇာလွှမ်းမိုးနိုင်အောင် ဆောင်ရွက်ရာတွင် နိုင်ငံတိုးတက်ရေးတွင် အဓိကကျသည့် စီးပွားရေးကဏ္ဍကို ထိန်းချုပ်နိုင်ရေး၊ မတည်ငြိမ်အောင် ဆောင်ရွက်ရေး ပြုလုပ်နေသည်ကိုတွေ့ရမည်ဖြစ်သည်။ ပြည်တွင်း၌ ပဋိပက္ခမျိုးစုံ၊ အကျပ်အတည်းမျိုးစုံ ဖန်တီးပြီး စီးပွားရေးထိခိုက်အောင်၊ လိုသလိုခြယ်လှယ်နိုင်အောင် ဖန်တီးနေသည်ကို တွေ့ရမည်ဖြစ်သည်။

ထိုသို့သောအခြေအနေအမျိုးမျိုးတွင် နိုင်ငံငယ်များအနေဖြင့် မိမိနိုင်ငံအတွင်း စည်းလုံးညီညွတ်မှုခိုင်မြဲအောင်၊ နိုင်ငံအတွင်းမှာရှိသည့် သယံဇာတနှင့် အရင်းအမြစ်များ၏ စွမ်းပကားများကို ထိရောက်စွာအသုံးချပြီး ရင်ဆိုင်ကျော်လွှားနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကိုယ်ပိုင်အရင်းအမြစ်များ အားနည်းလာသည်နှင့် အမျှ စီးပွားရေးတွင်သာမက အခြားကဏ္ဍများတွင်ပါ အားနည်းထိခိုက်လာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ နိုင်ငံရေးမတည်ငြိမ်မှု၏ အဆုံးသတ်တွင် စီးပွားရေးအကျပ်အတည်းဖြစ်စေမှုကို ဦးတည်လေ့ရှိသောကြောင့် ပြည်ပအမှီအခိုကင်းပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်သည့် လူသားအရင်းအမြစ်များ ပိုင်ဆိုင်နိုင်အောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးပမ်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်

ကြေညာချက်အမှတ် (၁/၂၀၂၄)

၂၀၂၄ ခုနှစ် ၊ အောက်တိုဘာလ ၁၉ ရက်

၁။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးနှုန်းနှင့် ဈေးကွက်ဖြစ်ပေါ်စေရေး စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံများ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အစိုဓာတ် (၁၄)% ရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း (၄၆) ပေါင်ကိုက် စပါးတင်း(၁၀၀)၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို (၉၅၀,၀၀၀) ကျပ် သတ်မှတ်လိုက်သည်။

၃။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်း အပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်း အောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၄ ခုနှစ် မိုးစပါးနှင့် ၂၀၂၅ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၄။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ် ရုံးချုပ် (ဖုန်း၊ ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့**

## မောက်မယ်မြို့နယ်၌ ဝါကျွတ်ဆွမ်းဆန်တော်နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပွဲကျင်းပ

**မောက်မယ် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်လုံးဆိုင်ရာ သာသနာ့ အကျိုးတော်ဆောင်အဖွဲ့ကကြီးမှူး၍ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါကျွတ်ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပွဲကို ယနေ့ နံနက် ၇ နာရီက နန်းဖတ်ခုမ် စေတီတော်ကျောင်းမှ ပရိယတ္တိပါဒကကျောင်းကြီး စာသင်တိုက်အထိ ဗိုလ်ချုပ်အောင်ဆန်းလမ်းမတစ်လျှောက်တွင် ကျင်းပသည်။

အဆိုပါ ဝါကျွတ်ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူပွဲတွင် မြို့နယ်စုပေါင်းရုံးရှေ့၌ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ပြည်သူများနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းလမ်းမတစ်လျှောက်တွင် မြို့ပေါ်ရှိဘုန်းကြီးကျောင်း ၁၅ ကျောင်းနှင့် ကျေးရွာအုပ်စုရှိ ဘုန်းကြီးကျောင်း ရှစ်ကျောင်းမှ ကျောင်းထိုင်ဆရာတော်များ၊ ရဟန်းသံဃာတော်များ၊ မြို့နယ်အတွင်းရှိ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်နှင့်သံဃာတော်များ အပါး ၂၀၀ ခန့်တို့အား ဆွမ်းဆန်တော်နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူခဲ့ကြောင်းသိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| ခေတ္တ စာတည်းမှူးချုပ် | - | ဦးဝင်းနိုင် | အကြီးတန်း | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| ခေတ္တ စာတည်းမှူး | - | ဦးအေဝမ်းစိုး | သတင်းထောက်များ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ |
| စာတည်းများ | - | ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ | | | ဒေါ်ခိုင်သန္တာရွှေ |
| | | ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | အငယ်တန်း | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ | သတင်းထောက်များ | | ဦးသန်းတင်အောင် |
| | | ဒေါ်စန်းယဉ်ဥ | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| | | | စာပြင် | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - | ဦးနိုင်လင်းကြည်၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| စာတည်းများ | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီး ဂီတာအတီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

❂ ရှေ့ဖုံးမှ

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ တို့နှင့်အတူ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့်ပြည်သူများ တက်ရောက်အားပေးကြသည်။

## ကကြိုးကကွက်စုံလင်စွာ ယှဉ်ပြိုင်ကပြဖျော်ဖြေ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီးပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်ညီညာစွာအသုံးပြု၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆိုင်းဝိုင်းအဖွဲ့များ၏ ပံ့ပိုးတီးခတ်မှုနှင့်အတူ အနုသုခုမရသစုံလင်လှသည့် ဆို၊ ငို၊ ပြော အကအလှများဖြင့် ကကြိုးကကွက်စုံလင်စွာ ယှဉ်ပြိုင်ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ် ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပသည့် အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း (အမျိုးသမီး)(ဂီတာ) အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များက "ဝေဘာဂီရိ"(ကြိုး) သီချင်းအား သီချင်း၏ရသပေါ်လွင်စေပြီး နားဆင်သူများ နားဝင်ပီယံရှိစေရန် လက်စွမ်းပြ တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❒ ကျောဖုံးမှ

အဆိုပါပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် သဘင်ကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်တို့သည် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု " ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်" ဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟာဇနကဇာတ်တော်ကြီး တီးလုံးတီးချက် အကအလှများနှင့်အတူ မြန်မာ့ဇာတ်သဘင် ဇာတ်စာ၊ ဇာတ်စကား၊ ဆို၊ ငို၊ ပြော ပညာရပ်များနှင့်ပေါင်းစပ်၍ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။



ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။



မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု "ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်"ဇာတ်တော်ကြီးအဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်စဉ်။

ပါဝင်ယှဉ်ပြိုင်

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို ၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု "မဟာဧရာ" ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီးကိုယ်စားပြု "ဖန်ခါးမြေ" ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်တွင် မွန်ပြည်နယ်ကိုယ်စားပြု "မင်းနိုင်စိုး" ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု "မန်းမြို့ဂုဏ်ရည်" ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု " ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်" ဇာတ်တော်ကြီးအဖွဲ့တို့ကလည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ သက်ဆိုင်ရာကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့များက ဆက်လက်ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


**ကြည့်ရှုအားပေး**

မဟာဇနကဇာတ်တော်ကြီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု "ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်"ဇာတ်တော်ကြီးအဖွဲ့က တင်ဆက်ကပြယှဉ်ပြိုင်မှုကို ဧည့်ပရိသတ်များ ကြည့်ရှုအားပေးစဉ်။


☆ လေပွေလှိုင်းမှ

ဘင်္ဂလား ပင်လယ်အော်တွင် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းရပ်ဝန်း၏ အရှိန်တို့ကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း အောက်တိုဘာ ၁၉ ရက်မှ အောက်တိုဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။"

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၈-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၃-၁၀-၂၀၂၄ မှ ၂၄-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ**




**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၈-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၁-၁၀-၂၀၂၄ မှ ၂၂-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ**




**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့်ပြည်တွင်းရေကြောင်းသွားလာရေးနှင့်လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**


**သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်**

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်း ပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ် – ၀၆၇ – ၄၃၁၀၆၂၊ ၀၆၇ – ၄၃၁၃၅၉၊ ၀၆၇ – ၄၃၁၀၆၇၊ ၀၆၇ – ၄၃၁၃၃၉
  သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။ (ဗဟိုသန်းခေါင်စာရင်းကော်မရှင်)

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောနှင့် တာဝန်ရှိသူများ အဆင့်မြင့်ပညာအဆင့် အမျိုးသား ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**"မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲ**

ယနေ့တွင် "မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သီလာဝေယံ"(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "သီလာဝေယံ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**ယှဉ်ပြိုင်ကြ**

"ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Banquet Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဂ္ဂင်ရှစ်ပါး" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက"ချစ်စရာ့ ရွှေတမာ"သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Plenary Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေး တိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် စစ်ကိုင်း တိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ် ညီညာစွာဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆိုင်းဝိုင်းအဖွဲ့များ၏ ပံ့ပိုးတီးခတ်မှုနှင့်အတူ အနုသုခုမ ရသစုံလင်လှသည့် ဆို၊ ငို၊ ပြော၊ အကအလှများဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ငြိမ့်ညောင်းသည့် ကကြိုးကကွက်များဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘဘရွှေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

အရေးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လှူငယ်အားမာန်အမြဲရှင်သန် နိုင်ငံပြည်ကျိုးဆောင်သယ်ပိုး" ခေါင်းစဉ်ဖြင့် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

ဂီတာအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုန်းမိုးသွန်းလောင်း" (သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မန္တလာဘုံ" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ တွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လှူမနော" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝေဘာဂီရိ"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြမန်းဂီရိ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လာချေပြီ" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခန်းတွင်းရိပ်သာ"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖူးပွေ့လက်တင်" (ဘောလယ်) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စံရာတောင်ကျွန်း" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "စံရာတောင်ကျွန်း"(ကြိုး) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။




အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မဇူးဇူးစံ ယှဉ်ပြိုင်စဉ်။

တယောအတီး ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊

စာမျက်နှာ ၆ သို့ ❂

❂ စာမျက်နှာ ၅ မှ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့် တာဝန်ရှိသူများ ဝါသနာရှင်အဆင့် (ပထမတန်း)ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ဝေဿန္တရာ ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ရွှေဇေယျာရုပ်စုံသဘင်အဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကျွန်းကျွန်းပိုင်သ” (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “နန်းဘုံသီဟာသွေ” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှေပြည်ကြီးရော” (ကြိုး) သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်**

ပတ္တလား အတီးပြိုင်ပွဲကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရီရီဆိုင်းဆိုင်း”(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လျှပ်ပန်းခွေနွဲ့” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မင်္ဂလာသီရိ” (ဘွဲ့) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို အမျိုးသား စာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဝေဇယန္တာ” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဝေဇယန္တာ” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှေညီလာ” (လေးထွေသံကတ်) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ထောင်ရောင်နေကသာ” (သီချင်းခံ) သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် “ဝေဿန္တရာ” ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ရွှေဇေယျာ ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီး ပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေး ကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် “မဟာဇနက” ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို၊ ငို၊ ပြောပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီး၊ မန်းငြိမ်းမောင်၊ ဒေါက်တာဘရွှေနှင့်ဇနီး၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးကိုကိုလှိုင်၊ ဦးအောင်ကျော်ဟိုး၊ ဒေါက်တာကံဇော်၊ ဦးတင်ဦးလွင်၊ ဦးညဏ်ထွန်း၊ ဒေါက်တာ ညွန့်ဖေ၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။






ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့်တာဝန်ရှိသူများ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

**ထည့်သွင်းယှဉ်ပြိုင်**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲတွင် ဇာတ်တော်ကြီးပြိုင်ပွဲအတွက်“မဟာဇနက” ဇာတ်တော်ကြီးကိုလည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲအတွက် “ဝေဿန္တရာ”ဇာတ်တော်ကြီးကို လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား/အမျိုးသမီး ရုပ်သေးကြိုးဆွဲပြိုင်ပွဲအတွက် မင်းသားနှင့် ဇော်အရုပ်ကြိုးဆွဲပြိုင်ပွဲကို လည်းကောင်း ထည့်သွင်း ယှဉ်ပြိုင်လျက်ရှိသည့်အပြင် ရှားပါးပညာရပ်တစ်ခုဖြစ်ပြီး တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် နှုတ်မှုစွမ်းရည်ပြ “ကွက်စိပ်” ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အတွက် “မဟာသုတ သောမ” ဇာတ်နှင့် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အတွက် “သမုဒ္ဒဝါဏိဇ” ဇာတ်တို့ကိုယှဉ်ပြိုင်ရန် သတ်မှတ်ထားကြောင်း သိရသည်။






ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် တာဝန်ရှိသူများ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း )အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

**သတင်းစဉ်**

# ရုပ်သေးပညာရပ်က တိမ်ကောစပြုလာတဲ့အတွက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေရှိမှသာ ထဲထဲဝင်ဝင် အင်တိုက်အားတိုက် ချပြခွင့်ရှိတာပါ။ ကမ္ဘာကအသိအမှတ်ပြုလာအောင် ချပြသွားဖို့လည်း ရည်ရွယ်ချက်ရှိပါတယ်

ဒေါ်ဇာနည်အောင်

တွေ့ဆုံမေးမြန်း - ခိုင်သန္တာရွှေ
ဓာတ်ပုံ - အလင်းသစ်

မြန်မာတို့၏ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာ၊ ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ ကမ္ဘာတည်သရွေ့ ဝင့်ထည်စွာတည်တံ့စေရေးအတွက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ကျင်းပခဲ့ရာ ယခု(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်ပြိုင်ပွဲကြီးပင် ငါးရက်မြောက် တိုင်ခဲ့ပြီဖြစ်ပါသည်။ ယင်းပြိုင်ပွဲကြီးတွင် ဖွဲ့မာန်အပြည့်ဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့် ပြိုင်ပွဲဝင်များ၏ ရင်တွင်းစကားသံများကို ပြန်လည်ဖော်ပြလိုက်ရပါသည်-



ဒေါ်ဇာနည်အောင်



မောင်နိုင်ဝင်းကိုကို



ဦးဝင်းထွဋ်အောင်



မထက်ထက်သီရိဝေ



မောင်အောင်မျိုးဟိန်း



ရောဝတီသန့်ဇော်

**ဒေါ်ဇာနည်အောင်**
**ရွှေဇေယျာရုပ်စုံအဖွဲ့ခေါင်းဆောင်**
**ဝါသနာရှင်(ပထမတန်း)**
**စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု**

ဒီနေ့ယှဉ်ပြိုင်ခဲ့ရတာကတော့ ဝေဿန္တရာဇာတ်တော်ကြီးဖြစ်ပါတယ်။ မင်းသမီးနေရာကနေ ဆို၊ ငို၊ ပြော တာဝန်ယူရတာပါ။ သတ်မှတ်ထားတာကတော့ ကြိုးဆွဲနဲ့ ဆို၊ ငို၊ ပြော ၁၃ ယောက်၊ ဆိုင်း ခုနစ်ယောက် ဖြစ်ပါတယ်။ မနှစ်က အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတုန်းကလည်း စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြုနဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီတုန်းက တတိယဆုရရှိခဲ့ပါတယ်။ ဇာတ်ညွှန်းအပိုင်းမှာတော့ ရွှေတံဆိပ်ရခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ ဇာတ်ညွှန်းဆု၊ ဆို၊ ငို၊ ပြော၊ ဆိုင်း၊ ကြိုးဆွဲ၊ အဖွဲ့လိုက် စတဲ့ဆုတွေ ပေးပါတယ်။ ကိုယ်တိုင်ကလည်း ယဉ်ကျေးမှုဝန်ထမ်းဆိုတော့ တီးတာ၊ မှုတ်တာတွေအပါအဝင် အနုပညာနဲ့ပဲ ရပ်တည်နေတာ ဖြစ်ပါတယ်။ နောင်လာနောက်သားတွေကိုလည်း အနုပညာစိတ်ဝင်စားလာအောင် ပျိုးထောင်ပေးဖို့ ရည်ရွယ်ချက်တွေရှိပါတယ်။ ရုပ်သေးပညာရပ်ကို ကျွန်မတို့မြန်မာလူမျိုးတွေက အမြတ်တနိုးတန်ဖိုးထားပြီး ကမ္ဘာကသိအောင်ချပြနိုင်ဖို့လိုပါတယ်။ ဒီပညာရပ်က တန်ဖိုးရှိပါတယ်။ အရုပ်တစ်ရုပ်ကို ကြိုးတွေအများကြီးနဲ့ဆွဲရတယ်။ အခုလိုပွဲကြီးတွေ တစ်နှစ်မှာ သုံး၊ လေးပွဲလောက်ရှိရင် ပိုပြီးလူသိများလာမယ်။ ကမ္ဘာကလည်း သိလာမယ်။ ရုပ်သေးပညာရပ်က တိမ်ကောစပြုလာတဲ့အတွက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေရှိမှသာ ထဲထဲဝင်ဝင် အင်တိုက်အားတိုက် ချပြခွင့်ရှိတာပါ။ ကမ္ဘာကအသိအမှတ်ပြုလာအောင်ချပြသွားဖို့လည်း ရည်ရွယ်ချက်ရှိပါတယ်။ သင်ယူတဲ့သူနည်းလာတာကလည်း မြန်မာနိုင်ငံမှာ ကြိုးဆွဲပညာနဲ့ရပ်တည်ဖို့ လုပ်ငန်းကိုင်ငန်းတွေ နည်းလာတာလည်းပါပါတယ်။ ဒါကြောင့် ကြိုးဆွဲပညာရပ်ကို အများကြီးဖော်ထုတ်ဖို့ လိုအပ်ပါတယ်။

**မောင်နိုင်ဝင်းကိုကို**
**ဝါသနာရှင်(ဒုတိယတန်း)**
**အဆို(မဟာဂီတ)ပြိုင်ပွဲဝင်**

မဟာဂီတပြိုင်ပွဲမှာ စိန်ကြောင်နီလာ(ပတ်ပျိုး)သီချင်းနဲ့ ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့တာပါ။ ပြဋ္ဌာန်းသီချင်း ငါးပုဒ်ရှိပါတယ်။ အဲဒီသီချင်းတွေထဲက မဲနှိုက်ပြီး ကျတဲ့သီချင်းကို ဝင်ရောက်ယှဉ်ပြိုင်ရတာ ဖြစ်ပါတယ်။ ပြဋ္ဌာန်းသီချင်းငါးပုဒ်ကတော့ ဆဒ္ဒန်အိုင်သာ(သီချင်းခံ)၊ ကောင်းချီးသခေါ်(မွန်)၊ စိန်ကြောင်နီလာ(ပတ်ပျိုး)၊ ဖြူပြာမှုယာ(ပတ်ပျိုး)၊ တောတောင်စွယ်(ယိုးဒယား)စတဲ့သီချင်းတွေကို လေ့ကျင့်ခဲ့ရပါတယ်။ အဲဒီလို ပြဋ္ဌာန်းသီချင်းတွေ ထွက်လာတဲ့အချိန်မှာ ဆရာတွေက လိုအပ်တာတွေ သင်ကြားပြသပေးပါတယ်။ အခုလို ဗဟိုအဆင့်တက်လှမ်းနိုင်ဖို့အတွက် မြို့နယ်အဆင့်၊ ခရိုင်အဆင့်တွေကိုလည်း အဆင့်ဆင့် ယှဉ်ပြိုင်ခဲ့ပြီးမှ တက်လှမ်းခဲ့ရပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေ စတင်ကျင်းပတဲ့ (၂၃)ကြိမ်မြောက်မှာ အမျိုးဂုဏ် ဇာတိဂုဏ်နဲ့ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ငွေတံဆိပ်ရရှိခဲ့ပါတယ်။ (၂၄)ကြိမ်မြောက်မှာတော့ ကြေးတံဆိပ်ဆုရရှိခဲ့ပါတယ်။ အခုလို အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေ ကျင်းပပေးခြင်းအားဖြင့် မျိုးဆက်သစ်လူငယ်တွေလည်း ထပ်ပြီးပေါ်ပေါက်လာနိုင်မယ်လို့ မျှော်လင့်သလို ယုံလည်းယုံကြည်တယ်။ မြန်မာ့ယဉ်ကျေးမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်သင့်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း မြန်မာ့ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းဖို့အတွက် အခုလိုမျိုးပြိုင်ပွဲကြီးတွေ ကျင်းပပေးသင့်တယ်လို့လည်းထင်ပါတယ်။ မြန်မာ့အနုပညာကို မြတ်နိုးတန်ဖိုးထားသူတစ်ယောက်လည်း ဖြစ်တာကြောင့် မြန်မာသံ၊ မြန်မာ့ဂီတနဲ့ မြန်မာ့အနုပညာကို ဆက်လက်ထိန်းသိမ်းသွားဖို့လည်း ရည်ရွယ်ထားပါတယ်။ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ဖြစ်မြောက်အောင် အဓိကကူညီပံ့ပိုးပေးတဲ့ တာဝန်ရှိသူတွေ၊ သင်ကြားပြသပေးတဲ့ ဆရာ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ပြိုင်ပွဲမှာ အားတက်သရောလာရောက်ယှဉ်ပြိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**ဦးဝင်းထွဋ်အောင်**
**ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ပြိုင်ပွဲအုပ်ချုပ်သူ**
**အခြေခံပညာ(အသက် ၁၀-၁၅ နှစ်)**
**ရောဝတီတိုင်းဒေသကြီး**

ကျွန်တော်တို့တိုင်းဒေသကြီးမှာ ခရိုင်အလိုက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအတွက် ဖွဲ့စည်းထားတဲ့အဖွဲ့တွေရှိပါတယ်။ ကျွန်တော်ကတော့ ပုသိမ်ခရိုင်အတွက် တာဝန်ယူထားတာပါ။ ဒီပြိုင်ပွဲဝင်တွေအတွက် အစစအရာရာ အနီးကပ်စောင့်ရှောက်ရပါတယ်။ တိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်၊ အုပ်ချုပ်သူ၊ နည်းပြ၊ ပံ့ပိုး၊ အုပ်ထိန်းသူအားလုံး စုစုပေါင်း ၄၅၀ ဝန်းကျင်ရှိပါတယ်။ အခုအခြေခံပညာ(အသက် ၁၀-၁၅ နှစ်)ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ကလေးတွေက မျိုးရိုးလိုက်ပြီး ဝါသနာထုံတယ်လို့ ပြောလို့ရတယ်။ ဆိုင်းအဖွဲ့လိုက်မှာဆိုရင် တိုင်းဒေသကြီးမှာ ပထမ၊ ဒုတိယအဆင့်တွေရရှိခဲ့တဲ့ ကလေးတွေကို စုပြီးလေ့ကျင့်ပျိုးထောင်ခဲ့တာပါ။ အခက်အခဲတော့ အများကြီးရှိခဲ့ပါတယ်။ ကလေးတွေကို နံနက်၊ နေ့လယ်၊ ညဆိုပြီး အချိန်သုံးပိုင်းခွဲကာ လေ့ကျင့်ပေးခဲ့ရပါတယ်။ မနှစ်ကဆိုရင် အခြေခံပညာ(အသက် ၁၅-၂၀ နှစ်) ဆိုင်းအဖွဲ့လိုက်မှာ ရွှေတံဆိပ်ဆုမှန်းခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် လွဲခဲ့ရပါတယ်။

**မထက်ထက်သီရိဝေ**
**အရေးပြိုင်ပွဲဝင်**
**အခြေခံပညာ(အသက် ၁၅-၂၀ နှစ်)**
**ကချင်ပြည်နယ်ကိုယ်စားပြု**

အခုလို ဗဟိုအဆင့်ရောက်အောင် မြို့နယ်၊ ခရိုင်အဆင့်တွေမှာ ကြိုးစားအားထုတ်ပြီး ယှဉ်ပြိုင်ခဲ့ပါတယ်။ ပြိုင်ပွဲဝင်ဖို့အတွက်လည်း အများကြီးလေ့ကျင့်ပြင်ဆင်ခဲ့ရပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေ ကျင်းပတာ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်အထိ ရောက်ရှိခဲ့ပြီဆိုပေမယ့် အခုတစ်ကြိမ်က ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့တာပါ။ အခက်အခဲတွေရှိခဲ့ပေမယ့် အကောင်းဆုံးကြိုးစားခဲ့တဲ့အတွက်ကြောင့် အကောင်းဆုံးရလဒ်ထွက်ပေါ်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ အခုကတော့ အရေးပြိုင်ပွဲတစ်ခုတည်းပဲ ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အရေးပညာနဲ့ပတ်သက်ပြီး ဆရာဦးနေမျိုးအောင်က သင်ကြားပြသပေးခဲ့ပါတယ်။ အရေးကတော့ ငယ်ငယ်ကတည်းက ကဗျာ၊ ဝတ္ထုရေးနေကျဖြစ်ပါတယ်။ အနုပညာပိုင်းမှာ ဖေဖေကလည်း ဝါသနာပါတယ်။ သမီးကလည်း ဝါသနာပါတယ်။ ပြီးတော့ ကဗျာတွေ၊ စာစီစာကုံးတွေ၊ ဝတ္ထုတွေ ကျောင်းမှာဝင်ပြိုင်နေကျဖြစ်လို့ သီချင်းရေးပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့တာ ဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာ ဘယ်ဆုရရမယ်ဆိုပြီး မျှော်လင့်ထားတာတော့ မရှိပါဘူး။ ပြိုင်ပွဲဝင်ဖို့အတွက် အကောင်းဆုံးကြိုးစားခဲ့တဲ့အတွက် ထိုက်တန်တဲ့ရလဒ်တစ်ခုရရှိဖို့တော့ မျှော်လင့်ထားပါတယ်။ တာဝန်ရှိသူတွေအနေနဲ့ အနုပညာကို ခေတ်အဆက်ဆက် ဆက်လက်ထိန်းသိမ်းပေးလာတယ်။ လူငယ်တွေအပေါ်မှာ မြန်မာ့ဂီတ လွှမ်းမိုးနိုင်အောင်လို့ အများကြီးပံ့ပိုးပေးပြီး နှစ်စဉ်ကျင်းပပေးနေတဲ့အတွက် အလွန့်အလွန် ကျေးဇူးတင်မိပါတယ်။ နောက်နှစ်ကျရင်တော့ မယ်ဒလင်ကိုပါ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ရည်ရွယ်ထားပါတယ်။

**မောင်အောင်မျိုးဟိန်း**
**အတီး(ပလွေ)ပြိုင်ပွဲဝင်**
**အဆင့်မြင့်ပညာ(အမျိုးသား)**
**ကယားပြည်နယ်ကိုယ်စားပြု**

ပလွေပြိုင်ပွဲမှာ အားရကျေနပ်မှုရှိခဲ့တဲ့အတွက် ရွှေတံဆိပ်ရဖို့အတွက်အထိ မျှော်မှန်းထားပါတယ်။ ပလွေပြိုင်ပွဲမှာ သီချင်းသုံးပုဒ် လေ့ကျင့်ခဲ့ရပါတယ်။ အဲဒီသီချင်းတွေကတော့ ကျွန်းကျွန်းပိုင်သ(ကြိုး)၊ ဂန္ဓမာရိပ်သာ(ပတ်ပျိုး)နဲ့ ဂန္ဓမာတောင်(ဘွဲ့)တို့ဖြစ်ပြီး ကျွန်းကျွန်းပိုင်သနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ရတာဖြစ်ပါတယ်။ ပန်တျာကျောင်းမှာ ဒီပညာတွေကို လေ့လာသင်ယူခဲ့တာဖြစ်ပါတယ်။ ပလွေပညာနဲ့ နှဲပညာကို ပိုပြီးနှစ်သက်တယ်။ နှဲမှုတ်တဲ့နေရာမှာ သက်လုံကောင်းဖို့ကလည်း အရေးကြီးတယ်။ သက်လုံကောင်းဖို့အတွက် ကျွန်တော့်ဆရာက မနက်ပိုင်းကို တစ်နာရီခွဲ၊ နေ့လယ်ပိုင်းဆိုရင်လည်း တစ်နာရီ၊ တစ်နာရီခွဲ လေ့ကျင့်ခိုင်းပါတယ်။ အခုလို အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေကို မနှစ်ကလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ (၂၄)ကြိမ်မြောက် ဒိုးပတ်ပြိုင်ပွဲမှာ တတိယဆုရရှိခဲ့ပါတယ်။ အခုပြိုင်ပွဲကတော့ ငွေရတုအထိမ်းအမှတ်လည်း ဖြစ်တာကြောင့် အကောင်းဆုံးကြိုးစားထားပါတယ်။ ဒီလိုမျိုးပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက်လည်း နိုင်ငံတော်အကြီးအကဲတွေကို ကျေးဇူးတင်ပါတယ်။

**ရောဝတီသန့်ဇော်**
**ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အမျိုးသားပြိုင်ပွဲဝင်**
**ဝါသနာရှင်(ပထမတန်း)**
**ရောဝတီတိုင်းဒေသကြီးကိုယ်စားပြု**

ကျွန်တော်တို့အဖွဲ့မှာ အဖွဲ့ဝင်ရှစ်ယောက်ပါပါတယ်။ ဒီနှစ်ရွှေတံဆိပ်ဆုရရှိဖို့အတွက် ကျွန်တော့်အဖွဲ့ အကောင်းဆုံးပြင်ဆင်ထားပါတယ်။ ဒီပြိုင်ပွဲကြီးမှာ ဗဟိုအဆင့် တက်လှမ်းလာသူတွေဖြစ်တာကြောင့် အားလုံးကတော့ ကောင်းကြပါတယ်။ (၂၂)ကြိမ်မြောက်မှာ ငွေတံဆိပ်ရရှိခဲ့ပါတယ်။ အခုတစ်ကြိမ်မှာ ပြန်လည်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ အခုလိုပြိုင်ပွဲတွေအပြင် ရောဝတီတိုင်းမှာလည်း တီးပါတယ်။ ဒီနေ့ဆိုင်းတစ်ဦးချင်းပြိုင်ပွဲမှာ ရောဝတီတိုင်းကိုယ်စားပြုအနေနဲ့ ဦးစက်ကလေးက ပါဝင်ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ကြိုးစားအားထုတ်မှုကတော့ ဒီပြိုင်ပွဲမစမီ တစ်လတိတိ လေ့ကျင့်ထားပါတယ်။ ဆိုင်းပညာကို အသက်ရှစ်နှစ်သားကတည်းက လေ့လာသင်ယူခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံကျော်ဆိုင်းဆရာကြီးစိန်စတင်း၊ မွန်ပြည်နယ်ကိုကိုနိုင်၊ မန္တလေးစိန်မျိုးသန့်တို့က ကျွန်တော့်ဆရာတွေဖြစ်ပါတယ်။ ဆိုင်းပညာကို လက်ဆင့်ကမ်းအနေနဲ့ မွေးထုတ်ပေးခဲ့တာ (၂၂)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆင့်မြင့်ပညာမှာ တပည့်ဖြစ်သူ ရွှေတံဆိပ်ဆုရရှိခဲ့ပါတယ်။ ဆိုင်းပညာက ပြောရရင်ခက်ခဲပါတယ်။ ပတ်စာကပ်တာကအစ တီးတာ၊ မှုတ်တာအဆုံး အကုန်လုံးကို လေ့လာရပါတယ်။ ပတ်စာကပ်တာ အသံယွင်းသွားရင် ယွင်းတဲ့အလျောက် အမှတ်လျှော့ခံရတာ ဖြစ်ပါတယ်။ ယှဉ်ပြိုင်ရတဲ့အချိန်ကတော့ နာရီဝက်ဖြစ်ပါတယ်။ နာရီဝက်အတွင်း လစ်ဟာမှုမရှိအောင် ကျွန်တော့်ဆိုင်းအဖွဲ့ကို ကြိုးစားထားပါတယ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ပဉ္စမနေ့မြင်ကွင်း



ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ဦးဝင်းဗိုလ် ယှဉ်ပြိုင်စဉ်။



အမျိုးသား ပတ္တလား အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်မှုကို ပရိသတ်များ ကြည့်ရှုအားပေးစဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသမီး တယော ပြိုင်ပွဲတွင် ကယားပြည်နယ်မှ မဇင်မင်းမင်းအေး ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ပတ္တလားအတီး ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မနန်းဖူးပွင့်ကိုကို ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အရေးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မောင်စိုးလင်းထင် ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်စဉ်။



ဇာတ်တော်ကြီး အဖွဲ့လိုက် ပြိုင်ပွဲတွင် “မဟာဇနက” ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင် အဖွဲ့ တင်ဆက်ကပြ ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ဂီတာအတီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ဦးအောင်နိုင်စိုး ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာအဆင့် အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မအေးသက်ထားဇော် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီး အကပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ယွန်းသံစဉ် ယှဉ်ပြိုင်စဉ်။






ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် “ဝေဿန္တရာ”ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ရွှေဗေယျာရုပ်စုံသဘင်အဖွဲ့ တင်ဆက်ကပြ ယှဉ်ပြိုင်မှုကို ပရိသတ်များ ကြည့်ရှုအားပေးစဉ်။



ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ဦးထွန်းထွန်းအောင် ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အရေးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မောင်အောင်ပြည့်ဖြိုး ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား တယောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ထူးပြည့်စုံလွင် ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မကြည်ကြည်သာ ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ဂီတာအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးအေးသွင် ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား အကပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်သူဆက်အောင် ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မယွန်းဝတီအောင် ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့်အမျိုးသမီးတယောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မနော်မေသဇင်ထူး ယှဉ်ပြိုင်စဉ်။

# တပ်ကုန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများ အိုးအိမ်ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၈**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဝင်များသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည့် ရေဘေးသင့်အိမ်ထောင်စုများသို့ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်သည်။

**ထောက်ပံ့ပေးအပ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရမှုများအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ကူညီထောက်ပံ့ဆောင်ရွက်ပေးနေမှုအခြေအနေနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ရာဂီမုန်တိုင်း ဆက်စပ်ရေဘေးကြောင့် လုံးဝမျောပါ/ ပျက်စီးခဲ့ကြသည့် နေအိမ်များအတွက် တစ်အိမ်လျှင် ငွေကျပ် ၂၃ သိန်း ၅ သောင်းနှုန်းဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် သိန်း ၁၃၁၆၀ နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်များအတွက် တစ်အိမ်လျှင် ငွေကျပ် ၁၇ သိန်း ၅ သောင်းနှုန်းဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၆၃၃၅ သိန်းကို လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက စည်သွတ်ဘူးနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း ထောက်ပံ့ပေးအပ်ကြပြီး ရေဘေးသင့်မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာ၌ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော အခြေခံ



ပညာအထက်တန်းကျောင်း(ခွဲ) စာသင်ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုကို လည်းကောင်း၊ ရှောက်ကုန်းကျေးရွာအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် နေအိမ်များအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေဖြင့် နေအိမ်များပြန်လည်ဆောက်လုပ်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၈**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက် ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စက်စဲကမ်းခြေ၌ အပန်းဖြေရေကစားသူများဖြင့်စည်ကား

**သံဖြူဇရပ် အောက်တိုဘာ ၁၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိစက်စဲကမ်းခြေ၌ ယနေ့နံနက်ပိုင်းမှစတင်၍ အပန်းဖြေရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါစက်စဲကမ်းခြေတွင် သီတင်းကျွတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များဖြစ်သည့် ယနေ့တွင် အနယ်နယ်အရပ်ရပ်မှ အပန်းဖြေလာရောက်ရေကစားသူများနှင့် ကျိုက္ခမီဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးအား လာရောက်ဖူးမြော်ပြီးအပြန် စက်စဲကမ်းခြေသို့ဝင်ရောက်အပန်းဖြေ ရေကစားသူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

ရေကစားသူများစိတ်အေးချမ်းမြေ့စွာ အပန်းဖြေရေကစားနိုင်ရေး လုံခြုံရေးများထားရှိပြီး ကမ်းခြေသန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်အတွင်းရှိ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး သီတင်းကျွတ်လပြည့်နေ့မှစ၍ ကမ်းခြေ တစ်လျှောက် အပန်းဖြေရေကစားသူများဖြင့် အထူး စည်ကားလျက်ရှိကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လယ်ဝေးမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား WFP နှင့် UNICEF တို့က စားနပ်ရိက္ခာများ သွားရောက်လှူဒါန်း



**လယ်ဝေး အောက်တိုဘာ ၁၈**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိရေဘေးသင့်ကျေးရွာအုပ်စု ခြောက်အုပ်စုမှ ကျေးရွာပေါင်း ၁၅ ရွာရှိ ပြည်သူများအား WFP (ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်)နှင့်UNICEF (ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာကလေးများရန်ပုံငွေအဖွဲ့) တို့က ရိက္ခာများ သွားရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ရေဘေးသင့်အိမ်ထောင်စု ၁၆၇ စု သို့ ပေးအပ်**

အဆိုပါ WFP မှ ထောက်ပံ့သောလူတစ်ဦးလျှင် ဆန် ခုနစ်ပြည်လေးဘူး၊ အာဟာရဖြည့် ဘီစကွတ်၁၅ ထုပ်၊ ကိုယ်ဝန်ဆောင် (သို့မဟုတ်) နို့တိုက်မိခင်တစ်ဦးလျှင် ဖြည့်စွက်အာဟာရမှုန့် ၁ ဒသမ ၅ ကီလိုဂရမ်ပါ နှစ်ထုပ်၊ ခြောက်လမှ ကိုးလ အရွယ်ကလေးငယ်တစ်ဦးလျှင် ဖြည့်စွက်အာဟာရမှုန့် (နို့ပါဝင်သော) ၁ ဒသမ ၅ ကီလိုဂရမ်ပါ နှစ်ထုပ်နှင့် UNICEF က ထောက်ပံ့သော လူတစ်ဦးလျှင် ဆပ်ပြာတစ်ခဲစီတို့ကို WFP က တာဝန်ရှိသူများက ယမန်နေ့တွင် လယ်ဝေးမြို့နယ် အင်ပင်ကျေးရွာအုပ်စု ရေနီလေးကျေးရွာရှိ ရေဘေးသင့်အိမ်ထောင်စု ၁၆၇ စုသို့ ပေးအပ်ခဲ့သည်။

ကျန်ရှိသည့် ကျေးရွာများဖြစ်သည့် ဘို့ကိုးလုံး၊ ညောင်ပင်အိုင်၊ ရွှေတိုက်တန်း၊ နန္တင်းအိုင်၊ သာယာအေး၊ သစ်ကိုးပင်၊ သစ်ဆင်း(ဟေမာန်)၊ လေးကသိန်း၊ ပေါင်းလောင်း၊ အောင်သုခ၊ အေးချမ်းသာ၊ လက်ပန်တန်း၊ အုတ်ဖိုဇောင်းနှင့် ညောင်ပင်သာကျေးရွာတို့သို့ ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

### မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ပြောင်းလိုက်စမ်း မင်းဦးနှောက် ဘယ် ညာ ဘယ်

••••••• သဲဟန်(ဘန်ကောက်) •••••••

ဘယ် ညာ ၊ ဘယ် ညာ ၊ ဘယ် ညာ၊ ဘယ် . . . ကောက်ရိုးခြေထောက် မြက်ခြေထောက်။

သင်ဟာ ဘယ်သန်လား၊ ညာသန်လား၊ သင့်ကိုယ်သင် သိပါရဲ့လား။ သင့်ရဲ့ စိတ်ပိုင်းဆိုင်ရာ သဘောထားကို လေ့လာကြည့်ရင် သင်ဟာ ဘယ်သန်လား၊ ညာသန်လားဆိုတာ တန်းသိနိုင်လောက်တဲ့နည်းတွေ ဖတ်ရှုလေ့လာခဲ့ဖူးပါတယ်။

တစ်ဦးချင်း၊ တစ်ယောက်ချင်းစီရဲ့ စိတ်ပိုင်းဆိုင်ရာ သဘောထားကနေ အများဆီသို့၊ အများစုဝေးနေတဲ့ အသင်းအဖွဲ့၊ အစုအဖွဲ့တွေမှာ ဘယ်သန်နဲ့ ညာသန် ထင်ထင်ရှားရှားကြီး ကွဲပြားနေတာ သိသာလွန်းပါတယ်။ အထူးသဖြင့် လူမှုကွန်ရက်ပေါ်က ဘယ်သန် ညာသန်၊ ဘယ် ညာ၊ ဘယ် ညာများဆီသို့ တစ်ချက်လောက် ငဲ့ကြည့်ကြရအောင်ပါ။

## မီဒီညာများ ညာသန်နေကြသလား

Media Ethic ခေါ်တဲ့ သတင်းစာ၊ စာနယ်ဇင်းများကျင့်ဝတ်မှာ အင်တာနက်လိုင်းပေါ်က လူမှုကွန်ရက်သတင်းအားလုံး၊ ဆိုရှယ်မီဒီယာတွေအားလုံး အကျုံးဝင်ပါတယ်။ ဘယ်မှာပဲ ဖော်ပြ ဖော်ပြ Who, What, Where, When, Why, How ဆိုတဲ့ အချက်အလက်အခိုင်အမာ ဖော်ပြရပါတယ်။ ဘယ်နေ့၊ ဘယ်အချိန်မှာ ဘယ်သူ၊ ဘာဖြစ်လဲ၊ ဘာကြောင့်ဖြစ်လဲ၊ ဘယ်လိုဖြစ်တာလဲ၊ ဒီသတင်းကို ဘယ်သူ့ဆီက ဘယ်သတင်းအရင်းအမြစ်က ရသလဲဆိုတဲ့ Evidence အခိုင်အမာ၊ အထောက်အထား အခိုင်အမာ ဖော်ပြရပါတယ်။

TABOO လို့ခေါ်တဲ့ မဖွယ်မရာ၊ မမြင်စကောင်း၊ မပြောစကောင်း၊ အနိဋ္ဌာရုံပုံတွေ ဘယ်သတင်းမီဒီယာမှာမှ ဖော်ပြခွင့်မရှိပါဘူး။ လူမှုကွန်ရက်၊ ဆိုရှယ်မီဒီယာတွေအားလုံး အကျုံးဝင်ပါတယ်။ ဒီဆောင်းပါးမှာ "TABOO" "တဘူး"လို့ပဲ တိုတိုသုံးခွင့်ပြုပါ။ လွန်ခဲ့တဲ့ နှစ်မကြာသေးခင်လောက်က အမျိုးသမီးငယ်တစ်ဦးကို ဘာသာခြားအမျိုးသားလူငယ်တစ်စုက အုပ်စုဖွဲ့ မတရားကျင့်တဲ့ Gang Raping အမှုတစ်ခုကို ဂီတသတင်းထောက်တစ်ယောက်က လူဆွဲဆောင်မှုရှိအောင် ရည်ရွယ်ပုံပေါ်ပါတယ်။ TABOO ပုံကို ထည့်လိုက်ရာမှာ မလိုအပ်ဘဲ ဘာသာရေးအဓိကရုဏ်းတစ်ခု ဖြစ်လာစေခဲ့ပါတယ်။ ဒီပုံဟာ ဘာသာရေး လှုံ့ဆော်မှုအသွင်ထိ ကြီးကြီးမားမား ဖြစ်ပွားစေခဲ့ပါတယ်။

သတင်းသမားတွေဟာ Inter Faith Religious Diplomacy ကို ကျင့်သုံးတတ်ရပါမယ်။ နားလည်ရပါမယ်။ ဒါဟာ ကျင့်ဝတ်တစ်ခု ဖြစ်ပါတယ်။

မည်သည့်ဘာသာကိုပဲ ကိုးကွယ် ကိုးကွယ်၊ ရာဇဝတ်မှုကို အပြစ်အတိုင်း၊ဥပဒေအတိုင်း အရေးယူရပါတယ်။ သူဌေးရဲ့သားမို့၊ လူကြီးရဲ့သားမို့ဆိုပြီး ဥပဒေက လွတ်ပေးတဲ့ကိစ္စမျိုး လုံးဝမရှိစေရပါဘူး။ သတင်းမီဒီယာတွေက ဘာသာရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း မိမိလိုရာဆွဲပြီး လှုံ့ဆော်မှုများ လုံးဝမလုပ်ရပါဘူး။ ဘာသာတရားမတူညီမှုကို လေးစားမှုရှိရပါမယ်။

ဒီကနေ့ လူမှုကွန်ရက်တွေမှာ ကိုယ့်ကိုယ်ကိုယ် ထဲထဲဝင်ဝင် မလေ့လာထား၊ မသိရှိထားဘဲ အခြားဘာသာတွေကို ပုတ်ခတ်စော်ကားနေကြတာဟာ မလုပ်ကောင်းပါ။

## စာနယ်ဇင်းကျင့်ဝတ်

ဒီကနေ့ လူမှုကွန်ရက်ပေါ်က ဆိုရှယ်မီဒီယာတွေကို စာနယ်ဇင်းကျင့်ဝတ်အခြေခံမှုဆိုတဲ့ ပေတံနဲ့ တိုင်းကြည့်မယ်ဆိုရင်တော့ အတော်လေးကို အိုးနင်းခွက်နင်းဖြစ်နေတာ တွေ့ရပါလိမ့်မယ်။

စာနယ်ဇင်းကျင့်ဝတ်ဆိုတာ မှန်ကန်မှု၊ တိကျမှု၊

**❖ လူမှုကွန်ရက်မီဒီယာကျင့်ဝတ်တွေဟာလည်း ထိုနည်းလည်းကောင်းပါပဲ။ မိမိဖော်ပြတဲ့ သတင်းအချက်အလက် မှန်ကန်မှု၊ ဓာတ်ပုံ၊ ဗီဒီယိုနဲ့ပတ်သက်ပြီး စာနယ်ဇင်းကျင့်ဝတ်နဲ့ညီကြောင်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိရ**

**❖ လူမှုကွန်ရက်မီဒီယာမှာ အဓိကအရေးကြီးတာက စစ်မှန်မှု၊ ပွင့်လင်းမြင်သာမှု၊ ဆက်သွယ်မှုဖြစ်ပါတယ်။ အစစ်အမှန်ဖြစ်ရပါမယ်။ အတုအပမဖြစ်စေရပါ။ နာမည်အတု၊ ပုံအတုတွေမသုံးရပါ။ အခြားသူနာမည်၊ အခြားသူဓာတ်ပုံတွေ ခိုးယူမသုံးရပါ။ ပုံအဟောင်းတွေ Screenshot ရိုက် ပုံမှားမရိုက်ရပါ။ ပွင့်လင်းမြင်သာမှုရှိရပါမယ်။ မှန်ရပါမယ်။ ပုန်းလျှိုးကွယ်လျှိုး မရိုးမသားမလုပ်ရပါ။ နိုင်ငံတော်ထိပ်တန်းလျှို့ဝှက်ချက်တွေ၊ လုံခြုံရေးကိစ္စတွေ မပေါက်ကြားရပါ**

အချက်အလက်မှန်ကို အခြေခံတဲ့ ဆက်သွယ်မှု၊ နောက်ကွယ်မှ နှောင်ကြိုးချည်နှောင်ခိုင်းစေမှု လုံးဝကင်းမဲ့သော လွတ်လပ်သော ရပ်တည်မှု၊ ရည်ရွယ်ချက်မှန်ကန်မှု၊ ဘက်မလိုက်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ လူတစ်ဦးချင်း ပုဂ္ဂလအပေါ်မှာသော်လည်းကောင်း၊ အခြားသော လူ၊ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဘာသာ၊ နိုင်ငံ၊ အချုပ်အခြာကို စော်ကားပုတ်ခတ်ခြင်းမပြုသော လေးစားမှု ရှိရပါမယ်။

လူမှုကွန်ရက်မီဒီယာ ကျင့်ဝတ်တွေဟာလည်း ထိုနည်းလည်းကောင်းပါပဲ။ မိမိဖော်ပြတဲ့ သတင်းအချက်အလက် မှန်ကန်မှု၊ ဓာတ်ပုံ၊ ဗီဒီယိုနဲ့ ပတ်သက်ပြီး စာနယ်ဇင်းကျင့်ဝတ်နဲ့ညီကြောင်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိရပါမယ်။ ကိုယ်ကျင့်သိက္ခာ၊ စည်းမျဉ်းလေးစားလိုက်နာမှု ရှိရပါမယ်။ ကောလာဟလတွေ၊ အမုန်းတရားတွေ မဖြန့်ရပါ။ မိမိစိတ်ခံစားမှု ပုဂ္ဂိုလ်စွဲ မိမိထင်မြင်ချက်တွေဟာ သတင်းမဟုတ်ပါ။

လူမှုကွန်ရက်မီဒီယာမှာ အဓိကအရေးကြီးတာက စစ်မှန်မှု၊ ပွင့်လင်းမြင်သာမှု၊ ဆက်သွယ်မှု ဖြစ်ပါတယ်။ အစစ်အမှန်ဖြစ်ရပါမယ်။ အတုအပ မဖြစ်စေရပါ။ နာမည်အတု၊ ပုံအတုတွေ မသုံးရပါ။ အခြားသူနာမည်၊ အခြားသူဓာတ်ပုံတွေ ခိုးယူမသုံးရပါ။ ပုံအဟောင်းတွေ Screenshot ရိုက် ပုံမှားမရိုက်ရပါ။ ပွင့်လင်းမြင်သာမှု ရှိရပါမယ်။ မှန်ရပါမယ်။ ပုန်းလျှိုးကွယ်လျှိုး မရိုးမသား မလုပ်ရပါ။ နိုင်ငံတော် ထိပ်တန်းလျှို့ဝှက်ချက်တွေ၊ လုံခြုံရေးကိစ္စတွေ မပေါက်ကြားရပါ။

နိုင်ငံတော်အဆင့် အတွင်းရေးသတင်းတွေကို ပြင်ပမီဒီယာသို့ရောင်းစားခြင်းဟာ ရာဇဝတ်မှုဖြစ်ပါတယ်။ ဒါမီဒီယာလွတ်လပ်ခွင့် လုံးဝမဟုတ်ပါ။ ပြင်းထန်စွာ အရေးယူသင့်တဲ့ ဥပဒေချိုးဖောက်မှုပါ။ ဆက်သွယ်ရေးမှာ လူတစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့အုပ်စု၊ ကွန်ရက်ချင်းဆက်သွယ်မှုမှာသော်လည်းကောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်း၊ ဆက်သွယ်ရေး အက်ဥပဒေနဲ့အညီသာ ရေးသားဖော်ပြခွင့်ရှိပါတယ်။ တရားဝင် ဖြစ်ရပါမယ်။ လူတစ်ဦးချင်းစီ၊ တစ်နိုင်ငံချင်းစီ စကြဝဠာတစ်ခုလုံးနဲ့ဆိုင်တဲ့ ကျင့်ဝတ်တွေ လုံးဝမချိုးဖောက်ရပါ။

လေထဲက ဝါဒဖြန့်တိုက်ပွဲ၊ အမုန်းစွဲတွေဖြန့်တဲ့ တိုက်ပွဲ၊ ကိုယ်ကျင့်သိက္ခာကျင့်ဝတ်မဲ့ မီဒီညာတွေဟာ စာနယ်ဇင်းကျင့်ဝတ်၊ လူမှုစည်းကမ်းကို လုံးဝချိုးဖောက်တဲ့အတွက် သတင်းမှားဝါဒဖြန့်မှုတွေဟာ လူထုကို Mental Torture (စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှု) သက်သက်သာ ဖြစ်ပါတယ်။ ဆင်ဆာဘုတ် မရှိတော့တဲ့အတွက် ဆဲသံတွေဝေနေတဲ့ လူမှုကွန်ရက်မီဒီယာတွေဟာ လူသားတွေကို ဆိုးကျိုးသာ ဖြစ်စေပါတယ်။ လောကကောင်းကျိုးမပြုတဲ့ မီဒီညာသက်သက်မျှသာ ဖြစ်ပါတယ်။

## စိတ်ညစ်စရာတွေချည်းပါပဲလား

မြင်မြင်သမျှ စိတ်ပျက်စရာ၊ ကြားကြားသမျှ စိတ်ဆင်းရဲစရာအားလုံး အနိဋ္ဌာရုံတွေချည်းပါပဲလား။ သတင်းဌာနတွေ ငါးခု၊ ခြောက်ခုလောက်က လွှင့်သမျှ ဆင်တူချည်းပဲ။ ထပ်တလဲလဲ ဒါတွေပဲ၊ Who, What, Where, When, Why, How မပါ။ အချက်အလက်အတိအကျ မဖော်ပြနိုင်ဘဲ အတည်မပြုနိုင်သေးသော သတင်းအရဆိုပြီး မခိုင်မာ၊ မသေချာ၊ ဒီသတင်းကို ဝါဒဖြန့်၊ ဘယ်သူက၊ ဘယ် Network ကွန်ချာက ဘယ်အချိန်ရယူပါတယ်လို့ မပါရှိဘဲ ထပ်တလဲလဲ ကြားနေရတာ။ ဟုတ်နိုးဟုတ်နိုး စိတ်ဆင်းရဲလိုက်တာ။ ကြားသမျှ ယုံနေကြတဲ့ သတင်းစားသုံးသူတွေ အလိမ်မိနေကြတာ မသိရှာ။

ကမ္ဘာကြီးဟာ ဒုက္ခသည်စခန်းကြီး ဖြစ်နေပါပကောလား။ စိတ်ဆင်းရဲရပါတယ်။ ဗီဒီယိုတွေကြည့်လိုက်လည်း မကြည့်ရဲ၊ မကြည့်ရက်စရာတွေချည်းပဲ။ နယ်မြေလုချင်တာနဲ့ ရာထူးလုချင်တာနဲ့ လောဘ၊ ဒေါသ၊ မောဟ အခြေခံတဲ့ အတ္တတွေကြီးမားလွန်းလာတော့ ခမ္မပျောက်၊ အခမ္မတွေလွှမ်းပြီး မြင်းခေါင်းမှာ ချို (ဂျို) အတုတပ်ထားသလို မူမမှန် ပုံမှန်မဟုတ်ဘဲ သူတစ်ပါးကို မိမိနဲ့မတူသူ ငါနဲ့မတူ ငါ့ရန်သူဆိုပြီး ပုတ်ခတ်နေကြတယ်။ သတင်းစားသုံးသူတွေက ဘာကိုယုံရတော့မှာလဲ။ သတင်းအမှောင်ချလွှန်းတာလည်း တစ်ဖက်စွန်းပါပဲ။

ဆရာတော်ကြီး အရှင်သေဋ္ဌိလက မိန့်ဖူးပါတယ်။ **“ကိုယ့်ဘာသာ ကိုယ့်ဝါဒ၊ ကျယ်ပြန့်ထွန်းကားချင်ရင် သူများဘာသာ၊ သူများဝါဒကို မပုတ်ခတ်ရဘူး”** တဲ့။ ဘယ်နိုင်ငံ၊ ဘယ်ဒေသ၊ ဘယ်လူမျိုးမှာမဆို သူတို့ရဲ့ မိရိုးဖလာ အယူဝါဒ၊ ဓလေ့ထုံးစံဆိုတာရှိတယ်။ ဒါတွေကို အလကားမိစ္ဆာဝါဒတွေပါဆိုတဲ့ ပုံစံမျိုးနဲ့ မပုတ်ခတ်ဖို့၊ မစော်ကားဖို့ သိပ်အရေးကြီးပါတယ်။ ဒါဟာ Inter Faith Religious Diplomacy ပါပဲ။ သူများဘာသာကို မစော်ကားရပါ။ မျက်ကန်းယုံကြည်မှု မျက်ကန်းမျိုးချစ်မဖြစ်ရပါ။

အင်တာနက်၊ မီဒီယာကွန်ချာကနေ လူတွေကို မကောင်းမြင်၊ အပျက်မြင်၊ စိတ်ဆင်းရဲစရာ၊ စိတ်ပူပင်စရာတွေချည်း၊ ဦးနှောက်ထဲ ဇွတ်အတင်းထိုးသွင်းပြီး စိတ်ပိုင်းဆိုင်ရာ အလဲထိုးမှုတွေကို သတင်းစားသုံးသူတွေ ခံနေကြရတာပါ။ လူတွေရဲ့ စိတ်သန္တာန်မှာ အဆိုးမြင်ဝါဒတွေနဲ့ပဲ ခြေချုပ်မိခံနေရတာ ထပ်တလဲလဲ ကြာလှပါပြီ။

ဒီနေရာမှာ အောက်စဖို့ဒ်ဆရာတော်ဟောကြားတဲ့ တရားတော်ထဲက စကားစုတစ်ခုကို ငှားရမ်းသုံးခွင့်ပြုဖို့ ဒီနေရာကနေ ခွင့်တောင်းလိုပါတယ် ဘုရား။

**“စိတ်ခံစားမှု ထောင်ချောက်”** တဲ့။

## သင့်ဦးနှောက်ကို အသစ်တစ်ဖန် ပြောင်းလဲနိုင်ပါသလား (Rewire Your Brain)

စိတ်ဆင်းရဲမှု၊ စိတ်ပူပန်သောကတွေဝေနေတဲ့ စိတ်ခံစားမှုထောင်ချောက်ထဲကနေ သင်ဘယ်လိုရုန်းထွက်မလဲ။ Neuroplasticity လို့ခေါ်တဲ့ ဦးနှောက်အာရုံခံဆဲလ်တွေ ရွေ့လျားပြောင်းလဲနိုင်စွမ်းကို လွန်ခဲ့တဲ့ ဆယ်ရာစု နှစ်ခုကျော်လောက်ကမှ New Brain Science ဆိုပြီး ဦးနှောက်ဆိုင်ရာ သိပ္ပံတွေ့ရှိချက်အသစ်ကို ဦးနှောက်ဆိုင်ရာ စိတ်ပညာရှင်များ တွင်တွင်ကျယ်ကျယ် သုံးလာကြတာ သတိပြုမိပါတယ်။

စိတ်ဆင်းရဲမှု၊ စိတ်ပူလောင်မှု၊ စိတ်မချမ်းသာမှုတွေဖြစ်နေတဲ့ Negative Emotion System နဲ့ စိတ်ချမ်းသာပျော်ရွှင်နေတဲ့ Positive Emotion စနစ်တွေဟာ Amygdala ( အမစ်ဂလာ) နဲ့ CORTEX ဆိုတဲ့ ဦးနှောက်ရဲ့ ဧရိယာအစိတ်အပိုင်းနှစ်ခုနဲ့ သက်ဆိုင်နေပါတယ်။ စိတ်ခံစားမှုနဲ့ ဦးနှောက်ရဲ့ အာရုံခံဆဲလ်တွေ ဆက်နွှယ်မှုဟာ အတော်စိတ်ဝင်စားစရာကောင်းပါတယ်။

စိတ်ဆင်းရဲမှု၊ စိတ်ပူလောင်မှု၊ စိတ်မချမ်းသာမှုတွေဖြစ်နေချိန်မှာ ဦးနှောက်ညာခြမ်းက တက်ကြွအလုပ်လုပ်နေပြီး စိတ်ပျော်ရွှင်နေတဲ့ အချိန်မှာတော့ ဦးနှောက်ဘယ်ခြမ်းက အလုပ်လုပ်နေပါတယ်။ စိတ်ညစ်တာ၊ မကောင်းတာဘဲ တွေ့ရရင်တော့ Negative Emotion System က အာရုံခံဆဲလ်တွေဟာ အကောင်းမမြင်နိုင်တော့ဘဲ ဘာမဆို ရန်လိုတဲ့စိတ်နဲ့သာ ကြည့်တတ်မြင်တတ်တာ ကြာလာတော့ သူ့ Mental Attitude ဟာ အပျက်မြင်ဝါဒီသမားဖြစ်လာအောင် တွန်းပို့နေတော့ သူ့ဦးနှောက်က ညာသန်ဖြစ်လာပါတော့တယ်။ ဒီအချိန်မှာ Amygdala (အမစ်ဂလာ) က ဓာတ်ပြုအရည်တွေထွက် အလုပ်လုပ်နေတာပါ။

စိတ်ချမ်းသာပျော်ရွှင်နေရင် အာရုံခံဆဲလ်တွေဟာ အကောင်းမြင်စိတ်နဲ့ပဲ ကြည့်တတ်လို့ သူ့ရဲ့ Mental Attitude ဟာ အကောင်းမြင်ဝါဒီသမားဖြစ်လာအောင် တွန်းပို့လေတော့ ဦးနှောက်ဘယ်သန်ဖြစ်လာပါတော့တယ်။ ဒါကြောင့် သင့်ရဲ့ စိတ်ပိုင်းဆိုင်ရာ သဘောထားကို လေ့လာကြည့်ရင် သင်ဟာ ဘယ်သန်လား၊ ညာသန်လား၊ စကားပြောကြည့်ရုံနဲ့ သိသာပါတယ်။

ဒါကြောင့် လူမှုကွန်ရက်တွေကပေးနေတဲ့ အနိဋ္ဌာရုံတွေ TABOO ပုံတွေဟာ Amygdala (အမစ်ဂလာ) ကို အစွမ်းကုန်လုပ်နေစေတာ ဖြစ်ပါတယ်။ ဝံပုလွေအမည်ကို အစာကျွေးနေတာပါ။ ညာခြမ်းသန်နေတာပါ။

အောက်စဖို့ဒ်ဆရာတော်ကြီးကတော့ မြတ်စွာဘုရားရဲ့ သတိပဋ္ဌာန်တရားကို Cognitive Psychology စိတ်ပညာရှုထောင့်ကနေ သုံးသပ်ပြသွားပါတယ်။

စိတ်ဆင်းရဲမှု၊ စိတ်ပူပန်မှုကို ပထမဆုံးစောင့်ကြည့်ခိုင်းပါတယ်။ ပြီးရင် လက်ခံရပါတယ်။ လက်ခံပြီးရင်တော့ အသိအမှတ်ပြုရပါတယ်။ ဒါဟာ မဟာစည်နည်းနဲ့ စာရေးသူတို့ မှတ်ခဲ့ဖူးတာနဲ့ တူပါတယ်။ သတိကို အသုံးပြုပြီး ကိုယ်စိတ်ခံစားမှု စိတ်နေသဘောထားကို **စာမျက်နှာ ၁၂ သို့** ■

# မန္တလေးမြို့၌ကျင်းပသည့် သီတင်းကျွတ်မီးထွန်းပွဲတော်နောက်ဆုံးရက်တွင် လာရောက်ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကား

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးမြို့ ကျုံးတောင်ဘက်ခြမ်းတွင်ကျင်းပသည့် သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ခရီးသွားများပါ လာရောက်ပါဝင် ဆင်နွှဲကြသဖြင့် ယနေ့ ပွဲတော်နောက်ဆုံးရက်တွင်လည်း စည်ကားခဲ့ကြောင်း သိရသည်။

**စည်ကားသိုက်မြိုက်စွာကျင်းပ**

အဆိုပါ သီတင်းကျွတ်မီးထွန်းပွဲတော်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကာ အောက်တိုဘာ ၁၆ ရက်မှစ၍ ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်းတစ်လျှောက် ၆၆ လမ်းမှ ၇၃ လမ်းအတွင်း ကျင်းပခြင်းဖြစ်ပြီး ဆီမီးတစ်သောင်းကပ်လှူပူဇော်ပွဲများ၊ ပွဲတော်ကျင်းပရာ လမ်းတစ်လျှောက် ရောင်စုံမီးများထွန်းညှိပြင်ဆင်ထားရှိမှုများနှင့် အတူ နိုင်ငံကျော် အဆိုတော်များပါဝင်သည့် ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းမှုများအပြင် အစားအသောက်များရောင်းချသည့် ဈေးဆိုင်တန်းများပါ ထည့်သွင်းထားပြီး ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ သီတင်းကျွတ်လပြည့်နေ့မှစ၍ ယနေ့ ပွဲတော် နောက်ဆုံးရက်အထိ ပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားခဲ့သည်။

"ရန်ကုန်ကနေ ကလေးတွေကျောင်းပိတ်လို့ မန္တလေးကိုဘုရားဖူးထွက်လာရင်း ဒီပွဲတော်နဲ့ကြုံလို့လာခဲ့တာပါ။ မန္တလေးကျုံးအလှကို ရောင်စုံဆီမီးတွေရဲ့ အလှနဲ့ ပေါင်းစပ်ပြီးကြည့်ရတာ အလွန်ကိုလိုက်ဖက်တဲ့ ပန်းချီကားတစ်ချပ်ကို ကြည့်နေရသလိုမျိုးခံစားရတယ်။ ပွဲတော်ရောက်အမှတ်တရ ဓာတ်ပုံတွေလည်း ရိုက်ပြီးပါပြီ။ ဈေးဆိုင်တန်းတွေမှာလည်း မန္တလေးဒေသ အစားအစာတွေ ဝယ်စားပြီးသွားလို့ အခုကလေးတွေနဲ့ ဖျော်ဖြေရေးမဏ္ဍပ်မှာ သီချင်းသွားနားထောင်မလို့ပါ"ဟု ရန်ကုန်မြို့မှ မိသားစုလိုက်လာရောက်လည်ပတ်သူ ကိုမောင်မောင်မျိုးက ပြောသည်။

ထို့အတူ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်မှ ပွဲတော်သို့သူငယ်ချင်းများနှင့်အတူ လာရောက်လည်ပတ်ကြသည့် မရီရီတင့်ကလည်း "၆၆ လမ်းထောင့်မှာရှိတဲ့ စေတီမှာ ဆီမီးတွေ ဝင်ပြီးပူဇော်ခဲ့ပါတယ်။ မီးရောင်စုံတွေနဲ့အတူ အမှတ်တရဓာတ်ပုံတွေအားရပါးရရိုက်ခဲ့ကြတယ်။ ကျုံးနဲ့နီးတဲ့ဒီနေရာမှာ မီးထွန်းပွဲတော်ကျင်းပတာ၊ ဓာတ်ပုံရိုက်ရတာအဆင်ပြေလို့ သဘောကျပါတယ်။ အခုဖျော်ဖြေရေးမဏ္ဍပ်မှာ သီချင်းဆိုတာ သွားအားပေးမလို့ပါ" ဟု ပြောသည်။

သီတင်းကျွတ်ပွဲတော် ကာလသည် ရုံးပိတ်ရက်နှင့် ကျောင်းပိတ်ရက်ရှည်ကာလ ဖြစ်သည့်အတွက် မန္တလေးမြို့သို့ ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ခရီးသွားများပါ လာရောက်လည်ပတ်ကြသဖြင့် မြို့တွင်းရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရ အပန်းဖြေနေရာများတွင် ခရီးသွားများဖြင့် စည်ကားလျက်ရှိသည့်အပြင် ညပိုင်းတွင်လည်း သီတင်းကျွတ် မီးထွန်းပွဲတော်ကျင်းပရာ ကျုံးတောင်ဘက်ခြမ်းသို့ လာရောက်ပါဝင်ဆင်နွှဲကြသဖြင့် နေ့ညမပြတ်စည်ကားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






# ကွန်ဟိန်းမြို့၌ မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



**ကွန်ဟိန်း အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌ (၅၆)ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၇ နာရီက ပြည်ထောင်စုလမ်းမကြီးပေါ်တွင် စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်သည်။

**လှူဖွယ်ပစ္စည်းအမျိုးမျိုးကို လောင်းလှူ**

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် နယ်မြေခံတပ် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ကိုနိုင်နှင့် ကွန်ဟိန်းတပ်နယ်မိသားစုများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ဝန်ထမ်းမိသားစုများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအပါအဝင် ရပ်နီးရပ်ဝေးမှ စေတနာရှင်၊ အလှူရှင်ပြည်သူများက ကွန်ဟိန်းမြို့နယ်တွင်းရှိ ဘုန်းကြီးကျောင်း ၁၇ ကျောင်းမှ သံဃာတော်များနှင့် သီလရှင်များ စုစုပေါင်း အပါး ၃၀၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းအမျိုးမျိုးကို လောင်းလှူခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

■ စာမျက်နှာ ၁၁ မှ

သုံးသပ်ခိုင်းတာပါ။ ဦးနှောက်စိတ်ပညာရပ်စကားနဲ့ပြောရရင်တော့ ဦးနှောက်ရဲ့ CORTEX အပိုင်းအစ အလုပ်လုပ်နေတဲ့ နည်းတစ်မျိုးဖြစ်ပါတယ်။

စိတ်ပူပန်၊ စိတ်ဆင်းရဲနေတာကို အတင်းပိတ်ပင်တားဆီးလို့မရပါဘူး။ နည်းလမ်းမမှန်ပါ။ Ironic Process Theory မှာ မင်းမီဒီယာမှာပြောတဲ့ ဒီအကြောင်းမတွေးနဲ့နော်လို့ ကိုယ့်ဘာသာကိုယ် သတိပေးထိန်းချုပ်လိုက်တော့မှ ဒီအကြောင်းချည်းတွေးနေမိတော့တာပဲ။ ဒါကြောင့် ဇွတ်အတင်း ထိန်းချုပ်လေ စိတ်ခံစားမှုထောင်ချောက်ထဲက ရုန်းထွက်လို့ မရလေဖြစ်တော့တာပါပဲ။

**မင်းဟာ ဘယ်သန်လား ညာသန်လား ပြန်စစ်ပါ**

နှုတ်ကထွက်တဲ့စကားလုံးတိုင်းဟာ အကျိုးမခံစားရဘဲ ပျောက်ပျက်သွားတယ်ဆိုတာ မရှိပါဘူးတဲ့။ ဇာတ်တော်တွေကို လေ့လာကြည့်ရင် ကံသုံးပါးမှာ ဝစီကံကြောင့် ဝဋ်လည်ဒုက္ခရောက်တာတွေ တော်တော်များတာ ဖတ်ရပါတယ်။ လူမှုကွန်ရက် စာမျက်နှာတွေမှာ သံဃာတော်တွေကို ဆဲနေတာ၊ မဖွယ်မရာပုံတွေ Screenshot လုပ် စော်ကားနေကြတာ။ ဘာသာ၊ သာသနာကို စော်ကားနေကြတာများ ကြောက်ခမန်းလိလိ။

ပြက်လုံးတစ်ခုကို သွားသတိရမိပါတယ်။ မြန်မာတွေ ဆဲရင်း ဆဲရင်း ဆင်းရဲသွားတာတဲ့။ "ဆဲတော့ ဘာဖြစ်လဲတဲ့" အတွန့်တက်ကြသေးတယ်။ မပြစ်မှားထိုက်သူ သံဃာတွေကိုဆဲတော့ အကုသိုလ်ကံတွေ ဝင်လာဖို့ တံခါးဖွင့်ပေးလိုက်တာနဲ့ တူတူပဲလေ။ ကိုယ့်ကံတွေ တဖြည်းဖြည်း မှိန်သွားတာပါ။ ဝဋ်ဆိုတာ ဘဝမကူးပါဘူး။ စောင့်ကြည့်ပါ။

ပါမောက္ခချုပ်ဆရာတော်ကြီးရဲ့ ဓမ္မမှတ်စုမှာ ဖတ်လိုက်ရဖူးတယ်။ လောကမှာ ဖြစ်ပေါ်လာတဲ့ "ဘေး"တွေ မှန်သမျှဟာ လူမိုက်တွေကြောင့်ဖြစ်တာတဲ့။ "ဗာလ" ဆိုတာ ယခုပစ္စုပ္ပန်ဘဝ အကျိုးမဲ့စေခြင်းနဲ့ နောင်သံသရာဘဝတွေရဲ့ အကျိုးမဲ့စေခြင်း နှစ်မျိုးကိုသာ လုပ်တယ်လို့ အဓိပ္ပာယ်ရတယ်တဲ့။

ဒီတော့ ဒီ "ဗာလ" တွေ ဦးနှောက်ထဲ ရိုက်သွင်းတဲ့ မကောင်းမြင် ဦးနှောက်ညာခြမ်းမှာပဲ သင်အမြဲနေတော့မှာလား။ အကောင်းမြင်ဦးနှောက်ဘယ်ခြမ်း အလုပ်လုပ်ရှင်သန်ခြင်းကို သင်မလိုချင်ဘူးလား။ ဦးနှောက်ထဲက အဆိပ်တွေ အပျက်မြင်၊ အတွေးဆွေးတွေကို ဖယ်ထုတ်ပြီး ပျော်ရွှင်စေမယ့်အကောင်းမြင် အတွေးသစ်၊ အမြင်သစ်တွေနဲ့ သင့်ဦးနှောက်ကို အားသစ်မလောင်းချင်ဘူးလား။ Amygdala (အမစ်ဂလာ) ခြယ်လှယ်သမျှ၊ တစ်နေ့တစ်နေ့ ဆိုရှယ်မီဒီညာတွေ ပြောသမျှယုံပြီး ဦးနှောက်ညာခြမ်းကိုပဲ ရှင်သန်ကြီးပွားစေတော့မှာလား။

ဒါမှမဟုတ်ရင် CORTEX – BASAD TECHNIOUE နဲ့ စိတ်ပူပန်မှု၊ စိတ်ဆင်းရဲမှုတွေကို သတိနဲ့ စောင့်ကြည့်၊ လက်ခံ၊ အသိအမှတ်ပြုပြီး ဦးနှောက်ဘယ်ခြမ်း အလုပ်လုပ်ခိုင်းမလား။ သင်စဉ်းစားထားပြီးလား။ သတိကပ်ပြီး စိတ်လေ့ကျင့်ခန်းလုပ်ခြင်းအားဖြင့် သင့်ဦးနှောက်ကို အသစ်တစ်ဖန် ပြောင်းလဲစေပြီး စိတ်ချမ်းသာ ပျော်ရွှင်မှုကို ရွေးမလား။ ဒါကြောင့် တိုက်တွန်းချင်တယ် . . .

**"ပြောင်းလိုက်စမ်း မင်းဦးနှောက်။ ဘယ် ညာ ဘယ် . . . ဘယ် ညာ ဘယ် . . . ဘယ်"**

## အီဂျစ်သမ္မတနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး

ကိုင်ရို အောက်တိုဘာ ၁၈

အီရန်နိုင်ငံခြားရေးဝန်ကြီး ဆာယိဒ်အဗတ် အေရာချီသည် အီဂျစ်သမ္မတ အဗ္ဗဒဲဖာတဒ်အယ်လ်စီစီနှင့် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် အောက်တိုဘာ ၁၇ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဆင်ဟွာ သတင်းအရ သိရသည်။

ခေါင်းဆောင်နှစ်ဦးတို့သည် ဂါဇာဒေသနှင့် လက်ဘနွန်နိုင်ငံတောင်ပိုင်းတို့တွင် အစ္စရေးက တိုက်ခိုက်မှုများ တိုးမြှင့်ဆောင်ရွက်နေခြင်းနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယင်းတိုက်ခိုက်မှုများမှတစ်ဆင့် ဒေသတွင်း စစ်ပွဲအဆင့်သို့ မရောက်ရှိစေရေးအတွက် အီဂျစ်နိုင်ငံက ကြိုးပမ်းဆောင်ရွက်နေကြောင်း အီဂျစ်သမ္မတ အယ်လ်စီစီက ပြောကြားသည်။

ထို့ပြင် ဂါဇာဒေသနှင့်လက်ဘနွန်နိုင်ငံတို့တွင် အပစ်အခတ်ရပ်စဲရေးအတွက် နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်မှုများလိုအပ်ကြောင်း ၎င်းက အလေးပေး ပြောကြားခဲ့သည်။ ဒေသတွင်း ငြိမ်းချမ်းရေးရရှိရန်အတွက် အီဂျစ်နိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကိုအီရန်က အသိအမှတ်ပြုကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဆာယိဒ်အဗတ်အေရာချီက ပြောကြားသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး ဆာယိဒ်အဗတ် အေရာချီသည် အောက်တိုဘာ ၁၆ ရက် ညနေတွင် အီဂျစ်နိုင်ငံသို့ ဂျော်ဒန်နိုင်ငံမှတစ်ဆင့် ရောက်ရှိလာခဲ့သည်။ အီရန်နိုင်ငံခြားရေးဝန်ကြီးသည် ဂျော်ဒန်နိုင်ငံသို့ ရောက်ရှိနေစဉ်ကာလအတွင်း အရှေ့အလယ်ပိုင်းဒေသအရေးနှင့် ပတ်သက်၍ ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ-၂ နှင့် နိုင်ငံခြားရေးဝန်ကြီး အမန်ဆာဖာဒီတို့ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ အီရန်နိုင်ငံခြားရေးဝန်ကြီးသည် ၎င်း၏ အရှေ့အလယ်ပိုင်းဒေသခရီးစဉ်ကို ပြီးခဲ့သည့်သီတင်းပတ်အတွင်းက စတင်ခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ




## တောင်ကိုရီးယားနိုင်ငံသည် နှစ်နိုင်ငံပေါင်းစည်းရေးတွင် မသင့်လျော်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်နေကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ပြောကြား

ပြုံယမ်း အောက်တိုဘာ ၁၈

တောင်ကိုရီးယားနိုင်ငံသည် ရန်လိုသည့် ပြည်ပနိုင်ငံတစ်နိုင်ငံဖြစ်ကာ မြောက်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံ ပေါင်းစည်းရေးတွင်လည်း မသင့်လျော်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်နေကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က မြောက်ကိုရီးယား ပြည်သူ့တပ်မတော် ဌာနချုပ်အား သွားရောက်စစ်ဆေးစဉ်ပြောကြားခဲ့သည်ဟုမြောက်ကိုရီးယား နိုင်ငံပိုင် ကေစီအင်န်အေ သတင်းအေဂျင်စီက အောက်တိုဘာ ၁၈ ရက် တွင် သတင်းထုတ်ပြန်သည်။

### ထပ်လောင်းပြောကြား

ထို့ပြင် လက်ရှိအခြေအနေများအရ မြောက်ကိုရီးယား ပြည်သူ့တပ်မတော်၏ တိုက်ခိုက်ရေးစွမ်းရည်များကို မြှင့်တင်ထားရန်လိုအပ်ကြောင်း မြောက်ကိုရီးယား ပြည်သူ့တပ်မတော်သားများအား ခေါင်းဆောင် ကင်ဂျုံအန်က ညွှန်ကြားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံအား ကာကွယ်စောင့်ရှောက်ရာတွင် မြေပြင်တိုက်ပွဲတိုက်ခိုက်နိုင်ရေးအတွက် အသင့်ပြင်ဆင်ထားကြရန် မြောက်ကိုရီးယား ပြည်သူ့တပ်မတော်သားများအား ကင်ဂျုံအန်က တိုက်တွန်းခဲ့သည်။ မကြာသေးမီက မိမိနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံအကြား ဆက်သွယ်ထားသည့်လမ်းများကို ဖျက်ဆီးလိုက်ခြင်းသည် စိတ်ဓာတ်ရေးရာအရ ဆိုးရွားသည့်နိုင်ငံတစ်နိုင်ငံနှင့် ဆက်ဆံရေးဖြတ်တောက်ခြင်းပင်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ထပ်လောင်းပြောကြားသည်။



တောင်ကိုရီးယားနှင့် အမေရိကန်ပူးပေါင်း၍ မြောက်ကိုရီးယားနိုင်ငံအား ကျူးကျော်တိုက်ခိုက်လာပါက နိုင်ငံ၏အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေးအတွက် ပြန်လည်တိုက်ခိုက်မည်ဟု ယခုလအစပိုင်းတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

## ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်ပထမကိုးလအတွင်း သဘာဝရော်ဘာအစေး ပြည်ပတင်ပို့ရောင်းချခြင်းမှ ဝင်ငွေ ကန်ဒေါ်လာ ၃၉၄ သန်းရရှိ

ဖနောင်ပင် အောက်တိုဘာ ၁၈

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်ပထမကိုးလအတွင်း သဘာဝရော်ဘာအစေး ပြည်ပတင်ပို့ရောင်းချခြင်းမှ ဝင်ငွေ ကန်ဒေါ်လာ ၃၉၄ သန်းရရှိခဲ့ပြီး ယင်းဝင်ငွေပမာဏသည် ယမန်နှစ်အလားတူကာလကထက် ၁၈ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

ဇန်နဝါရီလမှ စက်တင်ဘာလအထိ ရော်ဘာအစေးတန်ချိန် ၂၄၈၅၃၅ တန် တင်ပို့နိုင်ခဲ့ပြီး ယမန်နှစ်အလားတူကာလကထက် ၂ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာကြောင်း ရော်ဘာလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာနက ပြောကြားသည်။ ယခုနှစ် ပထမကိုးလအတွင်း ရော်ဘာအစေးတစ်တန်၏ ပျမ်းမျှဈေးနှုန်းမှာ ကန်ဒေါ်လာ ၁၅၈၆ ဒေါ်လာရှိခဲ့သောကြောင့် ယမန်နှစ်အလားတူကာလကထက် ၂၁၅ ဒေါ်လာခန့် ပိုမိုဈေးတက်ခဲ့ကြောင်း ရော်ဘာလုပ်ငန်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ခွန်းကာကာဒါက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံမှ ရော်ဘာထုတ်ကုန်များအား မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူနှင့် တရုတ်နိုင်ငံတို့သို့တင်ပို့သည်။ ရော်ဘာပင်များကို ကမ္ဘောဒီးယားနိုင်ငံရှိ စုစုပေါင်းမြေဧက ၄၀၇၁၇၂ ဟက်တာတွင် စိုက်ပျိုးထားရှိသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

## တရုတ်နှင့် ဗီယက်နမ် စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်



ပေကျင်း အောက်တိုဘာ ၁၈

တရုတ်နိုင်ငံက ဗီယက်နမ်နိုင်ငံနှင့် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီယာတုန်းက အောက်တိုဘာ ၁၇ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်မှုဆိုင်ရာမိတ်ဖက်နိုင်ငံဖြစ်သလို အပြန်အလှန်အားဖြင့် ဗီယက်နမ်နိုင်ငံသည်လည်း တရုတ်နိုင်ငံ၏အကြီးဆုံး ကုန်သွယ်မှုဆိုင်ရာမိတ်ဖက်နိုင်ငံဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယခုနှစ်ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးသည် ကန်ဒေါ်လာ ၁၉၀ ဒသမ ၃၈ ဘီလီယံရှိခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံမှလုပ်ငန်းများ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာ အဓိကနိုင်ငံဖြစ်ကြောင်းနှင့် ယခုနှစ်ပထမရှစ်လအတွင်း ဗီယက်နမ်နိုင်ငံ၌ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၉၇ ဘီလီယံအထိရှိခဲ့သည်။

နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးစခန်းများ တည်ထောင်ခြင်းနှင့် သတင်းအချက်အလက်နည်းပညာ၊ စွမ်းအင်နှင့် ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ခဲ့ကြောင်း တရုတ်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီယာတုန်းက ထပ်လောင်းပြောကြားသည်။ နှစ်နိုင်ငံအကြား တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်၊ ထုတ်ကုန်ကုန်စည်ပြပွဲနှင့် တရုတ်အာဆီယံကုန်စည်ပြပွဲတို့မှတစ်ဆင့် စိုက်ပျိုးရေး၊ ရေထွက်ကုန်နှင့် စက်မှုလုပ်ငန်းများဆိုင်ရာ ကုန်သွယ်မှုတို့ကို တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

## လက်ဘနွန်နိုင်ငံ၌ အစ္စရေးတပ်မတော်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက် ၂၄၁၂ ဦးရှိလာ

ဘေရွတ် အောက်တိုဘာ ၁၈

အစ္စရေး-ဟစ်ဇ်ဘိုလာ ပဋိပက္ခစတင်ချိန်မှစ၍ လက်ဘနွန်နိုင်ငံ၌ အစ္စရေးတပ်မတော်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက် ၂၄၁၂ ဦးရှိလာပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၁၂၈၅ ဦးရှိလာကြောင်း လက်ဘနွန်တာဝန်ရှိသူများက အောက်တိုဘာ ၁၇ ရက်တွင်ပြောကြားသည်။ ပြီးခဲ့သည့်တစ်ရက်အတွင်း လက်ဘနွန်နိုင်ငံ၌ အစ္စရေးတပ်မတော်က လေကြောင်းတိုက်ခိုက်မှု ၉၆ ကြိမ် ဆောင်ရွက်ခဲ့သည်။

လက်ရှိအချိန်တွင် လက်ဘနွန်နိုင်ငံသား သုံးပုံတစ်ပုံခန့်သည် တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာနေရပြီး ကူးစက်ရောဂါများလည်း ပျံ့နှံ့နေကြောင်းသိရသည်။ ၎င်းနေရပ်စွန့်ခွာသူများ နေရာထိုင်ခင်းရရှိရေးအတွက် အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေး ကော်မတီက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ အစ္စရေးတပ်မတော်သည် စက်တင်ဘာလနှောင်းပိုင်းမှစတင်၍ လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာအဖွဲ့အား တိုက်ခိုက်မှုအများအပြား ဆောင်ရွက်ခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စက်ယန္တရားယာဉ်အပိုပစ္စည်းများနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၈

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၃ လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုးနှင့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၈၂၅၆၃၂၆)ကို လည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၄၄၈၆၀၀)ကို လည်းကောင်း၊ **(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၂၇၀၄၉၂၆)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ယာဉ် ၁၁ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၉ ဒသမ ၉၃၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၈၉၁၆၀)ကို သစ်တောဥပဒေအရလည်းကောင်း **(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၆၈၉၁၆၀)**ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

အောက်တိုဘာ ၁၅ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၃၃၉၄၀၈၆)**ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် စက်ယန္တရားယာဉ်အပိုပစ္စည်းများ တရားမဝင် တင်သွင်းလာသည်ကို တွေ့ရှိရပြီး ထိုကဲ့သို့ တရားမဝင် ပစ္စည်းများ တင်သွင်းလာမှုကြောင့် တရားဝင်တင်သွင်းသည့် လုပ်ငန်းရှင်များအပေါ် ထိခိုက်နစ်နာမှုဖြစ်စေခြင်းနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအား ကျဆင်းစေခြင်းတို့ ဖြစ်ပေါ်စေနိုင်သဖြင့် ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ကျေးရွာအချို့တွင် သန်းခေါင်စာရင်းကောက်ယူသူများအား ကျွေးမွေးဧည့်ခံရန် ငွေကြေးကောက်ခံနေကြောင်း မဟုတ်မမှန် လုပ်ကြံသတင်းအမှားများဖြင့် လှုံ့ဆော်ရေးသားဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၁၈**

ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ကျေးရွာအချို့တွင် သန်းခေါင်စာရင်းကောက်ယူသူများအား ကျွေးမွေးဧည့်ခံရန် ငွေကြေး ကောက်ခံနေကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင် လွဲမှားစေရန် လုပ်ကြံရေးသားဝါဒ ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ မြို့နယ် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးအား မေးမြန်းရာတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာ ၁ ရက်မှ စတင်က သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့များ ပူးပေါင်း၍ စတင်ကောက်ယူလျက်ရှိကြောင်း၊ ပြည်သူများက သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းစဉ်များကို တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်အားပေး လူပုဂ္ဂိုလ်၊ အဖွဲ့များက မနာလို၍ မရှုဆိတ်သဖြင့် သန်းခေါင်စာရင်း ကောက်ယူလျက်ရှိသော တာဝန်ရှိသူများကို ပြည်သူများက အထင်အမြင် လွဲမှားစေရန် ရည်ရွယ်ကာ မဟုတ်မမှန် သတင်းအမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မဟာအောင်မြေနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၈

မဟာအောင်မြေနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၇ ရက် ညနေ ၅ နာရီခွဲတွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင် ရပ်ကွက် ၅၈ လမ်း၊ ၄၁ x ၄၂ လမ်းကြားတွင် မခွန်မိုင် မောင်းနှင်လာသည့် SUZUKI SWIFT အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water သုည ဒသမ ၂၉၅ ကီလိုကို လည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းလပ် ကျေးရွာအုပ်စု ဝမ်နွံ့ကျေးရွာအနီးတွင် အားဟူ မောင်းနှင်ပြီး အားထေ့


မခွန်မိုင်အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၁၀-၂၀၂၄ စနေနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (အင်္ဂုလိမာလသုတ်၊ ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ် (ပဥ္စမနေ့)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၄၀ လူငယ်ရေးရာအစီအစဉ်
- ၁၁:၁၀ ချစ်စရာအရွယ်ကစားကြမယ်
- ၁၁:၄၀ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
- ၁၂:၄၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ ကစားကွက်'** (အပိုင်း-၂၀)
- ၁၃:၃၀ MRTV National News
- ၁၄:၂၀ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ 'ဇာတ်သဘင်ပြိုင်ပွဲ' အကဲဖြတ်လုပ်ငန်းအဖွဲ့ စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်
- ၁၆:၅၀ ပုံပြင်ကမ္ဘာအစီအစဉ် 'သိပ်ပြီ'
- ၁၇:၁၀ ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၃၅ သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၄၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်သူအနားကချစ်လိပ်ပြာ'** (အပိုင်း-၂၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ် (ဆဋ္ဌမနေ့)
- ၂၁:၁၅ (၂၄)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) (ဝါသနာရှင်(ပထမတန်း) အဆင့်)(ပထမဆု) 'မဟော်သဓာဇာတ်တော်ကြီး' (မင်းနိုင်စိုးဇာတ်အဖွဲ့) (မွန်ပြည်နယ်) (ပထမပိုင်း)

### mitv

- 07:01 Evergreen Classic: Dhamma Set Taw (Sein Lei Lei)
- 07:08 Weekly Review
- 07:24 Commercial Farming to GDP Growth, Lady's Fingers Grower
- 07:37 New Destination for Sea Lovers
- 07:41 Myanmar Designer Studio: Ael Mondra
- 08:01 News
- 08:27 Kay Tu Mar Lar "The Family"
- 08:37 Quiz Time (Ep-49) 1A
- 09:48 Myanmar-Korea Song (6)
- 10:01 News
- 10:27 Topical Topics; Beauty of Shell
- 10:34 Beasts of Asia (Myanmar)

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ပျော်ရွှင်စရာ 'ဝ' ရိုးရာစကားထမင်းဝိုင်း

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ဗိုင်ဝါးဘာသာစကားပြောကြရအောင် (အပိုင်း-၃)

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
လီဆူတိုင်းရင်းသားတို့ပျော်မွေ့ရာ အိုင်စနုံ့ကျေးရွာ

**စကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
သဲသောမှ သဲသောခွါး

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
အားမနာနဲ့စား ဒါအကုန်ဘဲ

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
စပျစ်ပင်စိုက်ပျိုးနည်း

**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
တောင်ပေါ်ရွာကလေးရဲ့စုပေါင်းဟုန်းထုငါးဖမ်းခြင်း

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
အရပ်ရှစ်မျက်နှာဦးချသူများ

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
သာယာရှုမောဖွယ်ရမ္မာမြေ (အပိုင်း-၁)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၁၃)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ ကမ္ဘာတစ်ခွင်မြည်းစမ်းချင်
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလဲ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ဖြူစင်သောစိတ်ထား'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၅၂)

### MRTV FARMERS' / H TV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ 'သုတပဒေသာစိုက်ပျိုးနည်းပညာ' စီးပွားဖြစ်ကာစိတ်ချမ်းသာကော်ဖီစိုက်ပျိုးပါ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Breathtaking Backyard Gardening Harvest, You Have to See it to Believe it!
- ၁၈:၄၀ Started Gardening 18 Months Ago, Here's What it Looks Like Now
- ၁၉:၃၀ International Music Hits
- ၂၂:၀၀ The Batman Ep 1 (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / H TV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၁၁:၀၀ အားကစားသတင်း
- ၁၅:၁၅ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု Shan United FC Vs Ayeyawady United FC

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# လွိုင်ကော်မြို့ သမိုင်းဝင်မြို့နာမ်စေတီတော်၌ ဆီမီး ၁၀၀၀၀ ကပ်လှူပူဇော်ပွဲ ကျင်းပ



**လွိုင်ကော် အောက်တိုဘာ ၁၈**

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ သမိုင်းဝင်မြို့နာမ်စေတီတော်၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဆီမီး ၁၀၀၀၀ ကပ်လှူပူဇော်ပွဲအခမ်းအနားကို ယမန်နေ့ညက ကျင်းပသည်။

ဆီမီး ၁၀၀၀၀ ကပ်လှူပူဇော်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့နာမ်စေတီတော်မြတ်ဂန္ဓကုဋိတိုက်အတွင်းရှိ မြတ်စွာဘုရားရှင်အား ဆီမီးများ ကပ်လှူပူဇော်သည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့က ကုသိုလ်ပြုကျေးမွေးလျက်ရှိသည့် စတုဒိသာမဏ္ဍပ်များ၌ ပွဲတော်လာပရိသတ်များအား ဧည့်ခံကျွေးမွေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယင်းနောက် မီးပုံးပျံများလွှတ်တင်နေမှုကို ကြည့်ရှုအားပေးပြီး ပွဲတော်သို့လာရောက်ဧည့်ခံဖျော်ဖြေကြသော ရိုးရာယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် လွိုင်ကော်မြို့၌ ဘုရားစေတီပုထိုးများ၊ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်များတွင် ဆီမီးများနှင့် လျှပ်စစ်မီးအလှများ ထွန်းညှိပူဇော်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ကြို့ပင်ကောက်မြို့၌ (၇၇) ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



**ကြို့ပင်ကောက် အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့တွင် (၇၇) ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီး၏လမ်းညွှန်မှုဖြင့် ယနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများအပါအဝင် ဝါဆိုသံဃာ ၂၁၆ ပါး၊ သီလရှင် ၅၆ ပါး၊ စာသင်တိုက်ကြီးများမှ ဝါဆိုသံဃာ အပါး ၁၅၀၊ သီလရှင် ၈၉ ပါး စုစုပေါင်းဘုရားအပါအဝင် ၅၁၃ ပါးတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက်စေတနာရှင်အလှူရှင်များက ဆန်အိတ် ၁၄၆ အိတ်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ စုပေါင်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

# မိုင်းရှူးမြို့နယ်၌ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



**မိုင်းရှူး အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်တွင် မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဘုရားအမှူးပြု၍ မိုင်းရှူးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၄၀ မှ ဆရာတော်၊ သံဃာတော်အပါး ၉၀၀ က အမှတ် (၄) ရပ်ကွက်ရှိ ယုံးပေါင်ကျောင်းမှ မြို့လယ်ဘုရားကြီးကျောင်းသို့ ကြွရောက်အလှူခံရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ကိုထက်နှင့် တပ်မိသားစုဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများနှင့် ရပ်နီး၊ ရပ်ဝေး အလှူရှင်များက ဝတ္ထုငွေ၊ ဆန်၊ ဆေး၊ အချိုရည်၊ ချိုချဉ်နှင့် မုန့်များ စသည့်လှူဖွယ်ပစ္စည်းများ လောင်းလှူကြကြောင်း သိရသည်။

သန်းလူ(ပြန်/ဆက်)



# နမ့်စန်တွင် (၅၈)ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**နမ့်စန် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် (၅၈) ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ယင်းသို့လောင်းလှူရာတွင် ဗုဒ္ဓရုပ်ပွားတော်အား ရှေ့ဆုံးမှ ပင့်ဆောင်၍ သံဃသမ္မုတိဆရာတော် သုံးပါးနှင့် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော် ငါးပါးတို့ ဦးဆောင်ကာ မြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၆၈ တိုက်မှ ဆရာတော်သံဃာတော်များ၊ ရှင်သာမဏေများနှင့် သာသနာ့နွယ်ဝင်သီလရှင်များ စုစုပေါင်းအပါး ၉၃၀ ကျော်က အမှတ် (၄) ရပ်ကွက် မြို့မ(အထက) ရှေ့မှစတင်ကာ အမှတ် (၂) ရပ်ကွက် အထက(နမ့်စန်)ရှေ့ထိ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကြွရောက်တော်မူခဲ့ကြပြီး နမ့်စန်တပ်နယ်မှ တပ်မိသားစုများ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့သူမြို့သားများ၊ ဈေးသူဈေးသားများနှင့် စေတနာရှင်အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းမျိုးစုံတို့ကို စုပေါင်းလောင်းလှူခဲ့ကြသည်။

မြို့နယ်လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲတွင် ဆရာတော်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်း၍ အေးချမ်းစွာအလှူခံကြွနိုင်ရေးအတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကုသိုလ်ပြုကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သူရအောင်(နမ့်စန်)

# လွိုင်လင်မြို့၌ (၉၅)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူ



**လွိုင်လင် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် လွိုင်လင်မြို့ မြို့မဈေးကြီးရှေ့၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အဆိုပါ မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် လွိုင်လင်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာရှိ ဘုန်းကြီးကျောင်းများမှ ဝါဆိုသံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်အပါး ၃၅၀ ကျော်တို့အား တပ်နယ်နှင့် တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များက လောင်းလှူကြကြောင်း သိရသည်။

လွိုင်လင်မိုး

# သဲကုန်းမြို့၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



**သဲကုန်း အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဘုရားအမှူးပြု၍ သဲကုန်းမြို့အတွင်းရှိ မြို့ပေါ်ဘုန်းကြီးကျောင်းနှင့်မြို့အနီးရှိ ကျေးရွာဘုန်းကြီးကျောင်းများမှ သံဃာတော် အပါး ၈၀ က မိုဃ်းကောင်းဘုရားမှ သဲကုန်းမြို့အတွင်းသို့ ကြွရောက်အလှူခံတော်မူရာ ဒါယကာ၊ ဒါယိကာမများ၊ ရပ်ကွက်နေပြည်သူများ၊ ရပ်နီးရပ်ဝေးမှ အလှူရှင်များက ဆွမ်းဆန်တော်များ၊ ဝတ္ထုငွေ စသည့်လှူဖွယ်ပစ္စည်းများ လောင်းလှူကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပုသိမ်မြို့၌ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဆီမီးများထွန်းညှိပူဇော်



ပုသိမ် အောက်တိုဘာ ၁၈

သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့) ညပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၏ ကျက်သရေဆောင် ရွှေဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအပါအဝင် ထင်ရှားသော ဘုရား၊ စေတီ၊ ပုထိုးများတွင် ဆီမီးထွန်းညှိပူဇော်သူများ၊ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဘုရားဖူးလာပြည်သူများနှင့်အတူ ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးရှိ ဦးမောင်ကြီးအာရုံခံတန်ဆောင်းတွင် ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးနှင့် ဘုရားဖူးလာရောက်ကြသူများက ဓမ္မစကြာနှင့် မေတ္တာသုတ်တို့ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စေတီတော် ရင်ပြင်တွင် ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ခဲ့ကြကာ စေတီတော်ကြီးအား လှည့်လည်ကြည်ညိုသည်။

အလားတူ ပုသိမ်မြို့ပေါ်ရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် ရပ်ကွက်နေပြည်သူများက ဆီမီးများထွန်းညှိပူဇော်ခြင်း၊ ဘုရားဖူးပြည်သူများက ကုသိုလ်ယူခြင်းများ ဆောင်ရွက်လျက်ရှိပြီး မြို့၏ထင်ရှားသောနေရာများသို့လည်း သွားလာလည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၁၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၁၈ ရက်က ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၂၈ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ သုည ဒသမ ၅၂ ပေ လျော့နည်းခြင်းဖြစ်သည်။ ရေပိုလွှဲ၏ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး ၁၄ ချပ် ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျ ဝန်ထမ်းများကို ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ ၁၈-၁၀-၂၀၁၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁၈.၁၀.၂၀၁၄)နေ့ရှိ | | | ယနေ့ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၆၈၀၈ | ၆၂၆.၆၇ | ၅၆၃၄၄၇ | ၁၃၉၁၅ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၂၈ | ၄၉၄၈ | - | ၆၂၇.၁၉ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၅၉ | ၆၂၆.၃၀ | ၂၇၅၃၃ | - | ၈.၇၀ | ၈၉၆၇ | - | - | ၀.၁၀ | ၆၂၆.၂၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၄ | ၅၁၈.၈၀ | ၈၈၄၉၄ | ၂၇၁ | ၁.၂၀ | ၃၂၇၆ | - | - | - | ၅၁၈.၈၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၁၅ | ၁၀၂၇၁ | ၇ | ၂.၈၅ | ၁၉၈၆ | - | - | - | ၅၀၉.၂၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၃၈၀ | ၄၃၇.၉၀ | ၆၉၇၀၀ | ၂၈၅ | ၁.၁၀ | ၃၃၀၀ | - | - | ၀.၀၇ | ၄၃၇.၈၈ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၈ | ၅၃၄.၆၂ | ၇၃၄၇၂ | ၃၂၀ | ၀.၃၈ | ၁၅၂၈ | - | - | ၀.၁၀ | ၅၃၄.၇၁ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၀၀ | ၇၅၈၉ | ၁၁ | ၂.၀၀ | ၁၁၂၉ | - | - | - | ၄၁၆.၀၅ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၃၂ | ၇၀၃.၅၁ | ၁၀၇၄၇၉ | ၉၅ | ၆.၄၉ | ၃၅၆၁၁ | - | - | - | ၇၀၃.၅၃ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၀၃ | ၆၀၁.၈၉ | ၄၉၄ | ၅၁ | ၀.၁၁ | ၆ | - | - | - | ၆၀၁.၈၉ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၄၉ | ၈၆၃.၆၀ | ၁၀၁၉၉ | ၇၀ | ၆.၄၀ | ၄၄၀၁ | - | - | - | ၈၆၃.၆၅ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၁၄)ချပ် ထောင်ထားပါသည်။

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ဘားအံ၌ သံဃာ့ပဝါရဏာသိမ်ဆင်းလောင်းလှူ

**ဘားအံ အောက်တိုဘာ ၁၈**

ပြည်နယ်ဩဝါဒါစရိယ ဇွဲကပင်တောင်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓမ္မကထိကဗဟုဇန ဟိတဓရ ဘဒ္ဒန္တကဝိဓဇအမှူးပြုသောဆရာတော်၊ သံဃာတော်များသည် ဝါလကင်းလွတ်သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၁၇ ရက် မွန်းတည့် ၁၂ နာရီက ဘားအံမြို့ မဲဘောင်ကျောင်းတိုက်၌ သံဃာပဝါရဏာပြုတော်မူကြရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ကဦးစီး၍ သံဃာ့ပဝါရဏာသိမ်ဆင်းလောင်းလှူကြသည်။

**ပဝါရဏာပြုတော်မူ**

ဘားအံမြို့ မဲဘောင်ကျောင်းတိုက်သိမ်တော်ကြီးအတွင်း ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ ဩဝါဒါဆရာတော်ကြီးများ၊ သံဃာတော်များက ပဝါရဏာပြုတော်မူကြပြီး ပဝါရဏာပြုပြီးသည့် ဆရာတော်၊ သံဃာတော်များအား ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘားအံမြို့ပေါ်ရှိ စေတနာရှင်၊ အလှူရှင်များက စုစုပေါင်း ရဟန်း၊ သံဃာ၊ သာမဏေ ၃၆၀ အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ စုပေါင်းလောင်းလှူကြသည်။

ဆက်လက်၍ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဘားအံမြို့ အမှတ် (၁) ရပ်ကွက် သေဠမာရ်အောင်ဘုရားကြီးရင်ပြင်တော်၌ ဆီမီး ၉၀၀၀ ဆက်ကပ်ပူဇော်ပွဲကို ညနေ ၇ နာရီခန့်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဝတ်ရွတ်အသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ရဟန်း၊ ရှင်လူ၊ ဘုရားဖူးပြည်သူများ တက်ရောက်၍ စည်ကားသိုက်မြိုက်စွာ ဆီမီးများထွန်းညှိပူဇော်ခဲ့ကြကြောင်း သိရသည်။



စောမျိုးမင်းသိန်း(ပြန်/ဆက်)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ ပြည်လုံးချမ်းသာဘုရားကြီးနှင့် စေတီများအား ဖူးမြော်ကာ အလှူငွေများလှူဒါန်း



**စစ်တွေ အောက်တိုဘာ ၁၈**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီးတို့သည် ပြည်နယ်အတွင်းရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီးနှင့် ကပ်ကျော် ရန်ပြေမာန်ပြေစေတီများအား ဖူးမြော်ကြည်ညိုကာ အလှူငွေများ လှူဒါန်းပြီး ညနေပိုင်းတွင် လောကာနန္ဒာစေတီတော်မြတ်ကြီးရင်ပြင်၌ ကျင်းပသော သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ဆီမီးပူဇော်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကာ ဘုရားကြီး သိမ်တော်ဘက်စုံ ပြုပြင်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ကပ်ကျော် ရန်ပြေမာန်ပြေကိုးနဝင်း ဓာတုစေတီတော်များအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး စေတီတော်သိမ်တော်များ ဘက်စုံ ပြုပြင်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ဘောလုံးကွင်းရပ်ကွက်ရှိ စိတ္တသုခ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဝါတွင်းကာလ၌ မြို့ပေါ်ရှိ ဘုန်းတော်ကြီး ကျောင်းတိုက်များသို့ ဆွမ်းဆန်တော်နှင့် လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ညနေပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများသည် လောကာနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်၌ ကျင်းပသော ဆီမီးပူဇော်ပွဲနှင့် မီးပုံးပျံ လွှတ်တင်ပူဇော်ပွဲသို့ တက်ရောက်ပူဇော်ကြကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)

# တိုက်ကြီးမြို့နယ်၌ စုပေါင်းသံဃာ့မဟာပဝါရဏာပြုပွဲနှင့် သိမ်ဆင်းသံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**တိုက်ကြီး အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ကျောင်းတိုက်အသီးသီး၌ ဝါဆိုဝါကပ်တော်မူကြပြီး သီတင်းသုံးတော်မူကြသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၏ (၄၄) ကြိမ်မြောက် စုပေါင်းသံဃာ့မဟာပဝါရဏာပြုပွဲနှင့် သိမ်ဆင်းသံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက ဗောဓိကုန်းရပ်ကွက် ပြည်သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက် သီရိရတနာသာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ ပြည်သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက် သီရိရတနာသာသနာ့ဗိမာန်တော်၌ ၁၃၈၆ ခုနှစ် ဝါဆိုဝါကပ်တော်မူကြသည့် ဘုန်းတော်ကြီးကျောင်းပေါင်း ၁၀၀ မှ ဆရာတော်၊ သံဃာတော်အရှင်သူမြတ် ၄၄၃ ပါးက ထေရ်ဝါစဉ်အလိုက် စုပေါင်းသံဃာ့မဟာပဝါရဏာ ပြုတော်မူကြသည်။ ဆက်လက်၍ သိမ်ဆင်းသံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များက ငွေကျပ် ၁၄၁၉၉၃၀၀ တန်ဖိုးရှိ လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ကြကြောင်း သိရသည်။

မြင့်ဦး




## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစာဖတ်နှုန်း မြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့် အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန


# ကျိုက်လတ်မြို့နယ်၌ ဝါကျွတ်ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပ



**ကျိုက်လတ် အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျိုက်လတ်မြို့နယ်အတွင်း ဝါတွင်းသုံးလအရဏ်ဆွမ်းလောင်းလှူမှု အောင်ပွဲအနေဖြင့် ဝါကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ယနေ့မွန်းလွဲပိုင်းတွင် နှစ်ဖြတ်လမ်းရှိ ရပ်တော်မူမြတ်စွာဘုရားကြီးစုရပ်မှ စတင်ကျင်းပသည်။

ထိုသို့ ဆွမ်းဆန်စိမ်းလောင်းလှူရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင် ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စေတနာရှင်၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်တော်များ၊ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူကြသည်။ ထိုသို့ လောင်းလှူရာတွင် ဘုန်းတော်ကြီးကျောင်း ၄၆ ကျောင်း၊ သီလရှင်ကျောင်းနှစ်ကျောင်းမှ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေး အပါး ၇၀၀ ကျော်တို့အား ဆွမ်းဆန်တော်လောင်းလှူခဲ့ကြကြောင်း သိရသည်။

ကျိုက်လတ်(ပြန်/ဆက်)

# ကိုယ်ပိုင်မှုဟန် စိုက်ထူပြန်သည့် ယဉ်ကျေးမှုအသိနှင့် အနုပညာအနှစ်

မိုးကေနိုင်

ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံ၊ ဘယ်လူမျိုးမဆို မိမိတို့ကိုယ်ပိုင် အနုသုခုမယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ လူမှုအမူအကျင့်၊ ဝတ်စားဆင်ယင်မှု၊ မိခင်ဘာသာစကား၊ စာပေသမိုင်းကြောင်းတွေကို အလေးအနက် တန်ဖိုးထားလေ့ရှိကြတယ်။ နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ခုရဲ့ ဘုံစံတန်ဖိုးတွေဖြစ်တဲ့အပြင် ဂုဏ်ယူစရာ သမိုင်းအမွေအနှစ်တွေအဖြစ် အမျိုးဂုဏ်မြင့်မားစေတဲ့အတွက် ဖြစ်ပါတယ်။ အလားတူ မြန်မာနိုင်ငံမှာ မြန်မာလူမျိုးရယ်လို့ မော်ကြွားနိုင်တဲ့ ထိုထိုလက္ခဏာရပ်တွေကို သမိုင်းစဉ်ဆက် ပိုင်ဆိုင်ထားတဲ့အတွက်ကြောင့်လည်း ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးရယ်လို့ အမြဲဂုဏ်ယူစရာ ဖြစ်ခဲ့ကြရတယ်။

### မြန်မာတို့ရဲ့ ယဉ်ကျေးမှုတန်ဖိုးများ

မြန်မာတို့ရဲ့ ထိုတန်ဖိုးတွေက သမိုင်းကြောင်း အရှည်ကြီးရှိခဲ့ပြီး ယခုအချိန်အထိလည်း ခိုင်ခံ့တည်တံ့ဆဲပါ။ ဘိုးဘွားမိဘအဆက်ဆက်က ခြေရာလက်ရာမပျက် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့တာကြောင့် ဖြစ်ပါလိမ့်မယ်။ သို့သော် မြန်မာတို့ရဲ့ ထိုတန်ဖိုးတွေက ယခုအခါမှာ တဖြည်းဖြည်း ယုတ်လျော့ကျဆင်းနေပြီလား၊ သံသယဝင်စရာ အကြောင်းတရားတွေက ရှိလာနေပြီဖြစ်တယ်။ အချိန်မီလုပ်မှ အစုတ်သက်သာမယ့်အထဲမှာ ထိုအရေးကြီးတဲ့တန်ဖိုးတွေက အဓိကပါဝင်နေပါတယ်။ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား စတာတွေ ယုတ်လျော့ပျက်စီးရခြင်း အကြောင်းတရားများစွာမှာ အချို့အကြောင်းတရားများစွာကြောင့် ပျက်စီးလုနီးပါး ဦးတည်နေတာတွေ့ရတယ်။ မြန်မာနိုင်ငံဟာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုဝေးရာ အသိုက်အဝန်းကြီးဖြစ်ပြီး လူမျိုး၊ လူမျိုးစု အသီးသီးတို့ရဲ့ ယဉ်ကျေးမှုတွေ ပေါင်းစည်းနေထိုင်ရာ multiculturalism အစုအဝေးတစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့် မိမိယဉ်ကျေးမှု၊ မိမိလူမျိုး သမိုင်းကြောင်း ပျက်စီးရာ ပျက်စီးကြောင်း အကြောင်းတရားတွေ မဖန်တီးမိဖို့၊ မြန်မာ့ယဉ်ကျေးမှု ဘာသာတရား မပျောက်ပျက် မပျက်စီးအောင် မိမိတို့မှာ အထူးတာဝန်ရှိကြောင်း ခံယူထားရမှာ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးမှာ ဒီလိုအရေးကြီးတဲ့ ယဉ်ကျေးမှုတန်ဖိုးကို ဘာကြောင့်ထိန်းသိမ်းစောင့်ရှောက်သင့်ပါသလဲဆိုရင် ထိုနိုင်ငံရဲ့ အမျိုးသားရေးလက္ခဏာအသွင်အပြင်က ထိုလူမျိုးရဲ့တန်ဖိုး၊ ထိုနိုင်ငံသားတို့ရဲ့စရိုက် အမှတ်သညာ အသက်ဝိညာဉ်တွေက ကပ်ငြိယှဉ်တွဲနေလို့ပါပဲ။ အထူးသဖြင့် မြန်မာတိုင်းရင်းသားအားလုံးတို့ရဲ့ ချစ်စရာကောင်းတဲ့ ယဉ်ကျေးမှုတွေက ချစ်ခင်ရင်းနှီးမှု၊ ပျူငှာဖော်ရွေမှု၊ စေတနာသဒ္ဓါတရား၊ ရိုးသားမှု၊ ပျော်ရွှင်ကြည်နူးဖွယ်တို့နဲ့ ဆက်စပ်နေတာကြောင့်လည်း ဖြစ်ပါတယ်။ မြန်မာ့ယဉ်ကျေးမှုမှာ မူပိုင်အလှ၊ ကိုယ်ပိုင်ဟန်ပန်၊ မြင့်မားတဲ့အတွေးအခေါ်နဲ့ အသိပညာ၊ စိတ်နေသဘောထား၊ လူနေမှုပုံစံ၊ ဘာသာစကားအဆုံးအမများစွာမှာ ထူးခြားမှုတသီကြီးနဲ့ အလှကိုယ်စီရှိနေတယ်။ အစဉ်အလာကောင်းခဲ့တဲ့ လူ့အဖွဲ့အစည်းကို မတူကွဲပြားခြားနားတဲ့ ယဉ်ကျေးမှုတွေနဲ့ ပေါင်းစပ်တည်ဆောက်ထားနိုင်ခြင်းကြောင့်လည်း ဖြစ်တန်ရာတယ်။

တစ်ဦးနဲ့တစ်ဦး ခံစားချက်ချင်းနီးစပ်ဖို့က ယဉ်ကျေးမှုချင်း ဂဟေဆက်နိုင်မှသာ ပိုပြီး ထိရောက်မှုရှိမှာမဟုတ်လား။ ဒါကြောင့် လူ့အဖွဲ့အစည်းတစ်ခုဟာ ယဉ်ကျေးမှုနဲ့ ကင်းကွာလို့ မဖြစ်နိုင်သလို ယဉ်ကျေးမှုမဲ့တဲ့လူမျိုးမှာ သမိုင်းလည်းမရှိနိုင်ဘူးဆိုတာ သိထားရမယ့်အချက်ပဲ။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးအသီးသီးတို့ရဲ့ အဆို၊ အက၊ အရေး၊ အတီး၊ စာပေ၊ ပန်းချီ စတဲ့ အနုသုခုမပညာတို့ဟာ ရှေးကျပေမယ့် အဆင့်မြင့်မားလွန်းတာတွေ့ရပြီး ခေတ်အဆက်ဆက် တန်ဖိုးထားခံရခြင်းဟာ ဘာသာတရားရဲ့လွှမ်းမိုးမှုနဲ့ အတူ ကုသိုလ်အရေးအရာတွေနဲ့လည်း တွဲစပ်နေတာကြောင့်ဆိုတာ မမေ့သင့်ဘူး။ အကျိုးဆက်က ဝတ်စားဆင်ယင်မှုကအစ ရမ်းကားမှုမရှိ၊ ဟော့ရမ်းမှုမရှိ၊ ယဉ်ယဉ်ကျေးကျေးနဲ့ နူးညံ့သိမ်မွေ့လှတဲ့ မြန်မာတို့ရဲ့ ယဉ်ကျေးမှုအလှတရားတွေကို ပိုင်ဆိုင်ခွင့်ရလိုက်တာပါပဲ။

### ပျိုးထောင်ရမယ့် အနုပညာချစ်စိတ်

ဒါပေမဲ့ ထိုမျှတန်ဖိုးထား ထွန်းကားခဲ့တဲ့ ယဉ်ကျေးမှုအဆင့်အတန်းကို ထိန်းသိမ်းစောင့်ရှောက်နေတဲ့ကြားက ပိုပြီးမဆုတ်ယုတ်သွားအောင်၊ မြင့်သထက်မြင့်နေအောင် ယခုအခါမှာတော့ မနည်းကြိုးပမ်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေရပါပြီ။ သိတဲ့အတိုင်း ယဉ်ကျေးမှုပျောက်ရင် လူမျိုးပါပျောက်ကွယ်တယ်ဆိုတဲ့ သဘောတရားကို လျစ်လျူမရှုမိဖို့ လိုနေပါတယ်။ မြန်မြန်ဆန်ဆန် ပြောင်းလဲနေတဲ့ခေတ်ကြီးမှာ ယဉ်ကျေးမှုနဲ့ပတ်သက်ရင် ယနေ့လူငယ်တွေ အတွေးအခေါ်က အစ လွဲလို့မဖြစ်ပါ။ ယဉ်ကျေးမှုအနုပညာ အစိတ်အပိုင်းတစ်ခုစီနဲ့ပတ်သက်ပြီး အသိအတတ်ပညာရပ်များ နားလည်တတ်မြောက်ထားသင့်ပါတယ်။ အနုပညာအခြေခံနဲ့ အနုပညာချစ်မြတ်နိုးစိတ်ကို စာသင်ကျောင်းမှာကတည်းက ပျိုးထောင်ပေးထားသင့်တယ်။

ကလေးသူငယ်အရွယ်ကစပြီး အနုပညာတစ်ခုခုမှာ ဝါသနာပါနေအောင်၊ မြန်မာ့ရိုးရာအနုပညာကို မြတ်နိုးခင်မင် တွယ်တာစိတ်ဖြစ်နေအောင် ပညာပေးနှိုးဆော်ထားသင့်ပါတယ်။ မိမိယဉ်ကျေးမှု သမိုင်းကြောင်းကအစ သိနားလည်ထားဖို့ လိုအပ်သလို ကမ္ဘာ့နိုင်ငံတွေနဲ့ လူမျိုးအသီးသီးကရော သူတို့ယဉ်ကျေးမှုကို ဘယ်လိုတန်ဖိုးထားကြသလဲ၊ ဘယ်လို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေကြသလဲ၊ တိုင်းတစ်ပါးယဉ်ကျေးမှု ဘယ်လိုဝင်လာလာ မိမိယဉ်ကျေးမှုကို မပပျောက်အောင် အရိုးပေါ်အရွက်မဖုံး ဘယ်လိုအတုယူ ပေါင်းစပ်ဖန်တီးနေကြသလဲ၊ သင်ခန်းစာယူဖို့ကောင်းတဲ့ ခွဲခြမ်းစိတ်ဖြာအသိတွေကို ဖတ်မှတ်၊ မြင်သိခြင်းကတစ်ဆင့် လိုက်နာသင့်ကြပါတယ်။ တိုင်းတစ်ပါးယဉ်ကျေးမှု ဝါးမျိုမခံရအောင် နိုးနိုးကြားကြား သတိရှိသင့်ကြောင်း တွေ့ရပါမယ်။

### ဖန်တီးမှုအသစ်တွေနဲ့ ကိုယ်ပိုင်မူဟန်ဖြစ်ရန်

နိုင်ငံသားအားလုံးဟာ မိမိတို့စာပေ၊ မိခင်ဘာသာစကား၊ ကိုယ်ပိုင်အနုပညာကို တိုင်းတစ်ပါးတို့နဲ့တွေ့ရင် ဂုဏ်ယူစွာနဲ့ ထုတ်ဖော်ပြသနိုင်စွမ်းရှိရပါမယ်။ အတိတ်ကာလက အနုပညာရှင်ကြီးတွေဟာ မြန်မာ့အနုပညာကို ကမ္ဘာအနှံ့ဖြန့်ကြက်နိုင်စွမ်းရှိခဲ့တဲ့အတွက် ကမ္ဘာ့အလယ်မှာ ဂုဏ်ယူစရာ၊ ဝင့်ကြွားစရာဖြစ်ခဲ့ဖူးတယ်။ ယခုအချိန်မှာတော့ တိုင်းတစ်ပါးယဉ်ကျေးမှုတွေက မိမိနိုင်ငံ၊ မိမိလူ့အဖွဲ့အစည်းအတွင်း စိမ့်ဝင်ထိုးဖောက်နေတဲ့ အနေအထားဖြစ်နေတယ်။ အထူးသဖြင့် ယဉ်ကျေးမှုကိုယ်ခံအားနည်းတဲ့လူငယ်တွေမှာ ပိုပြီးတိုက်စားခံရတဲ့ အနေအထားရောက်နေတယ်။ ယဉ်ကျေးမှုချင်း ရောပွမ်းပေါင်းစပ်ရာကနေ ဝါးမျိုခံရမယ့် အနေအထားအထိ စိုးရိမ်စရာဖြစ်လာတယ်။ မိမိတို့ရဲ့လူမှုစနစ်၊ ဘာသာတရား၊ မင်္ဂလာတရားနဲ့ ကိုက်ညီမှု ရှိ၊ မရှိ၊ ကွဲကွဲပြားပြားခွဲခြားနိုင်စွမ်း ရှိသင့်တယ်လို့ ယူဆပါတယ်။ အထူးသဖြင့် လူငယ်တွေအတွက်ပါ။ ယဉ်ကျေးမှုနဲ့ပတ်သက်ရင် အလေးအနက်ထား သတိပြုရမယ့် လိုအပ်ချက်များစွာနဲ့ ဆက်လက်ပြုပြင်ရမယ့် အချက်များစွာရှိနေကြောင်း လက်ခံရမှာ ဖြစ်ပါတယ်။

> ❝အမျိုးသားအဆင့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေကို နှစ်စဉ် အလေးအနက်ထားကျင်းပပေးနေတာ ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ အောင်အောင်မြင်မြင်နဲ့ သုံးနှစ်ဆက်တိုက် ကျင်းပပေးခဲ့တာ (၂၅) ကြိမ်မြောက် ငွေရတုတိုင်ရှိခဲ့ပါပြီ။ နိုင်ငံတည်ငြိမ်အေးချမ်းရေးမှာ အထောက်အကူပြုတဲ့ ကဏ္ဍတစ်ရပ်အဖြစ်လည်း အသိအမှတ်ပြုထားပါတယ်။ ခေတ်အဆက်ဆက် တတ်နိုင်သမျှ ဒီလိုမှမဆောင်ရွက်ဘူးဆိုရင် အနာဂတ် မြန်မာ့ယဉ်ကျေးမှုအလားအလာနဲ့ အမျိုးသားရေးစရိုက်ဟာ စိုးရိမ်ဖွယ်ရာအနေအထား ဆိုက်ရောက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း မြန်မာ့ရိုးရာ အက၊ ဂီတ၊ စာပေပညာတွေ မပျောက်အောင် စဉ်ဆက်မပြတ် ထိန်းသိမ်းနေရခြင်းဖြစ်❞

### တိုင်းရင်းသားတို့အနုပညာ အမြဲတမ်းပွဲထုတ်ပေးလျက်ရှိ

ပိုပြီးကောင်းလာမယ်၊ တီထွင်ဖန်တီးဆန်းသစ်မှုရှိပြီး ခေတ်မီတဲ့ယဉ်ကျေးမှုဖြစ်မယ်၊ တိုးတက်မှုဆီ ရှေးရှုမယ်ဆိုရင်တော့ ပေါင်းစပ်သင့် ပေါင်းစပ်ရမယ်၊ ဖလှယ်သင့် ဖလှယ်ရပါမယ်၊ ပေါင်းစပ်တယ်ဆိုတာ ပုံတူကူးချခြင်းကိုမဆိုလို၊ သူ့ယဉ်ကျေးမှုဆီက မိမိတို့ရိုးရာနဲ့ လိုက်ဖက်တာကိုယူမယ်၊ အသစ်တီထွင်ဖန်တီးပြီး မိမိကိုယ်ပိုင်ဟန်ဖြစ်အောင် လုပ်တာပါပဲ။ ဒါပေမဲ့ အမျိုးသားရေးကြန်အင်ထိခိုက်တဲ့အထိတော့ ခွင့်မပြုသင့်ဘူး။ တကယ်တော့ ဂုဏ်ထူးဝိသေသအထူးရှိတဲ့ မြန်မာ့ယဉ်ကျေးမှုဟာ ဂုဏ်ယူစရာအပြည့်ရှိပြီးသား ဖြစ်ပါတယ်။ နိုင်ငံခြားသားတွေကိုယ်တိုင်က မြန်မာ့အနုပညာကို လေးလေးစားစား တန်ဖိုးထားပြီးသားပါ။ မိမိတို့ကိုယ်တိုင်ကသာ မိမိတို့အနုပညာကို တန်ဖိုးထား ဂုဏ်ယူတတ်ဖို့ လိုအပ်နေတာ။ သူတို့က အနုပညာကို ပညာမျက်စိနဲ့ တန်ဖိုးဖြတ်တတ်ကြတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှုအနုသုခုမတို့ဟာ နိုင်ငံရဲ့မျိုးချစ်စိတ်၊ လူမျိုးချစ်စိတ်၊ ပညာရေးချိန်၊ နိုင်ငံရေး၊ စီးပွားရေး၊ ကိုယ်ခံစွမ်းအားတွေနဲ့လည်း ဆက်စပ်နေပါတယ်။ မျိုးချစ်စိတ်ကင်းမဲ့ခြင်းဟာ ယဉ်ကျေးမှုအလှအပတွေရဲ့ တန်ဖိုးကို ယုတ်လျော့သွားစေသလို နိုင်ငံသားတို့ရဲ့ဇာတိမာန်ကို ရိုက်ချိုးချင်ရင် ယဉ်ကျေးမှုကို ဦးစွာဖျက်ဆီးလေ့ရှိကြတယ်ဆိုတာ နားလည်ထားဖို့လိုပါတယ်။

ဒါကြောင့်လည်း အမျိုးသားအဆင့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေကို နှစ်စဉ် အလေးအနက်ထားကျင်းပပေးနေတာ ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ အောင်အောင်မြင်မြင်နဲ့ သုံးနှစ်ဆက်တိုက် ကျင်းပပေးခဲ့တာ (၂၅) ကြိမ်မြောက် ငွေရတုတိုင်ရှိခဲ့ပါပြီ။ နိုင်ငံတည်ငြိမ်အေးချမ်းရေးမှာ အထောက်အကူပြုတဲ့ ကဏ္ဍတစ်ရပ်အဖြစ်လည်း အသိအမှတ်ပြုထားပါတယ်။ ခေတ်အဆက်ဆက် တတ်နိုင်သမျှ ဒီလိုမှမဆောင်ရွက်ဘူးဆိုရင် အနာဂတ် မြန်မာ့ယဉ်ကျေးမှုအလားအလာနဲ့ အမျိုးသားရေးစရိုက်ဟာ စိုးရိမ်ဖွယ်ရာအနေအထား ဆိုက်ရောက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း မြန်မာ့ရိုးရာ အက၊ ဂီတ၊ စာပေပညာတွေ မပျောက်အောင် စဉ်ဆက်မပြတ် ထိန်းသိမ်းနေရခြင်းဖြစ်ပါတယ်။

ဒီလိုပြိုင်ပွဲကြီးတွေကမှ လေးစားအားကျဖွယ် သမ္မာရင့်ဝါရင့်အနုပညာရှင်ကြီးတွေနဲ့ လူငယ်မျိုးဆက်သစ်တွေအကြား လက်ဆင့်ကမ်းချိတ်ဆက်ပေးနိုင်မှာ၊ အနုပညာသွေးသစ်လောင်းနိုင်မှာ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် အနုပညာရှင် ဆရာကြီးဆရာမကြီး အများစုဟာ အမျိုးသားရေးအနုပညာရှင်တွေအဖြစ် ထင်ရှားကျော်ကြားခဲ့ကြပြီး သူတို့ရဲ့ ထက်သန်တဲ့မျိုးချစ်စိတ်က လေးစားအားကျ အတုယူဖွယ်ရာဖြစ်ခဲ့ပါတယ်။ ရှေးခေတ်ပညာရှင်ကြီးတွေရဲ့ အနုသုခုမအရည်အသွေးက ဇာတိသွေး ဇာတိမာန်ကို နှိုးဆွပေးနိုင်စွမ်းရှိခဲ့ပြီး အမျိုးသားရေးနဲ့ ညီညွတ်မှုစိတ်ဓာတ်တွေ ထက်သန်စေတာလည်း တွေ့ရတယ်။

ဒါကြောင့်လည်း ယခုနှစ်ပြိုင်ပွဲမှာ တိုင်းရင်းသားတွေရဲ့ ရိုးရာတူရိယာပစ္စည်းတွေကို ပေါင်းစပ်ပြီးမှ တိုင်းရင်းသားဘာသာစကားနဲ့ ရေးစပ်ထားတဲ့ ဂီတအနုသုခုမနဲ့ တိုင်းရင်းသားအကပြိုင်ပွဲတွေကို တွေ့မြင်လာရခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံးရဲ့အနုပညာနဲ့ ဓလေ့ထုံးတမ်းတွေကို ယခုလို ဂုဏ်ယူစွာပွဲထုတ်ပေးနေတာက ယခုအချိန်မှာ အထူးလိုအပ်နေတဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို လေးစားတန်ဖိုးထားခြင်းတစ်မျိုးအဖြစ် ယူဆနိုင်ပါတယ်။

အမှန်တော့ မြတ်နိုးဖွယ်ရာ ရတနာအမွေအနှစ်တွေဖြစ်တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုအစုစုကို မပျောက်ပျက်၊ မဆုံးရှုံးအောင် သမိုင်းအစဉ်အဆက် ထိန်းသိမ်းကာကွယ်ရမယ့်တာဝန်က အားလုံးမှာ ရှိပါတယ်။ တည်တံ့အောင်လုပ်ရမယ့်အပြင် ဖွံ့ဖြိုးအောင်လည်း လုပ်ရမှာဖြစ်တယ်။ မြန်မာလူမျိုးတို့ရဲ့ ဘဝနဲ့ဂုဏ်သိက္ခာကို မြန်မာတို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှု အလှတရားတွေနဲ့သာ တည်ဆောက်ရမှာဖြစ်ပြီး ယဉ်ကျေးမှုအုတ်မြစ် ခိုင်ခိုင်မာမာရှိမှလည်း အမျိုးသားရေးအားမာန်က အားကောင်းလာမှာဖြစ်တယ်။ ဒီလို လက်ခံထားရမှာဖြစ်ပါတယ်။

အရိုင်းကနေ အယဉ်၊ အကြမ်းကနေ အနုအလှည့်အပြောင်းက ယဉ်ကျေးမှုအခြေခံပါမှ ဖြစ်နိုင်ပါတယ်။ အရိုင်းမဆန် ပညာပေးဆန်တဲ့ အနုသုခုမပညာကသာ ဒေါသကနေ မေတ္တာတရားကို ဖြစ်ထွန်းစေမယ်လို့လည်း ယုံကြည်ထားပါတယ်။ ထိုယုံကြည်ချက်ကတစ်ဆင့်သာလျှင် အထိန်းအကွပ်မဲ့ အရှက်အကြောက်ကင်းပြီး ရမ်းကားခြင်းကင်းတဲ့၊ လှပအေးချမ်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုရရှိနိုင်ဖို့ ကောင်းမွန်တဲ့ ယဉ်ကျေးမှုအခြေခံကောင်းတွေကို စဉ်ဆက်မပြတ် ဆက်လက်ပျိုးထောင်သွားကြရမယ်လို့ ခံယူမိပါတယ်။ ။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့် စည်ကား



နေပြည်တော် အောက်တိုဘာ ၁၈

ယနေ့သည် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြလေ့ရှိသည့်အပြင် အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေနေရာများ၌လည်း အပန်းဖြေခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။

**ဆီမီးများပူဇော်**

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေရှိ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလ အခါသမယအဖြစ် ဆီမီးများပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများဖြင့် ကုသိုလ်ယူခဲ့ကြသည်။ ၎င်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့၍ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ၊ အာဟာရပြည့်စားသောက်ဖွယ်ရာများနှင့် စတုဒိသာကျွေးမွေးခြင်းများ၊ မြန်မာ့ရိုးရာအကအလှဖျော်ဖြေခြင်းများကိုလည်း မြန်မာ့ရိုးရာထုံးတမ်းအစဉ်လာများနှင့်အညီ ပြုလုပ်ခဲ့ကြသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှလမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများ၊ အပန်းဖြေခရီးသွားရောက်သူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပန်းခြံများ၊ အပန်းဖြေဥယျာဉ်များ၌လည်း သီတင်းကျွတ်ရုံးပိတ်ရက် လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

**မီးအလှများဆင်ယင်**

ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများတပ်ဆင်ခြင်း၊ မီးရောင်စုံများ တပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများဆင်ယင်ထားသကဲ့သို့ နေပြည်တော် ရေပန်းဥယျာဉ်တွင်လည်း ရောင်စုံမီးများတပ်ဆင်ထားပြီး လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌လည်း ဆီမီးပူဇော်ထွန်းညှိခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဥယျာဉ်၊ ပန်းခြံများနှင့် အများပြည်သူအပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိကာ ပြည်သူများ လာရောက်အနားယူအပန်းဖြေလျက်ရှိကြကြောင်းနှင့် အလှမီးထွန်းညှိခြင်း၊ ရောင်စုံမီးပုံးများ လွှတ်တင်ခြင်းတို့ကို ပျော်ရွှင်စွာ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





# မြဝတီမြို့ ရွှေကုက္ကိုမြိုင် အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

မြဝတီ အောက်တိုဘာ ၁၈

ကရင်ပြည်နယ် မြဝတီမြို့ ရွှေကုက္ကိုမြိုင်အခြေခံပညာအထက်တန်းကျောင်း၏ ထာဝရချစ်သူ သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ ရက်တွင်ကျင်းပရာ ကရင်ပြည်နယ်နယ်ခြားစောင့်တပ်များ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်စောချစ်သူ၊ ခရိုင်ပညာရေးမှူးဦးသန်းဆွေဦးနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား စက်ခလုတ်နှိပ် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဦးစွာ ရွှေကုက္ကိုမြိုင် အောင်မင်္ဂလာကျောင်းတိုက်ဦးစီးပဓာနဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရ၊ ဗိုလ်ချုပ်စောချစ်သူ၊ ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက ကျောင်းဆောင်သစ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး စာသင်ခန်းများ၊ ကွန်ပျူတာခန်းတို့အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ကျောင်းဆောင်သစ်အလှူရှင် ကရင်ပြည်နယ် နယ်ခြားစောင့်တပ်များ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်စောချစ်သူက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦးက ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ထို့နောက် သုံးထပ်ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများ၊ အထိမ်းအမှတ်အလံများကို ဗိုလ်ချုပ်စောချစ်သူက လွှဲပြောင်းပေးအပ်ရာ ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦးနှင့် ခရိုင်ပညာရေးဌာန တာဝန်ရှိသူများက လက်ခံရယူသည်။



အဆိုပါ ထာဝရချစ်သူ သုံးထပ်ကျောင်းဆောင်ကို အလျား ပေ၂၉၀၊ အနံ ၃၁ ပေ အာရ်စီသုံးထပ်ဖြင့် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဇာဖြူဝင်း(မြဝတီ)**

# ဝါးခယ်မမြို့နယ်၌ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

ဝါးခယ်မ အောက်တိုဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့ ညနေပိုင်းမှ စတင်ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ဘုရားဖူးလာပြည်သူများက ဘုရား၊ စေတီပုထိုးဝင်းအတွင်း ပန်း၊ ဆီမီး၊ ရေချမ်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ရွှေသင်္ကန်း၊ သစ်သီးဆွမ်းများ စသည့်လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ဝါးခယ်မမြို့နယ်၌ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့ ညပိုင်းတွင်လည်း အဆို၊ အတီး၊ အကဝိုင်းများဖြင့် ဖျော်ဖြေလျက်ရှိပြီး ဆီမီးမျှောခြင်းများ၊ မီးပုံးပျံလွှတ်ခြင်းများကို စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိကြောင်း သိရသည်။ **ဟိန်းထက်လင်း(ပြန်/ဆက်)**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

# သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်နောက်ဆုံးရက်တွင် ဈေးလာရောက်ဝယ်ယူသူပြည်သူများ၊ ဂီတပွဲတော်လာရောက်ဆင်နွှဲကြသူလူငယ်များဖြင့် စည်ကားလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ကျင်းပလျက်ရှိသည့် သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော် (နောက်ဆုံးရက်)သို့ ယနေ့နံနက်ပိုင်းတွင် ဈေးလာရောက်ဝယ်ယူသူပြည်သူများ၊ ဂီတပွဲတော် လာရောက်ဆင်နွှဲကြသော လူငယ်များဖြင့် စည်ကားလျက်ရှိကြသည်။

**ပြည်သူများ လာရောက် ဝယ်ယူအားပေး**

ဈေးရောင်းပွဲတော်တွင် အီလက်ထရောနစ်ပစ္စည်း အရောင်းဆိုင်များ၊ ဆိုလာအရောင်းဆိုင်များ၊ အဝတ်အထည် အရောင်းဆိုင်များ၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ စားသောက်ကုန်ပစ္စည်း အရောင်းဆိုင်များ၊ MSMEအရောင်းဆိုင် ၄၈ ဆိုင်၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန အရောင်းဆိုင် ၂၆ ဆိုင်၊ သမဝါယမဦးစီးဌာနအရောင်းဆိုင် ၁၅ ဆိုင်၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဦးစီးဌာနအရောင်းဆိုင် ၁၅ ဆိုင်၊ သက်ဆိုင်ရာ ခရိုင်အလိုက် ထုတ်ကုန် အရောင်းဆိုင်များ၊ တိုင်းဒေသကြီး / ပြည်နယ်များမှ ဒေသထွက်ကုန် ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်း အရောင်းဆိုင်များ၊ သုတ/ရသ စာအုပ် အရောင်းဆိုင်များတွင် ပြည်သူများ လာရောက်ဝယ်ယူအားပေးလျက်ရှိကြသည်။ အဆိုပါဆိုင်များတွင် ဈေးရောင်းချသူများထံမှ ဈေးရောင်း ကောင်းကြောင်း၊ တစ်နေ့လျှင် ကျပ်ငါးသိန်းမှ ၁၀ သိန်းဝန်းကျင်ခန့် ရောင်းချရကြောင်း၊ တချို့ဆိုင်များဆိုလျှင် ငွေကျပ် ၁၅ သိန်းအထက်နှင့် သိန်း ၂၀ ဝန်းကျင်ခန့်အထိ ရောင်းချရကြောင်း ၎င်းတို့၏ ပြောပြချက် အရ သိရသည်။



သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်နောက်ဆုံးရက်တွင် ဈေးလာရောက်ဝယ်ယူသူပြည်သူများ၊ ဂီတပွဲတော်လာရောက်ဆင်နွှဲကြသူလူငယ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ထိုကဲ့သို့ ဝယ်ယူအားပေးကြသောပြည်သူများဖြင့် အထူးစည်ကားလျက်ရှိနေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးကြပြီး ကိုယ်တိုင်လည်း ဝယ်ယူအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျန်းမာရေးနှင့်အညီ စတုဒိသာ ကျွေးမွေးရန် ပြင်ဆင်ချက်ပြုတ် ဆောင်ရွက်နေသည့် နေရာသို့ သွားရောက်ကြည့်ရှုပြီး အစားအစာများကို သန့်ရှင်းစွာဖြင့် ကိုင်တွယ် ချက်ပြုတ်ကြရန်နှင့် စနစ်တကျ စီမံဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။ ပွဲတော်ရက်အတွင်း တစ်နေ့လျှင် သုံးကြိမ်စတုဒိသာများနှင့် အအေးများကို ကျွေးမွေးကြသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ သီတင်းကျွတ်ဈေးရောင်း ပွဲတော်တွင် ခင်းကျင်းပြသ ရောင်းချလျက်ရှိသည့် အရောင်းဆိုင်များအား ကြည့်ရှုအားပေးစဉ်။

ယနေ့သည် ဈေးရောင်းပွဲ နောက်ဆုံးရက်ဖြစ်သည်နှင့်အညီ နိုင်ငံကျော် တေးသံရှင်များက နံနက် ၉ နာရီမှ စတင်၍ တေးသီချင်းများ၊ ဒီဂျေ(DJ) များဖြင့် ဖျော်ဖြေတင်ဆက်ကြရာ လူငယ်လူရွယ် အများအပြား ကြည့်ရှုအားပေးပြီး ပျော်ရွှင်စွာဖြင့် အတူလိုက်ပါသီဆိုကခုန်ခြင်းများဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို နံနက် ၇ နာရီမှ ည ၇ နာရီအထိ၊ စတိတ်ရှိုး တေးဂီတနှင့် (DJ) တင်ဆက်မှုများကို နံနက် ၁၀ နာရီမှ ည ၉ နာရီအထိ ကျင်းပဖြစ်မည်ကြောင်းနှင့် ညပိုင်းတွင် မီးရှူးမီးပန်းများ ပစ်ဖောက်၍ မီးပုံးပျံများ လွှတ်တင်မည်ဖြစ်ရာ ပြည်သူများအနေဖြင့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်းနှင့် အကြို၊ အပို့ကားများကို သက်ဆိုင်ရာမြို့နယ်အလိုက် စီစဉ်ပေးထားကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ခရီးသွားဝင်ရောက်မှုများပြား၍ ဒေသခံများအလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်း

**ရန်ကုန် အောက်တိုဘာ ၁၈**


ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သီတင်းကျွတ်ပွဲတော်ကာလ၌ ဘုရားဖူးခရီးသွားများ ဟိုတယ်နှင့်တည်းခိုခန်း အခန်းပြည့်မှာယူမှုရှိခဲ့ပြီး လပြည့်နေ့တွင် မျှော်မှန်းထားသည်ထက် ခရီးသွားဝင်ရောက်မှုများခဲ့ရာ ဒေသခံများအလုပ်အကိုင် အခွင့်အလမ်း ပွင့်လန်းခဲ့ကြောင်း သိရသည်။

**နွေးထွေးလှိုက်လှဲစွာကြိုဆို**

" ဒီနှစ် ပြည်တွင်းခရီးသွား ထင်ထားတာထက်ပိုများတဲ့အတွက် အားလုံးဝမ်းသာနေကြတာပါ။ ဈေးဆိုင်၊ လက်ပန်းချီနဲ့ မြင်းလှည်းတွေလည်း အဆင်ပြေကြတယ်။ ဘုရားတစ်ဆူကိုသွားရင် ကျပ်တစ်သောင်းနဲ့ ဧရာဝတီမြစ်ဘေးက ရွှေကွန်ခြာဘုရားဆိုရင် ကျပ်တစ်သောင်းခွဲ ပေးရပါတယ်။ သဗ္ဗညုနဲ့ အာနန္ဒာကို သွားကြတာများတယ်။ ပြည်တွင်းခရီးသွား ပိုမိုဝင်ရောက်လာတာကြောင့် အားလုံးကိုကျေးဇူးတင်ပါတယ်။ ပုဂံမှာ မြင်းလှည်းစီးရတဲ့အရသာကို ပြည့်ပြည့်ဝဝခံစားနိုင်အောင် ကျွန်တော်တို့မြင်းလှည်းသမားတွေက ဝန်ဆောင်မှုကောင်းတွေပေးနေပါတယ်။ ခရီးသွားရာသီအစ ကောင်းမွန်တာကြောင့် ဒီနှစ် ပုဂံမှာ ခရီးသွားများမယ့်သဘောပါ။ ပုဂံဒေသက ဘုရားဖူးပြည်သူအပေါင်းကို နွေးထွေးလှိုက်လှဲစွာကြိုဆိုနေပါတယ်။ ဒေသခံတွေ စီးပွားရေးအခွင့်အလမ်း ကောင်းမွန်တဲ့အတွက် ဝမ်းသာနေကြပါတယ်"ဟု သဗ္ဗညုမြင်းလှည်းဂိတ်တာဝန်ခံ ဦးမင်းသူဆွေက ပြောသည်။

**ပြည်တွင်းခရီးသွားပိုမိုဝင်ရောက်**

သီတင်းကျွတ်ပွဲတော်ကာလ၌ အဖိတ်နေ့၊ လပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့တို့တွင် ခရီးသွားအများဆုံးဝင်ရောက်လေ့ရှိပြီး လပြည့်နေ့၌ ပုဂံဒေသတွင် တစ်နှစ်လျှင် တစ်ကြိမ်သာတွေ့မြင်ရသည့် လရောင်ဆမ်းသော ညပိုင်းသဘာဝအလှနှင့် ဆီမီးရောင်စုံဖြင့် ကြည်ညိုဖွယ် ဘုရားစေတီများကို ကုသိုလ်ယူကြည့်ရှုလိုမှုကြောင့် သီတင်းကျွတ်လပြည့်နေ့တွင် ခရီးသွားဝင်ရောက်မှုများခြင်းဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့တွင် နိုင်ငံခြားခရီးသွားထက် ပြည်တွင်းခရီးသွား ပိုမိုဝင်ရောက်ခဲ့ပြီး ဘုရားဖူးခရီးသွားများ မြင်းလှည်းစီး၍ ဘုရားစေတီလှည့်လည်ဖူးမြော်နိုင်ရန် သဗ္ဗညုနှင့် အာနန္ဒာဘုရားအနီး၌ ဂိတ်များဖွင့်လှစ်၍ မြင်းလှည်းအစီး ၁၀၀ ဖြင့် ဘုရားဖူးပြည်သူများအား ဝန်ဆောင်မှုကောင်းများပေးပြီး ဒေသခံများမျှော်မှန်းထားသည်ထက် ခရီးသွားဝင်ရောက်လာမှုကြောင့် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းခဲ့ကြောင်း သိရသည်။



**သတင်း-သစ္စာ(MNA)၊ ဓာတ်ပုံ - ဇွဲမာန်**

# ဘက်စုံသုံးဝင် ထန်းတစ်ပင်

ဒေါက်တာလပြည့်ခင်

ထန်းပင်သည် အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသ၏ ဇာတိပင်ရင်းဖြစ်ပြီး အာရှတိုက်၊ အာဖရိကတိုက်၊ အမေရိကတိုက်နှင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများတွင် ထန်းနှင့် ထန်းအမျိုးတူအပင်များကို တွေ့နိုင်ပါသည်။ ထန်းပင်သည် မိုးရေချိန်လက်မ ၂၀ မှ ၄၀ အတွင်း ရွာသွန်း၍ ပူပြင်းခြောက်သွေ့သော ရာသီဥတုမျိုးကိုနှစ်သက်သည်။ ထန်းပင်ကို မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂါနာနိုင်ငံနှင့် အာဖရိကဒေသတို့ကဲ့သို့ ပူပြင်းသည့်နိုင်ငံများတွင် ထန်းပင်အများအပြားကို တွေ့နိုင်သည်။ မြန်မာနိုင်ငံတွင် ရေဝပ်ရာဒေသမှလွဲ၍ နေရာအနှံ့အပြားတွင် ပေါက်ရောက်နိုင်သော်လည်း မြေလတ်ဒေသနှင့် မြန်မာနိုင်ငံအထက်ပိုင်းရှိ ပူပြင်းခြောက်သွေ့သောဒေသများတွင် အများဆုံးတွေ့ရလေ့ရှိသည်။ ထန်းပင်သည် အဓိကအားဖြင့် မြန်မာနိုင်ငံ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အလယ်ပိုင်းအညာဒေသများဖြစ်သည့် ပုဂံ၊ ညောင်ဦး၊ ပုပ္ပား၊ ကျောက်ပန်းတောင်း၊ နွားထိုးကြီး၊ တောင်သာ၊ မြင်းခြံ၊ မိတ္ထီလာ၊ မလှိုင်၊ ပခုက္ကူ၊ ရေစကြို စသည့်မြို့နယ်များတွင် အများဆုံးပေါက်ရောက်သည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အလေ့ကျပေါက်သော ထန်းပင်အနည်းအပါးကို တွေ့ရှိနိုင်သည်။

**ထန်းပင်မျိုးရင်းနှင့် မျိုးနွယ်များ**

ထန်းပင်သည် အလေ့ကျပေါက်လေ့ရှိသည့် အပင်အမျိုးအစားမဟုတ်သကဲ့သို့ သစ်ပင်မျိုးနွယ်စာရင်းတွင်လည်း မပါဝင်ပေ။ ထန်းပင်ကို ရုက္ခဗေဒအခေါ်အဝေါ်အားဖြင့် Palamaceae သို့မဟုတ် Palmy မျိုးရင်းတွင်ပါဝင်ပြီး အုန်းပင်၊ ဓနိပင်၊ ကွမ်းပင်၊ စလူပင်၊ စွန်ပလွံပင်၊ ဆပ်သွားဖူးပင်တို့နှင့် မျိုးရင်းတူပါသည်။ အဆိုပါ Palamaceae သို့မဟုတ် Palmy မျိုးရင်းတွင် ထန်းပင်အပြင် အခြားအပင်မျိုးရင်းပေါင်း ၁၅၀၀ ကျော်ပါဝင်ပါသည်။ ထန်းအမျိုးဝင်အပင်များအား အရွက်ပုံသဏ္ဌာန်ကို လိုက်၍ နှစ်မျိုး ခွဲခြားထားသည်။ တစ်မျိုးမှာ ငှက်မွေးပုံဖြစ်ပြီး ကျန်တစ်မျိုးမှာ ယပ်တောင်ပုံ ဖြစ်လေသည်။ အုန်းပင်၊ ကွမ်းသီးပင်၊ စွန်ပလွံပင်တို့သည် ငှက်မွေးပုံအရွက်ရှိသော အပင်မျိုးများဖြစ်ကြပြီး ပေပင်နှင့် ထန်းပင်တို့မှာမူ ယပ်တောင်ပုံအရွက်များ ရှိကြပါသည်။ ထိုယပ်တောင်ပုံအရွက်ရှိသော ထန်းပင်များကို ကော်ရီဖာထန်း (Corypha Palm)နှင့် တော့ဒီထန်း (Toddy Plam) ဟူ၍ ခေါ်ကြပါသည်။ ထန်းမျိုး၏ အသီး၊ ပင်စည်နှင့် အရွက်တို့သည် လူသားများအတွက် အလွန်အသုံးဝင်သောပစ္စည်းများ ဖြစ်ကြပါသည်။ ထန်းမျိုးပေါက်ရောက်ရာဒေသရှိ လူတို့သည် စားစရာ၊ နေစရာ၊ ဝတ်စရာတို့အတွက် ထန်းပင်ကို လုံးဝမှီခိုကြရသည်။ ထန်းမျိုးများအနက် ထန်းလျက်၊ ထန်းရည်များ ရရှိသော ထန်းပင်များမှာ ထင်ရှားပြီး ယင်းတို့ကို မြန်မာနိုင်ငံအရပ်ရပ်၌ တွေ့ရကာ အချို့အရပ်ဒေသများ၌ အလေ့ကျပင်ပေါက်များကို တွေ့နိုင်ပါသည်။

**ထန်းပင်အမျိုးအစားများ**

ထန်းပင်သည် အပြင်မှာအကာနှင့် အတွင်းမှာ အူချောင်းပါသော မြက်အမျိုးအစားဝင်အပင်ဖြစ်သည်။ အပင်အမျိုးအစားထဲတွင် အနှစ်ကို အနှစ်ရံသောအပင်၊ အကာကိုအကာရံသောအပင်၊ အနှစ်ကိုအကာရံသောအပင်နှင့် အကာကို အနှစ်ရံသောအပင်ဟူ၍ရှိသည့်အနက် ထန်းပင်သည် အကာကိုအနှစ်ရံသော အပင်အမျိုးအစားတွင် ပါဝင်သည်။ ထန်းပင်သည် အပင်စောက်မျိုးဖြစ်ပြီး အခက်အလက်တို့ ဖြာဝေခြင်းမရှိဘဲ အထက်သို့ ဖြောင့်ဖြောင့်မတ်မတ် တက်သွားပြီး အပင်၏ ထိပ်တည့်တည့်ရောက်မှ အရွက်များထွက်ရှိပါသည်။ ထန်းပင်ပေါက်စဘဝတွင် ကြီးထွားနှုန်းနှေးကွေးပြီး အရွယ်ရောက်စတွင် ကြီးထွားနှုန်းတိုးမြင့်လာပြီး တစ်နှစ်လျှင် ကြက်မတစ်ဝပ်စာမျှ မြင့်တက်သည်ဟု ဆိုကြပါသည်။ ထန်းပင်၏အမြင့်မှာ ပေ ၆၀ မှ ပေ ၈၀ အထိရှိပြီး ထို့ထက်မက လည်း မြင့်နိုင်ပါသည်။ ထန်းပင်၏ သက်တမ်းမှာလည်း နှစ်ပေါင်း ၁၅၀ မှ ၂၀၀ ကျော်အထိ ရှိကြပါသည်။

**ထန်းရည်နှင့် ကျန်းမာရေးကောင်းကျိုးများ**

ထန်းရည် (Palm Wine) ကို သောက်လျှင် ဆေးဖက်ဝင်သကဲ့သို့ လူကိုမူးဝေစေသည်။ ထန်းရည်တွင် ထန်းရည်ချိုနှင့် ထန်းရည်ခါးဟူ၍ နှစ်မျိုး ရှိပါသည်။ ထန်းရည်အချိုကိုသောက်လျှင် သကြားရည်ကဲ့သို့ချိုပြီး ရင်ခံတတ်သည်။ ထန်းရည်အခါးကိုသောက်လျှင် အရသာခါး၍အရက်ကဲ့သို့ မူးယစ်စေနိုင်ပါသည်။ အချိုရည်သည် ကစော်မပေါက်မီ ဆက်ကရင်းသကြား (Saccharine Sugar) ပါသော အရည်တစ်မျိုးဖြစ်ပြီး ယင်းကို မွန်းတည့် ၁၂ နာရီကျော်သည်အထိ ထားလျှင် အခါးရည်ဖြစ်သွားသည်။ လတ်ဆတ်သော အချိုရည်ကိုသောက်လျှင် ဝမ်းပျော့စေသည်။ ထန်းရည်သည် သဘာဝဆေး



တစ်ခုအနေဖြင့် ခန္ဓာကိုယ်ကို အကျိုးပြုပေးနိုင်ပါသည်။ ထန်းရည်၏ ချဉ်ဖန်ဓာတ် တန်ဖိုး (pH)မှာ ရှစ်မှ ကိုးအတွင်းရှိပါသည်။ ထန်းရည်ကို ကျန်းမာရေးအကျိုးကျေးဇူးများသည့် သောက်စရာတစ်ခုဟု ပြောနိုင်ပါသည်။ ထန်းရည်မှရရှိနိုင်သော အာဟာရဓာတ်များအနေဖြင့် ဆူးခရို့စ် (Sucrose)၊ ပရိုတင်း (Protein)၊ အက်စကောဘစ်အက်စစ် (Ascorbic Acid)၊ အမျှင်ဓာတ် (Fiber)၊ အမိုင်နိုအက်စစ် (Amino Acid)၊ ဗီတာမင်စီ (Vitamin C) နှင့် ဓာတ်တိုးဆန့်ကျင် အာနိသင်ရှိသောပစ္စည်းများ (Anti-oxidants) ကြွယ်ဝစွာပါဝင်ပါသည်။

ထန်းရည်သည် ကင်ဆာရောဂါကို တိုက်ဖျက်ပေးနိုင်သည်ဟု သိရှိရပြီး ထန်းရည်တွင် ဗီတာမင် B2 ဟု သိကြသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်ခုဖြစ်သော Riboflavin ဓာတ်ပါဝင်နေပါသည်။ အဆိုပါ Riboflavin သည် ကင်ဆာဖြစ်စေနိုင်သည့် Free Radicals များကို တိုက်ထုတ်ပေးနိုင်စွမ်းရှိသောကြောင့် ကင်ဆာအန္တရာယ်မှကာကွယ်ရန် ထန်းရည်သောက်ပေး၍ရသည်ဟု ဆိုကြပါသည်။ ထန်းရည်တွင် ဓာတ်တိုးဆန့်ကျင်အာနိသင်ရှိ ဓာတုပစ္စည်းများ (Anti-oxidants)နှင့် Vitamin C ပါဝင်သောကြောင့် အမြင်အာရုံကို တိုးတက်ကောင်းမွန်စေနိုင်ပါသည်။

ထို့အပြင် ထန်းရည်တွင်ပါဝင်သော Thiamine (သိုင်ရာမင်း)သည် Vitamin (B1) ချို့တဲ့ခြင်းကို ကုသရန် သို့မဟုတ် ကာကွယ်ရန် အသုံးပြုပါသည်။ ယင်း Vitamin သည် ကစီဓာတ်ဖြစ်သော Carbohydrate ကို ချေဖျက်သိုလှောင်ရန်၊ ခန္ဓာကိုယ်ပုံမှန်ကြီးထွားမှုကို ထိန်းသိမ်းရန်နှင့် အာရုံကြောများအားကောင်းရန်အတွက် အရေးပါသည့်အပြင် အမြင်အာရုံကိုလည်း ကောင်းမွန်စေနိုင်ပြီး အရေပြား၊ ဆံသားနှင့် ခြေသည်း လက်သည်းများကိုလည်း ကျန်းမာသန်စွမ်းစေနိုင်ပါသည်။ ထန်းရည်တွင် အရေပြား၊ ဆံသားနှင့် ခြေသည်း လက်သည်းများ ကျန်းမာစေရန်အတွက် လိုအပ်သည့် သံဓာတ် (Iron) နှင့် ဗီတာမင်ဘီ (Vitamin B) တို့ ကြွယ်ဝစွာ ပါဝင်နေခြင်းကြောင့် ခန္ဓာကိုယ်မှ ဆဲလ်များ ကောင်းမွန်စွာ လုပ်ဆောင်နိုင်စေရန် အထောက်အကူပြုပေးသကဲ့သို့ တစ်သျှူး



များကို ပြုပြင်ပေးပြီး အနာကျက်စေနိုင်စွမ်းလည်းရှိပါသည်။ ထန်းရည်တွင် ပါဝင်သော ပိုတက်ဆီယမ် (K) သည် နှလုံးကျန်းမာစေနိုင်ပြီး သွေးတိုးကျစေနိုင်သဖြင့် နှလုံးသွေးကြောဆိုင်ရာရောဂါများခံစားရနိုင်ခြေကို လျှော့ချပေးခြင်းကြောင့် ထန်းရည်ကို နေ့တိုင်း တစ်ခွက်သောက်ပေးမည်ဆိုပါက နှလုံးကျန်းမာစေမည်ဖြစ်သည်။

ထန်းရည်တွင် နို့ထွက်များစေနိုင်သော ဂုဏ်သတ္တိရှိသောကြောင့် နို့ထွက်နည်းသည့် မိခင်များသောက်သုံး၍ရသည့် သဘာဝနို့ရွှင်ဆေးတစ်လက်ဟုလည်း ပြောနိုင်ပါသည်။ ထန်းရည်သည် ကိုယ်အလေးချိန် ချချင်သူများအတွက်လည်း စဉ်းစားသင့်သည့် အချက်တစ်ခုဖြစ်သလို မှတ်ဉာဏ်ကောင်းလိုသူများအတွက်လည်း သင့်တော်ပါသည်။ ဦးနှောက်ကို ကျန်းမာစေနိုင်ပါသည်။ သွားဖုံးရောဂါများကို သက်သာစေနိုင်သကဲ့သို့ ပင်ပန်းမှုကိုလည်း ပြေလျော့စေနိုင်ပါသည်။ သွေးတွင်းကိုလက်စထရောပမာဏကို ကျဆင်းစေနိုင်ပြီး ဆီးကိုလည်း ရွှင်စေပါသည်။ အော့အန်ခြင်း၊ ဝမ်းသွားခြင်းတို့ကြောင့် ကိုယ်တွင်းရေဓာတ်ဆုံးရှုံးမှုဖြစ်သည့်အခါ ရေဓာတ်ပြန်လည်ဖြည့်တင်းစေရန် ထန်းလျက်ကို ရေနွေးနှင့်ဖြစ်စေ၊ ရေအေးနှင့်ဖြစ်စေ သောက်သုံးပေးပါက ကိုယ်တွင်းရေဓာတ်ကို ပြန်လည်ဖြည့်စွမ်းပေးစေနိုင်ပါသည်။ သို့ရာတွင် ထန်းရည်အများကြီးသောက်ခြင်းကြောင့် အသည်းရောဂါဖြစ်ပွားနိုင်သည်ကို မမေ့လျော့သင့်ပေ။

**ထန်းလျက်ချက်လုပ်ပုံနှင့် ထန်းလျက်အမျိုးအစားများ**

ထန်းပင်မှရသော သန့်စင်ထားသည့် ထန်းရည်အချိုကို ဒယ်အိုးထဲသို့ထည့်ကာ မီးပြင်းပြင်းဖြင့် ပျစ်လာသည်အထိ သမအောင်မွှေပေးရပြီး ဆူပွက်သည်အထိ ကျိုချက်ပေးရပါသည်။ အရည်ပျစ်၍ ထန်းလျက်သားတက်လာသည့်အခါ မီးဖိုပေါ်မှချပြီး မိမိလိုအပ်သည့် ပုံစံအတုံးလေးများပြုလုပ်ကာ အခြောက်ခံလျှင် ထန်းလျက်ခဲကို ရရှိပါသည်။ ဆီးမှုန့်၊ အုန်းသီး၊ နှမ်း၊ မြေပဲ စသည်တို့ဖြင့်လည်း ပြုလုပ်နိုင်ပါသည်။ သဘာဝပစ္စည်းစစ်စစ်မှ ထုတ်လုပ်ထားသည့်အပြင် ဆေးဖက်ဝင်သောကြောင့် မြန်မာ့ထမင်းဝိုင်းတွင် အချိုတည်းစရာတစ်ခုအဖြစ် ရှေးကတည်းကပင် တည်ရှိခဲ့ကာ လက်ရှိအချိန်အထိ လူကြီး၊ လူငယ်မရွေး အထူးကြိုက်နှစ်သက်စွာ စားသုံးလျက်ရှိသည့် အစားအစာတစ်ခု ဖြစ်ပါသည်။ ထန်းလျက်ကို ပြည်ပနိုင်ငံများကပါ ကြိုက်နှစ်သက်စွာ စားသုံးနေကြပြီ ဖြစ်ပါသည်။

**စာမျက်နှာ ၂၃ သို့** ❐

**“မြန်မာနိုင်ငံအထက်ပိုင်း၌ ထန်းတောများကို အများအပြားတွေ့ရှိရပြီး ထန်းပင်များမှာ မြန်မာ့စီးပွားရေး၌ အရေးပါသော အပင်တစ်မျိုးဖြစ်ပေသည်။ ထန်းသားသည် အတွင်းသားပျော့သော်လည်း အပြင်သားမှာ မာကျောသဖြင့် ထန်းသားကို တိုင်၊ ရေတံလျှောက်၊ လှေ စသည်တို့ပြုလုပ်ရာ၌ သုံးကြသည်။ ထန်းသားသည် ရေထိလျှင် ပို၍ခိုင်ခံ့သောသစ်သားမျိုးဖြစ်သည်။ ထန်းရွက်များဖြင့် ယပ်တောင်၊ ဖျာ၊ တောင်း၊ ပလုံး၊ ဦးထုပ်များကို ပြုလုပ်တတ်ကြသည့်အပြင် အိမ်မိုးရာ၌လည်း အသုံးပြုတတ်ကြပါသည်။ ရွက်လယ်ကြောများနှင့် ထန်းပင်မှရရှိသောအမျှင်များကို ဝက်မှင်ဘီးနှင့် ကြိုးပြုလုပ်ကြသည့်အပြင် ရွက်လယ်ကြောများကို တံမြက်စည်းအဖြစ်လည်း ပြုလုပ်ရောင်းချကြသည်။ ထန်းပင်၏အလက်များကို ကုလားထိုင်များ၊ ထိုင်ခုံများ၊ စားပွဲများအဖြစ်လည်း ပြုလုပ်ရောင်းချကြသည်။ ထိုကဲ့သို့ ဘက်စုံအသုံးဝင်သော ထန်းပင်၊ ထန်းတောပိုင်ဆိုင်သူတစ်ဦးအနေဖြင့် တစ်ဖက်တစ်လမ်းမှအပိုဝင်ငွေများရရှိလျက်ရှိ”**

# မြစ်ကြီးနားမြို့၌ ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးများတွင် ဆီမီးထွန်းညှိပူဇော်

**မြစ်ကြီးနား အောက်တိုဘာ ၁၈**

ကချင်ပြည်နယ် အစိုးရအဖွဲ့က ကြီးကြပ်စီမံမှုဖြင့် မြစ်ကြီးနားမြို့၌ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)၌ မြို့ပေါ်ရှိရှေးဟောင်းသမိုင်းဝင်စေတီတော်မြတ်ကြီးများတွင် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ခြင်းနှင့် စတုဒိသာများ ဧည့်ခံကျွေးမွေးခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

သီတင်းကျွတ် လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက် ထိန်နန်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ သီတာရပ်ကွက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် လောကမာန်အောင် ဆုတောင်းပြည့်စေတီသို့ သွားရောက်ပြီး သီတင်းကျွတ် ပွဲတော်တွင် အေးချမ်းပျော်ရွှင်စွာ ကုသိုလ်ကောင်းမှုပြုရန် လာရောက်သည့် ပြည်သူများအား မုန့်နှင့် ရေခဲမုန့်များကို စတုဒိသာအဖြစ် ဧည့်ခံကျွေးမွေးကြသည်။ ဆက်လက်၍ စေတီတော်ရင်ပြင်၌ ဆီမီး ၁၀၀၀ ထွန်းညှိ ပူဇော်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ခြင်းတို့ကို ပြည်သူများနှင့်အတူ ဆောင်ရွက်ကြပြီး မီးပုံးပျံများကို လွှတ်တင်ပူဇော်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်စေတီတော်မြတ်ကြီးသို့ သွားရောက်ပြီး ဘုရားဖူး ကုသိုလ်ဒါနပြုရန် လာရောက်ကြသည့် ပြည်သူများနှင့်အတူ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပြီး စေတီတော်အတွင်း ရှမ်းမျိုးနွယ်စုများက ရိုးရာကိန္နရီ/ ကိန္နရာအက၊ တိုးနယားအကတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကာ မီးပုံးပျံများကို လွှတ်တင်ပူဇော်ခဲ့ကြသည်။ ယင်းနောက် ဌာနဆိုင်ရာများ၏ စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးမှုများကို လိုက်လံကြည့်ရှုအားပေးသည်။



ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အထိမ်းအမှတ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ကျင်းပလျက်ရှိသည့် သီတင်းကျွတ်စတုဒိသာဈေးပွဲတော်သို့ သွားရောက်ပြီး တိုင်းမှူး၊ ဒုတိယတိုင်းမှူး၊ တပ်မတော်အရာရှိကြီးများနှင့်အတူ နိဗ္ဗာန်ဈေးပွဲတော်အတွင်း ကချင်ပြည်နယ်အစိုးရအဖွဲ့၊ တပ်ရင်း/ တပ်ဖွဲ့အလိုက် ကျွေးမွေးဧည့်ခံသွားမည့် ရိုးရာအစားအစာများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး ချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ကာ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့် ဘုရားကြီး၌ ဆီမီးထွန်းညှိပူဇော်ပွဲကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၁၈**

ပြင်ဦးလွင်မြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး (ပြည်ချစ်ဘုရား)တွင် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) ဆီမီးထွန်းညှိပူဇော်ပွဲကို အောက်တိုဘာ ၁၇ ရက် ညနေ ၆ နာရီခွဲတွင် ဘုရားကြီးရင်ပြင်တော်၌ ကျင်းပသည်။

ဆီမီးထွန်းညှိပူဇော်ပွဲကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် ဆီမီး ၃၀၀၀ ကို ထွန်းညှိပူဇော်ခဲ့ရာ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# စကုမြို့၌ ဌာနဆိုင်ရာများနှင့် ဈေးသူဈေးသားများ၏ စုပေါင်းမဟာဘုံကထိန်ပွဲကျင်းပ

**မင်းဘူး အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး စကုမြို့တွင် ဒုတိယကြိမ်မြောက် ဌာနဆိုင်ရာများ၊ ဈေးသူဈေးသားများ၏ စုပေါင်းမဟာဘုံကထိန် အလှူတော်ပွဲကို ယနေ့နံနက် ၉ နာရီတွင် စကုမြို့ ပုညရှင်ဓမ္မာရုံ၌ ကျင်းပသည်။

**ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်**

အဆိုပါ စုပေါင်းမဟာဘုံကထိန် အလှူတော်ပွဲကို စကုမြို့ ကန်ဦးကျောင်းတိုက် နိုင်ငံတော်သြဝါဒါစရိယ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တရထံမှ ငါးပါးသီလခံယူဆောက်တည်၍ စကုမြို့နယ်ဝန်းကျင်ရှိ ကျောင်းပေါင်း ၁၂၀ မှ ဆရာတော် ၁၄၄ ပါးတို့က ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ထို့နောက် စကုမြို့အုပ်ချုပ်ရေးမှူး၊ ဦးစီးအရာရှိ ဦးချိုစန်းလွင်ဦးက ဒုတိယအကြိမ်မြောက် စကုမြို့စုပေါင်းမဟာဘုံကထိန်ပွဲ၏ စီစဉ်ဆောင်ရွက်ထားမှုများကို လျှောက်ထားပြီး မင်းဘူးခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်နှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား ကထိန်သင်္ကန်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကာ ပဒေသာပင်များကို မဲနှိုက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဇေယျာထက်(မင်းဘူး)



❒ စာမျက်နှာ ၂၂ မှ

ထန်းလျက်တွင်သကြားထန်းလျက်၊ ထန်းသီးထန်းလျက်ဟူ၍ နှစ်မျိုးရှိပြီး သကြားထန်းလျက်မှာ အဖြူရောင်ကဲကာ ထန်းရည်ဖြင့်ချက်သော ထန်းလျက်မှာ အညိုရောင်အဆင်းရှိ၍ သကြားထန်းလျက်ထက် အချိုဓာတ်ပိုများပါသည်။ အချိုဓာတ်သည် ခန္ဓာကိုယ်အာဟာရပြည့်စေသည့်အပြင် ခွန်အားလည်းဖြစ်စေနိုင်ပါသည်။ နံနက်ခင်း၌ သောက်မည့်ဖျော်ရည် သို့မဟုတ် နံနက်ခင်း သောက်စရာတစ်ခုထဲသို့ ထန်းလျက်ကိုထည့်၍ သောက်ပေးမည်ဆိုလျှင် ခန္ဓာကိုယ်အတွက် ခွန်အားပြည့်ဝစေမည်ဖြစ်ပါသည်။ ထန်းလျက်သည် အစာခြေစနစ်ကို ကောင်းမွန်စေသောအစွမ်းရှိပြီး အစာကြေလွယ်စေပါသည်။ မန်ကျည်းသီးနှင့်ရောပြီး မန်ကျည်းဖျော်ရည်အဖြစ် စိမ်သောက်ပါကလည်း ခန္ဓာကိုယ်အတွင်းမှ အပူများကင်းစင်စေပါသည်။ ထန်းလျက်တွင် လူခန္ဓာကိုယ်အတွက် လိုအပ်သော ကယ်လိုရီနှင့် ကာဗွန်ဟိုက်ဒရိတ်သတ္တုဓာတ်များ ပါဝင်နေသည့်အပြင် ထန်းလျက်တွင် အကျိုးပြုအမျှင်ဓာတ်များ ပါဝင်နေသောကြောင့် အူအတွင်းမှ အကျိုးပြုဇက်တီးရီးယားများကို အထောက်အပံ့ပေးပြီး သွေးအတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်ပါသည်။ ထန်းလျက်တွင် ပါဝင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများမှာ ကင်ဆာဖြစ်စေသော အရာများကို တိုက်ဖျက်ပေးသည့်အပြင် ဗီတာမင် A,C တို့ ကြွယ်ဝစွာပါဝင်သောကြောင့် ကင်ဆာရောဂါကိုလည်း ကာကွယ်နိုင်သည်။

အစားအစာများကို အများကြီးစားမိသည့်အခါနှင့် မတည့်စာများကို စားမိသည့်အခါ ရင်ပြည့်ရင်ကယ်ဖြစ်လာပါက ထန်းလျက်ကိုစားပေးခြင်းဖြင့် ရင်ချောင်စေနိုင်ပါသည်။ ထန်းလျက်ကို ပုံမှန်စားပေးခြင်းဖြင့် အစာကြေလွယ်ပြီး အစာခြေစနစ်ကို ကောင်းစွာလုပ်ဆောင်နိုင်စေသောကြောင့် ဝမ်းချုပ်ခြင်းကို သက်သာစေနိုင်ပါသည်။ ထန်းလျက်တွင် ပိုတက်ဆီယမ်နှင့် ကယ်လ်စီယမ်တို့ကဲ့သို့ ခန္ဓာကိုယ်အတွက် လိုအပ်သည့် သတ္တုဓာတ်များပါဝင်နေပြီး အရိုးနှင့်ကြွက်သားများကို သန်မာစေနိုင်ပါသည်။ အရိုးနှင့် ကြွက်သားတစ်သျှူးများကို ကျန်းမာစေပါသည်။ ခန္ဓာကိုယ်အပူချိန်ကို ထိန်းညှိပေးခြင်းနှင့် သဘာဝဓာတ်တိုးဆန့်ကျင်အာနိသင်များ ပါဝင်နေသောကြောင့် ကိုယ်တွင်းအဆိပ်အတောက်များကိုလည်း ဖယ်ရှားနိုင်ပါသည်။

**ထန်းပင်၏အသုံးဝင်ပုံများ**

ထန်းပင်တစ်ပင်လုံးတွင် အသုံးမဝင်သည့်နေရာမရှိပေ။ အခြားသောအပင်များအနေဖြင့် တစ်ပင်လုံး အသုံးဝင်သည်ဆိုသော်လည်း အရွက်မှာ လူတို့အတွက် အမှိုက်သာဖြစ်ပါသည်။ ထန်းပင်ကား ထိုသို့မဟုတ်ဘဲ ကျေးလက်ဒေသများ၌ ထန်းရွက်ကို အမိုး၊ အကာအဖြစ် အသုံးပြုနိုင်ပါသည်။ ပလတ်စတစ်ယပ်တောင်များထက် အေးချမ်းမှုကိုပေးနိုင်သော ထန်းရွက်ယပ်တောင်အဖြစ်လည်း ထုတ်လုပ်နိုင်ပါသည်။ ထန်းလက်ကိုနီးဖြာ၍ ထန်းကြောဖျာ၊ ထန်းခေါက်ဖာများ ရက်လုပ်အသုံးပြုနိုင်သကဲ့သို့ ထန်းလက်ကုလားထိုင်ပြုလုပ်၍လည်း အသုံးပြုနိုင်ပါသည်။ ထန်းသားသည် သစ်သားထက်ပို၍ပင် မာကျောကောင်းမွန်သောကြောင့် ထန်းသားကို အိမ်အဆောက်အအုံများ၊ အိမ်ထောင်ပရိဘောဂများအဖြစ်လည်း အသုံးပြုလျက်ရှိကြပါသည်။ ထန်းပင်မှ ထန်းရွက် ၁၀ နှစ် အထွက်နှုန်းအနေဖြင့် ထန်းတစ်ပင်သည် ထန်းရွက် ၁၂ ရွက်ရှိရာ တစ်ပင်လျှင် ခုနှစ်ရွက်နှုန်း ထုတ်၍ရပြီး ယင်းကို ထန်းလျှော်အနေဖြင့်လည်း အသုံးပြုနိုင်ပါသည်။ ထန်းသားနှင့် အိမ်ဆောက်ခြင်း၊ ထန်းရွက်အား အိမ်မိုးခြင်း၊ ထန်းလျှော်အား တောင်းရက်ခြင်းနှင့် ချည်ထုတ်ခြင်း၊ ထန်းလက်ခြောက်အား အိမ်ထောင်ပရိဘောဂများ ပြုလုပ်ခြင်း၊ ပင်စည်အား နွားစားကျင်းပြုလုပ်ခြင်း၊ ထန်းသီးနုအား လူစားခြင်းနှင့် နွားကျွေးခြင်း၊ ထန်းစေ့မှ ထန်းပင်မြစ်အား စားသုံးခြင်းတို့ ပြုလုပ်နိုင်ပါသည်။

ယခုနောက်ပိုင်းတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) တစ်ခုအနေဖြင့် ထန်းရည်ဝိုင်ပုလင်း (Palm Wine) နှင့် ထန်းရည်ဘီယာသံဘူး (Palm Beer Can) များဖြင့် တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြုပြင်ဖန်တီး ထုတ်လုပ်ဖြန့်ဖြူးရောင်းချ၍ အရောင်းသွက်နေကြောင်း သိရှိရပါသည်။ ထန်းသီးမှ ထွက်လာသော အစို့ကို ထန်းမြစ် (ထန်းပင်မြစ်)ဟုခေါ်၍ မီး၌ဖုတ်၍ဖြစ်စေ၊ ပြုတ်၍ဖြစ်စေ စားသုံးလေ့ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံအထက်ပိုင်း၌ ထန်းတောများကို အများအပြားတွေ့ရှိရပြီး ထန်းပင်များမှာ မြန်မာ့စီးပွားရေး၌ အရေးပါသော အပင်တစ်မျိုးဖြစ်ပေသည်။ ထန်းသားသည်အတွင်းသားပျော့သော်လည်း၊ အပြင်သားမှာ မာကျောသဖြင့် ထန်းသားကို တိုင်၊ ရေတံလျှောက်၊ လှေ စသည်များပြုလုပ်ရာ၌ သုံးကြသည်။ ထန်းသားသည် ရေထိလျှင် ပို၍ ခိုင်ခံ့သောသစ်သားမျိုးဖြစ်သည်။ ထန်းရွက်များဖြင့် ယပ်တောင်၊ ဖျာ၊ တောင်း၊ ပလုံး၊ ဦးထုပ်များကို ပြုလုပ်တတ်ကြသည့်အပြင် အိမ်မိုးရာ၌လည်း အသုံးပြုတတ်ကြပါသည်။ ရွက်လယ်ကြောများနှင့် ထန်းပင်မှရရှိသောအမျှင်များကို ဝက်မှင်ဘီးနှင့် ကြိုးပြုလုပ်ကြသည့်အပြင် ရွက်လယ်ကြောများကို တံမြက်စည်းအဖြစ်လည်း ပြုလုပ်ရောင်းချကြသည်။ ထန်းပင်၏ အလက်များကို ကုလားထိုင်များ၊ ထိုင်ခုံများ၊ စားပွဲများအဖြစ်လည်း ပြုလုပ်ရောင်းချကြသည်။ ထိုကဲ့သို့ ဘက်စုံအသုံးဝင်သော ထန်းပင် ထန်းတောပိုင်ဆိုင်သူတစ်ဦးအနေဖြင့် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေများ ရရှိလျက်ရှိကြောင်း သိရှိရပါသည်။ ။

# ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့်စည်ကား



**ကျိုက်ထို အောက်တိုဘာ ၁၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်၌ ယနေ့တွင် ဘုရားဖူး ပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ဘုရားဖူးလာပြည်သူများက စိတ်အေးချမ်းသာစွာဖြင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူပူဇော်ကြပြီး တရားဘာဝနာများ ရွတ်ဖတ်ပူဇော်ကြသည်။

ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရန်အတွက် ဆံတော်ရှင်ကျိုက်ထီးရိုး ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိ



# သီတင်းကျွတ်လပြည့်ညဉ့် တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော်တွင် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကား

**တောင်ကြီး အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ စူဠာမုနိ လောကချမ်းသာ ဘုရားစေတီတော်၌ အောက်တိုဘာ ၁၇ ရက်က ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ထို့အပြင် တောင်ကြီးမြို့ပေါ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးနှင့် အခြားဘုရားစေတီပုထိုးများတွင်လည်း ဘုရားဆီမီးပူဇော်ခြင်း၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်း လာရောက်ကုသိုလ်ပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

သီတင်းကျွတ်နေ့ထူးနေ့မြတ်အခါသမယ၌ တောင်ကြီးမြို့အနီးဝန်းကျင်ရှိ မြစိမ်းတောင်၊ အင်းလေးဒေသရှိ ဘုရားစေတီများ၊ မွေတော်ကက္ကူဘုရားပုထိုးများနှင့် ဟိုပုံးမြို့ရှိ ထမ့်ဆမ်းလိုဏ်ဂူတော် စသည့်နေရာများ၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

# အကြိမ်(၁၅၀)မြောက် မုဒုံမြို့လုံးကျွတ် မဟာသံဃိက ဆွမ်းကြီးလောင်းလှူပွဲ ကျင်းပ

**မုဒုံ အောက်တိုဘာ ၁၈**

မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ သမိုင်းဝင် ဆံတော်ရှင်ကန်ကြီးစေတီတော်၏ အကြိမ်(၁၅၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်အဖြစ် မြို့လုံးကျွတ် မဟာသံဃိက ဆွမ်းကြီး လောင်းလှူပွဲကို သီတင်းကျွတ် လပြည့်နေ့တွင် မြို့တွင်း လမ်းတစ်လျှောက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



**စုပေါင်းလောင်းလှူ**

မုဒုံမြို့လုံးကျွတ် ဆွမ်းကြီးလောင်းလှူပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့် အဖွဲ့ဝင်များ၊ ကန်ကြီးစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်နေ ဒေသခံပြည်သူများသည် မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဘုန်းကြီးကျောင်း ၇၅ ကျောင်းမှ သံဃာအပါး ၁၉၄၀၊ သီလရှင်ကျောင်း ၁၇ ကျောင်းမှ သီလရှင် ၂၃၄ ပါး စုစုပေါင်း ၂၁၇၄ ပါးအား ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ငွေပဒေသာပင်များ အလှူငွေကျပ် ၇၆၄၃၀၀၀၀ ကို စုပေါင်းလောင်းလှူကြကြောင်း သိရသည်။

အောင်မျိုးသူ (ပြန်/ဆက်)



# ပေါင်းတည်၌ အကြိမ်(၁၄၀)မြောက် မြို့လုံးကျွတ် ဆွမ်းကြီးလောင်းလှူပွဲ ကျင်းပ

**ပေါင်းတည် အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ အကြိမ်(၁၄၀)မြောက် မြို့လုံးကျွတ်ဆွမ်းကြီးလောင်းလှူပွဲကို သကျမုနိမိုဃ်းကောင်းဘုရားဂေါပကအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ယနေ့ နံနက် ၆ နာရီခွဲမှစ၍ မြို့ပေါ်လမ်းများတစ်လျှောက် စည်ကားသိုက်မြိုက်စွာ လောင်းလှူကြသည်။

မြို့လုံးကျွတ် ဆွမ်းကြီးလောင်းလှူပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့်အဖွဲ့ဝင်များ၊ သကျမုနိမိုဃ်းကောင်းဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများသည် ဗုဒ္ဓမြတ်စွာဘုရားအမှူးပြုသော မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ ဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် စုစုပေါင်း သံဃာတော် ၁၉၉ ပါးအား ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ငွေပဒေသာပင်များ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

ရွှေသား(ပြန်/ဆက် )



# စစ်ကိုင်းမြို့ ကောင်းမှုတော်စေတီတော်မြတ်ကြီးတွင် ဒုတိယအကြိမ် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပ

**စစ်ကိုင်း အောက်တိုဘာ ၁၈**

စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီးတွင် ဒုတိယအကြိမ် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ ရက် ညနေ ၆ နာရီက အဆိုပါဘုရားကြီး တောင်ဘက်မုခ်၌ ကျင်းပပူဇော်ကြသည်။

ဆီမီးပူဇော်ပွဲ အခမ်းအနားတွင် စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ၊ ဘုရားဂေါပကအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘုရားဖူးလာပြည်သူများက စေတီတော်မြတ်ကြီးအား ဆီမီးများဖြင့် ထွန်းညှိပူဇော်ခဲ့ကြကြောင်း သိရသည်။

ဇော်မြင့်နိုင်

# မော်လမြိုင်ကျွန်းမြို့ တန်ခိုးကြီးဘုရားများ၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကား

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ တာဝတိံသာမြတ်စွာဘုရားကြီးနှင့် အခြားသော တန်ခိုးကြီးဘုရားစေတီများတွင် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းမှစ၍ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ညနေပိုင်းတွင် ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူခြင်းနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး စတုဒိသာများကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)



# ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ဆီမီး ၉၉၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပ

**ပြည် အောက်တိုဘာ ၁၈**

သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ယနေ့ ညပိုင်းတွင် ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဆီမီး ၉၉၀၀ ထွန်းညှိ ပူဇော်ပွဲကျင်းပရာ စေတီတော်ရင်ပြင်၌ စည်ကားလျက်ရှိပြီး ဆီမီးပူဇော်ပွဲတွင် ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ပျော်ရွှင်စွာ ကုသိုလ်ပြုပါဝင်ဆင်နွှဲကြသည်။

ဆီမီး ၉၉၀၀ ထွန်းညှိပူဇော်ပွဲကျင်းပရာတွင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဝေယျာဝစ္စအသင်းအဖွဲ့များကဦးဆောင်၍ ရင်ပြင်တော်မုခ်အသီးသီး၌ ဆီမီးများကို ဗုဒ္ဓပူဇာစာတန်းများ၊ ကနုတ်ပန်းများဖြင့် သဏ္ဌာန်အမျိုးမျိုးပုံဖော်ကာ ထွန်းညှိပူဇော်ခြင်းဖြစ်ပြီး ဆီမီးပူဇော်ပွဲတွင် ဒေသခံနှင့် နယ်ပေါင်းစုံမှ ဘုရားဖူးပြည်သူများက ပျော်ရွှင်စွာ ကုသိုလ်ပြုပါဝင်ဆင်နွှဲကြပြီး ထိုသို့ကုသိုလ်ပြု ဆီမီးပူဇော်နေမှုကို ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်စိုးဦးဟန်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုသဒ္ဓါပွားများကြကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)



# အွန်လိုင်းပညာရေးနှင့် ယနေ့ကမ္ဘာ

**• • • • • • အောင်ထက်လင်း (ကြိမ်ချောင်း) • • • • • •**

အွန်လိုင်းပညာရေးသည် ကာလ၊ ဒေသ၊ ပယောဂတို့ကြောင့် ပညာရပ်တစ်ခုခုကို သင်ယူရန် အခက်အခဲရှိနေသူများ၊ ငွေကြေးမတတ်နိုင်သူများ၊ အလုပ်အကိုင်မပျက် ပညာသင်ယူဆည်းပူးလိုသူများနှင့် အရေးပေါ်အခြေအနေများတွင် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်ရေးအတွက် အကျိုးရှိသည့် ပညာရေးဖြစ်သည်။ နိုင်ငံတကာ၌ အွန်လိုင်းပညာရေး ဖွံ့ဖြိုးနေသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ မှတ်တမ်းများအရ ၁၉၈၄ ခုနှစ်တွင် ကနေဒါနိုင်ငံရှိ တိုရွန်တိုတက္ကသိုလ်သည် ပထမဦးဆုံးသော အွန်လိုင်းအတန်းများကို စတင်ဖွင့်လှစ်ခဲ့သည်။ နောက်ပိုင်းတွင် ကမ္ဘာ့ထိပ်သီးတက္ကသိုလ်ကြီးများတွင် အွန်လိုင်းမှတစ်ဆင့် ပညာသင်ကြားခြင်းနှင့် အချို့ဘာသာရပ်များကို စာသင်ခန်းများတွင် သင်ယူပြီး အချို့ကိုမူ အွန်လိုင်းမှတစ်ဆင့်သင်ယူခြင်း စသည့်သင်ကြားမှုပုံစံများကို ကျင့်သုံးလာကြသည်။ ယခုအခါ ကမ္ဘာအနှံ့တွင် အွန်လိုင်းပညာရေး တစ်နေ့တခြား တွင်ကျယ်လျက်ရှိသည်။ ၂၀၀၀ ပြည့်နှစ်မှစ၍ ၉၀ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး ပညာရေးနယ်ပယ်၌ အလျင်အမြန်ကြီးထွားလာနေသော ဈေးကွက်ဖြစ်ကြောင်း လေ့လာမှုများက ဆိုသည်။

### စာသင်ခန်းများသည် ပညာရှာမှီးရာ တစ်ခုတည်းသောနေရာ

နည်းပညာဖွံ့ဖြိုးနေသော ကမ္ဘာကြီးတွင် အင်တာနက်သည် ပညာရေးနယ်ပယ်တစ်ခုလုံးကို အလျင်အမြန် ပြောင်းလဲစေခဲ့သည်။ ပညာသင်ယူရေးတွင် အနှောင့်အယှက် အတားအဆီးဖြစ်နေမှုများကို လျှော့ကျစေခဲ့သည်။ စာသင်ခန်းများသည်သာ ပညာရှာမှီးရာ တစ်ခုတည်းသော နေရာဖြစ်သည်ဆိုသည့် အစဉ်အလာယူဆချက်နှင့် အဝေးသင်ပညာရေးကို စာပေးစာယူပညာရေးဟု နားလည်လက်ခံထားသည့်ခေတ်တို့ကို အင်တာနက်က ချေဖျက်ပစ်ခဲ့သည်။ ကွန်ပျူတာနှင့် အင်တာနက်ရှိနေလျှင် အတတ်ပညာအားလုံးကို လေ့လာသင်ယူနိုင်သည့်ခေတ်ဖြစ်လာသည်။ အွန်လိုင်းသင်ယူမှုသည် မည်သည့်နေရာတွင် ရှိသည်ဖြစ်စေ အသက်အရွယ်မရွေး အိုင်တီနည်းပညာဖြင့် ကုန်ကျစရိတ်သက်သာစွာ လေ့လာသင်ယူနိုင်ခြင်း၊ သက်ဆိုင်ရာဘာသာရပ်များနှင့်ပတ်သက်၍ အသိပညာတိုးပွားလာခြင်း၊ သင်ယူမှုမှတစ်ဆင့် ထပ်မံသိရှိလိုသော အချက်အလက်များ၊ ပညာရပ်ဆိုင်ရာဆောင်းပါးများကို ဖတ်ရှုရသဖြင့် စာဖတ်ရှိန်ကို မြှင့်တင်ပေးခြင်း၊ အချိန်ကုန်သက်သာခြင်း၊ ဒစ်ဂျစ်တယ်ဆိုင်ရာ အသိပညာများ ပိုမိုနားလည်တတ်မြောက်လာခြင်း စသည့်အကျိုးကျေးဇူးများကိုရရှိစေသည်။ အွန်လိုင်းပညာရေးသည် ကမ္ဘာတစ်လွှား လူကြိုက်များသည့် သင်ကြားရေးစနစ်ဖြစ်လာသည်။

အွန်လိုင်းပညာရေးတွင် ကောင်းကျိုးများစွာရှိသော်လည်း စိန်ခေါ်မှုများလည်း ပြည့်နှက်နေသည်။ ကိုဗစ်ကပ်ရောဂါကာလအတွင်း နိုင်ငံအချို့၌ အွန်လိုင်းပလက်ဖောင်းများ၊ တီဗွီ၊ ရေဒီယို အစီအစဉ်များဖြင့် သင်ယူမှုမပြတ်တောက်စေရန် အကောင်အထည်ဖော်ခဲ့ကြသည်။ ဒစ်ဂျစ်တယ်နှင့် အလှမ်းဝေးရှိနေသည့် သုံးပုံ တစ်ပုံကျော်သော ကျောင်းသားများက အဆိုပါသင်ကြားမှုမျိုးကို လက်လှမ်းမမီဖြစ်ကြရသည်။ လက်ရှိတွင်လည်း ပဋိပက္ခနယ်မြေအသီးသီးရှိ ကလေးများ ပညာသင်ယူခွင့်ဆုံးရှုံးနေသည်။ ဆင်းရဲတွင်းနက်နေသော နိုင်ငံများတွင် အွန်လိုင်းပညာရေးကို လျစ်လျူရှုထားရသည်။ လူ့ဘဝ၌ မွေးဖွားလာသည်မှသေဆုံးသည်အထိ သင်ယူခြင်း၊ သင်ကြားခြင်းအပြင် အစဉ်လေ့လာခြင်းပြုနေကြရပေသည်။ သို့မှသာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်၍ အောင်မြင်သောအနာဂတ်ဘဝ ရရှိနိုင်ကြမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်မှာ ထိုနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော လူငယ်များအပါအဝင် ပြည်သူပြည်သားအားလုံး၏ အလုပ်လုပ်ကိုင်မှုစွမ်းရည်၊ အသိဉာဏ်ပညာစွမ်းရည် အစရှိသောအရာများ လိုအပ်သည်။ ထို့အတူ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန်ပြည့်စုံသော လူငယ်မောင်မယ်များ၏ စွမ်းရည်သတ္တိရှိရန် အထူးလိုအပ်သည်။ လူငယ်ဆိုသည်မှာ ရဲဝံ့စွန့်စား၊ သင်ယူလေ့လာလိုစိတ်ပြင်းပြသူများဖြစ်ကြပေရာ ယခုလို IT နည်းပညာခေတ်၊ AI နည်းပညာခေတ်၌ ဒစ်ဂျစ်တယ်ရေစီးကြောင်းကို အမီလိုက်ပါနိုင်သူများလည်း ဖြစ်ကြသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုအဆင့်အတန်းနှင့် လူနေမှုအဆင့်အတန်းမည်သို့ရှိသည်ကိုသိရန်၊ ထိုနိုင်ငံသူ နိုင်ငံသားတို့ မည်သို့သော စာပေအမျိုးအစားဖတ်ကြသလဲ၊ လူဦးရေမည်မျှစာဖတ်ကြသလဲ စသည်ကို ဆန်းစစ်ကြည့်ခြင်းဖြင့် သိနိုင်မည်ဖြစ်သည်။ စာဖတ်ခြင်းသည် နိုင်ငံနှင့် လူမျိုးအတွက် အရေးကြီးသည်ကို ယနေ့လူငယ်များအသိပင်ဖြစ်သည်။

ယနေ့ ဒစ်ဂျစ်တယ်နည်းပညာခေတ်၌ နည်းပညာကျွမ်းကျင်မှုရှိသည်မှာ လူငယ်မျိုးဆက်သစ်များပင်ဖြစ်သည်။ ခေတ်မီအီလက်ထရောနစ်ပစ္စည်းများသုံးစွဲမှု၌ အရေးပါသော လက်တော့ပ်၊ ကွန်ပျူတာ၊ တက်ဘလက်ဖုန်း၊ စမတ်ဖုန်း အစရှိသည်တို့ကိုအသုံးပြု၍ လူငယ်ထုသည် ကမ္ဘာနှင့်အဝှမ်းချိတ်ဆက်ကာ အလုပ်လုပ်ကိုင်နေကြပြီဖြစ်သည်။ Facebook, You Tube, Telegram, Instagram, TikTok, WhatsApp အစရှိသည့် လူမှုကွန်ရက်ပလက်ဖောင်းများကို အကျိုးရှိစွာအသုံးချခြင်း၊ မိမိလေ့လာလိုသည့် website များ ဝင်ရောက်သင်ယူလေ့လာနိုင်ခြင်းဖြင့် ကမ္ဘာ့စာပေများစွာကို ဖတ်ရှုနိုင်လာကြပြီဖြစ်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အမီမလိုက်နိုင်ပါက ကမ္ဘာကြီးတွင် ခေတ်နောက်ကျကျန်ခဲ့နိုင်သည်။ အချို့သော စာပေပြိုင်ပွဲများ၌ နည်းပညာတတ်ကျွမ်းမှုအားနည်း၍ စာမူကို Pdf File မဖွဲ့တတ်ခြင်း၊ ဗီဒီယိုအတိုပြိုင်ပွဲများ၌ digital creation မပြုလုပ်တတ်ခြင်းတို့ကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရဖူးသည်။

### နည်းပညာခေတ်၏ အသီးအပွင့်များ

လေ့လာနိုင်ခြင်း၊ စာအုပ်စာစောင်များ ဝယ်ယူဖတ်ရှုနိုင်ခြင်း သို့တည်းမဟုတ် စာကြည့်တိုက်များသို့သွား၍ ငှားရမ်းဖတ်ရှုနိုင်ခြင်း ပြုလုပ်နိုင်သည့် အခွင့်အရေးကောင်းများစွာရှိနေသည်။ စာရေးဝါသနာပါသူများသည်လည်း E-mail၊ G-mail တို့ဖြင့် စာမူများပေးပို့နိုင်ကာ တရားဝင်ဆောင်ရွက်နေသည့် Digital Books၊ E Books၊ Digital Magazines တို့တွင် ပါဝင်ရေးသားနိုင်၊ ဖတ်ရှုလေ့လာနိုင်လာကြပြီဖြစ်သည်။ နည်းပညာခေတ်၏ အသီးအပွင့်များရေရှည်စားသုံးနိုင်စေရန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ယနေ့လူငယ်အများ၏ အခန်းကဏ္ဍကို အလေးထားကြရမည်ဖြစ်သည်။ လူငယ်ထု၏ကြားတွင် ရေပန်းစားနေသော ကလစ်တစ်ချက်ခေါက်လိုက်ရုံနဲ့ ကမ္ဘာကြီးထဲရောက်နိုင်တယ်ဆိုသကဲ့သို့ From Clicks To Progress: Youth Digital Pathways For Sus-tainable Development ဟူ၍ ဖော်ပြရေးသားထားရာ အလွန်ပင်မှန်သည်ဟု ဆိုရမည်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်မောင်မယ်များ ဖော်ဆောင်နိုင်မည့် ဒစ်ဂျစ်တယ်လမ်းများအား လျှောက်လှမ်းစေကာ အရေးပါလာသည့် ဒစ်ဂျစ်တယ်ရေစီးကြောင်းကို အမီလိုက်ပါပြီး Digital Marketing၊ Digital Business အစရှိသည်တို့ကို ပိုမို၍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီဆောင်ရွက်ရင်း မိမိနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် စွမ်းဆောင်နိုင်မည်ဖြစ်သည်။

ယနေ့ခေတ် စာဖတ်သူလူငယ်အများစုမှာ နည်းပညာကျွမ်းကျင်သူများပါက အွန်လိုင်းမှ ဖတ်ရှုမှုရရှိစေရေး ဝိုင်းဝန်းကူညီဖေးမပေးသွားကြရမည်ဖြစ်သည်။ အသက်အရွယ်ကြီးသူများအနေဖြင့် စာအုပ်၊ စာစောင်ကိုင်ပြီးဖတ်ရှုမှသာ စာဖတ်ရပိုအဆင်ပြေပေရာ မြို့ရွာအနှံ့တည်ရှိသော စာကြည့်တိုက်များမှာ သွားရောက်ငှားရမ်းဖတ်ရှုနိုင်ကြပါပြီ။ လူငယ်အများစုမှာမူကား ဆိုင်ထိုင်၍သော်လည်းကောင်း၊ မိမိနေအိမ်မှသော်လည်းကောင်း စမတ်ဖုန်း၊ ကွန်ပျူတာတို့မှ အင်တာနက်ချိတ်ဆက်ဖတ်ရှုနိုင်နေပြီဖြစ်သည်။

> ❝ **အမိမြန်မာနိုင်ငံ၏ ကောင်းသောအောင်မြင်မှုများကို ကမ္ဘာကသိရှိစေရန် လူငယ်ထု၏ စွမ်းဆောင်မှုဖြင့် ပုံဖော်ပြသပေးနိုင်ပါမှ ပို၍နည်းပညာကွန်ရက်တည်ဆောက်ခြင်း အထောက်အကူဖြစ်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ခြင်းမည်ပေသည်။ ဘဝမှာလေ့လာရင်း၊ သင်ယူရင်း၊ ဝေမျှရင်း ကောင်းမွန်သစ်လွင်သည့်နေ့အများကြီး ဖန်တီးကြည့်ပါ။ ကျေနပ်စရာကောင်းပြီး စိတ်ကြည်နူးစရာများ ပြည့်နှက်နေသည့် နေ့ရက်များစွာ ပိုင်ဆိုင်ရလိမ့်မည်ဖြစ်သည်။ ဒစ်ဂျစ်တယ်ဆိုတာ Binary Code နည်းပညာများကို အသုံးပြုပြီး မိမိတို့လိုလားသော၊ လိုအပ်သော အချက်အလက်များကို အချိန်၊ ရုပ်ပုံ၊ အသံ၊ စာဖိုင်များ၊ ဗီဒီယိုများ အစရှိသဖြင့် သိမ်းဆည်းနိုင်ခြင်း၊ ပြောင်းလဲနိုင်ခြင်း၊ ပို့ဆောင်ပေးနိုင်ခြင်းတို့ဖြစ်သည်။ ယနေ့လူငယ်များအနေဖြင့်လည်း ဒစ်ဂျစ်တယ်နည်းပညာကို အကျွမ်းတဝင်ဖြစ်အောင် လေ့လာဆည်းပူးကာ ကမ္ဘာလောက စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးရှိသော ပူးပေါင်းဆောင်ရွက်မှုပြုနိုင်မည်** ❞

နည်းပညာကျွမ်းကျင်သူများမှာ အစဉ်မျှဝေခြင်းဖြင့် စာပေဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီစွမ်းဆောင်ပေးရင်း နိုင်ငံတကာ၌ မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှုကို ဒစ်ဂျစ်တယ်ပလက်ဖောင်းတစ်ခု ရယူဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။ အမိမြန်မာနိုင်ငံ၏ ကောင်းသောအောင်မြင်မှုများကို ကမ္ဘာကသိရှိစေရန် လူငယ်ထု၏ စွမ်းဆောင်မှုဖြင့် ပုံဖော်ပြသပေးနိုင်ပါမှ ပို၍ နည်းပညာကွန်ရက်တည်ဆောက်ခြင်း အထောက်အကူဖြစ်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ခြင်းမည်ပေသည်။ ဘဝမှာလေ့လာရင်း၊ သင်ယူရင်း၊ ဝေမျှရင်း ကောင်းမွန်သစ်လွင်သည့်နေ့အများကြီးဖန်တီးကြည့်ပါ။ ကျေနပ်စရာကောင်းပြီး စိတ်ကြည်နူးစရာများ ပြည့်နှက်နေသည့် နေ့ရက်များစွာ ပိုင်ဆိုင်ရလိမ့်မည်ဖြစ်သည်။ ဒစ်ဂျစ်တယ်ဆိုတာ Binary Code နည်းပညာများကို အသုံးပြုပြီး မိမိတို့လိုလားသော၊ လိုအပ်သော အချက်အလက်များကို အချိန်၊ ရုပ်ပုံ၊ အသံ၊ စာဖိုင်များ၊ ဗီဒီယိုများ အစရှိသဖြင့် သိမ်းဆည်းနိုင်ခြင်း၊ ပြောင်းလဲနိုင်ခြင်း၊ ပို့ဆောင်ပေးနိုင်ခြင်းတို့ဖြစ်သည်။ ယနေ့လူငယ်များအနေဖြင့်လည်း ဒစ်ဂျစ်တယ်နည်းပညာကို အကျွမ်းတဝင်ဖြစ်အောင် လေ့လာဆည်းပူးကာ ကမ္ဘာလောကစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးရှိသော ပူးပေါင်းဆောင်ရွက်မှုပြုနိုင်မည်ဖြစ်သည်။

### ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်း

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းအရ လူတိုင်းပညာသင်ကြားခွင့်ရှိပြီး ၁၉၈၉ ခုနှစ်တွင် လက်ခံကျင့်သုံးခဲ့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းကလည်း နိုင်ငံတိုင်းသည် အဆင့်မြင့်ပညာရေးကို လူတိုင်းလက်လှမ်းမီနိုင်စေရမည်ဟု ဆိုထားသည်။ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (၄) သည် အားလုံးပါဝင်နိုင်၍ သာတူညီမျှသော အရည်အသွေးရှိသည့် ပညာရေးကို သေချာစေရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် အားလုံးအတွက် တစ်သက်တာသင်ယူမှုအခွင့်အလမ်းများကို မြှင့်တင်ရန်ရည်ရွယ်ထားသည်။ ပညာရေးသည် နိုင်ငံအားလုံး၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် သော့ချက်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးအတွက် အရေးကြီးဆုံးအချက်မှာ ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။

ပညာတတ်များလေ အတွေ့အကြုံဗဟုသုတနှင့် ဆင်ခြင်တုံတရား၊ ဉာဏ်အမြော်အမြင် ကြီးမားလေလေဖြစ်သည်။ လူနေမှုအဆင့်အတန်း မြင့်မားလာကာ ထိုမှတစ်ဆင့် တိုင်းပြည်ဖွံ့ဖြိုးရေးသို့ ဦးတည်စေမည်ဖြစ်သည်။ နည်းပညာဖွံ့ဖြိုးတိုးတက်နေသည့် မျက်မှောက်ကာလတွင် နည်းပညာသည် ပညာရေး၏ မဏ္ဍိုင်ဖြစ်လာသည်။ အွန်လိုင်းပညာရေးတွင် စိန်ခေါ်မှုများစွာရှိလင့်ကစား ပညာသင်ကြားခွင့်ကို ကျယ်ပြန့်စေသဖြင့် သင်ယူမှုရလဒ်များကို တိုးတက်စေသည်။ အသက်အရွယ်အုပ်စုအားလုံး ပါဝင်သင်ယူနိုင်သဖြင့် အရေးပေါ်အခြေအနေ သို့မဟုတ် ပဋိပက္ခများကြောင့် ထိခိုက်ခံစားရသူများ၏ ပညာရေးကို လက်လှမ်းမီစေသည်။ အွန်လိုင်းပညာရေးသည် အသိပညာရှာဖွေလိုသူများအတွက် ဆက်လက်အရေးပါနေဦးမည်သာဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ရာဇဝင်

## သိပ္ပံမောင်ဝ

ယခု တက္ကသိုလ်ကျောင်းကား ရှေးတက္ကသိုလ်ကျောင်းနှင့် လားလားမျှမတူ။ ယခုတက္ကသိုလ်ကျောင်းကား နတ်ဘုံနတ်နန်းနှင့် တူပေ၏။ ယခု တက္ကသိုလ်ကျောင်းတော်သားတို့ကား မာတလိအစ၊ စုတ်ချွန်းအဆုံးရှိသော နတ်သားတွေနှင့် တူလှပေ၏။ ကိုယ့်ကျောင်းဆောင်၊ ကိုယ့်အခန်းတွင် ဆန်းချင်တိုင်းဆန်း၊ ထွင်ချင်တိုင်းထွင်၊ ဆင်ချင်တိုင်းဆင်ကာ စည်းစိမ်ကလေးနှင့် နေခွင့်ရကြပေသည်။ ကိုယ့်အခန်းအတွင်း ကိုယ်မင်းပေပ။ ကိုယ်ပိုင်အုပ်ချုပ်ခြင်း ရနေကြပေသည်။ စာကျက်ချင်ကျက်၊ မကျက်ချင်နေ။ ဆရာမှတစ်ပါး မည်သူ့အားမျှ မကြောက်ရ၊ သူတကာ နှောင့်ယှက်မည်ကိုစိုးလျှင် အခန်းတံခါးကိုပိတ်ကာ ထားလိုက်ပါက အနှောင့်အယှက်မှ ကင်းဝေးလေတော့၏။ အနီးအနားအခန်းများမှ ဆူညံနေကြခြင်းကိုကား မတားနိုင်။ သို့သော် မမြင်ရ၍ တော်ပေသေး။ အခန်းအကြောင်းပြီးပြီ၊ ကျောင်းဆောင်အကြောင်း အနည်းငယ်ရေးလိုသေး၏။

ယခုအခါတွင် ကိုယ့်ကျောင်းဆောင်နှင့် ကိုယ်။ ကိုယ့် စာဖတ်ခန်းနှင့် ကိုယ်။ ကိုယ့်အသင်းနှင့် ကိုယ်။ သိုက်သိုက်မြိုက်မြိုက် ရှိလှပေသည်။ ကျောင်းဆောင် စာကြည့်ခန်းများမှာလည်း သတင်းစာအမျိုးမျိုး၊ မဂ္ဂဇင်းအမျိုးမျိုး၊ ထိုင်စရာ ကုလားထိုင်တွေကလည်း အများ။ အားရစရာ။ အားကျစရာ။

ညနေ လမ်းလျှောက်ထွက်စရာ နေရာတွေ၊ ညနေခင်းက စားစရာတွေ၊ လှေလှော်စရာ၊ ရေကူးစရာ၊ အပိုးတော်ထွက်စရာ နေရာတွေကလည်း များပါဘိသနဲ့။ ဘူးသီးကြော်စားစရာ ဘူးသီးကြော်ဆိုင်တွေ၊ လက်ဖက်ရည် သောက်စရာ လက်ဖက်ရည်ဆိုင်တွေ၊ ခေါက်ဆွဲသွားစားစရာ ခေါက်ဆွဲဆိုင်တွေနှင့် အသင့်။

ကျောင်းဆောင်၊ ကျောင်းဆောင်တိုင်းတွင် ဥယျာဉ်တွေ၊ ပန်းပင်တွေနှင့်။ စိတ်ကြည်နူးစရာ။ စိတ်ပျော်ရွှင်စရာ။ စိတ်အေးမြစရာ။ သာက သာယာပါဘိသနဲ့။ ဥသြတို့၏ ကြွေးကြော်သံ။ ငှက်အပေါင်းတို့၏ မြူးထူးသံတို့နှင့်လည်း တရံမစဲရှိပေ၏။ ဤသို့သော တက္ကသိုလ်ကျောင်းတိုက်ကြီးအား နတ်ဘုံနတ်နန်းဟူ၍ ခေါ်ဆိုလိုက်ရပေ၏။ ဤကား ယခုတက္ကသိုလ်ကျောင်းကြီး၏ အခြေအနေပေတည်း။

ရှေး ၁၀ နှစ် ၁၁ နှစ်တုန်းက ကျောင်းတော်ကြီးကို ရှုကြလော့။ ထင်ရှားအောင် ပြလိုက်မည်။ ၎င်းကား ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင် ကော်မရှင်နာလမ်းတွင် တည်ရှိပါသည်။ ယခုအခါကား တက္ကသိုလ်ဘဝမှ စုတိမနေ သေလွန်နေ၍ ဟိုက်စကူးဘဝတွင် သန္ဓေစွဲကာ ဖွားမြင်ပါပြီ။ တက္ကသိုလ်ဘဝတုန်းက အထက်ထပ်တွင်ကား ကျောင်းတော်သားများ နေထိုင်ရာပေ။ တစ်ခန်းလျှင် ခြောက်ယောက်ကျ။ ထမင်းစားရုံကား ကျောင်းကြီးနှင့် မနီးမဝေး။ ခပ်ကျဉ်းကျဉ်း၊ ခပ်နိမ့်နိမ့်၊ ခပ်နဲ့နဲ့။ သို့ပေမယ့် ထိုလက်ထက် ထိုအခါက ကိုယ်တော်မြတ် ကျောင်းတော်သားတွေရဲ့ စိတ်တွင် အင်မတန်ခမ်းနားသည်ထင်ကြ၏။ ယခု ကျောင်းတော်သားတွေ မြင်လျှင်ကား ရယ်ကြမလားမသိ။

အကြင်ကျောင်းတော်အပေါ်ထပ်တွင် နေထိုင်ကြရသော သူတို့ကား ဝိဇ္ဇာ၊ မဟာဝိဇ္ဇာ။ သိပ္ပံ၊ မဟာသိပ္ပံသမားတို့သာတည်း။ ဥပစာတန်းသားတို့ကား ကပ်မျှမကပ်ရ။ သီမျှမသီရ။ ၎င်းတို့နှင့် မတန်မရာ။ ၎င်းတို့နေထိုင်ရာများကား ဘုရားလမ်း၊ ဆင်မဆင်လမ်းတို့တွင် ရှိကြ၏။ ရိုးရိုးအိမ်များကိုငှားကာ နေရာချထားခြင်းဖြစ်ပေသည်။ ပေ ၂၀ ပတ်လည်အခန်းတွင် လေးငါးခြောက်ယောက်စုပြီး နေကြရ၏။ အချို့အခန်းများမှာ မှောင်ကလည်းမှောင်။ မိုးကလည်းယို။ နံကလည်းနံ။ အင်မတန် စိတ်ညစ်စရာ ကောင်းပေသည်။

ကျောင်းမဖွင့်မီ လေးငါးခြောက်ရက်က တင်ကြိုကာ လာကြပြီးလျှင် အခန်းလုကြရသည်မှာလည်း အမောပင်။ အခန်းကောင်းကောင်း ရပြန်ပါလည်း၊ အချင်းချင်းနေရာကောင်း လုကြရပြန်။ စိတ်ပျက်စရာ။ တစ်ခန်းတည်း နေသူတို့မှာ စိတ်အမျိုးမျိုး၊ သဘောထားအမျိုးမျိုး၊ အကြိုက်အမျိုးမျိုး၊ စိတ်တူသဘောတူ၊ အကြိုက်တူသူတို့ကား တွေ့ခဲဘိတောင်း။

တစ်ခန်းတည်းအတူတူနေသူတို့အနက် ငါ အရေးပိုင်သား၊ ငါ ဝန်ထောက်သား၊ ငါ မြို့အုပ်သား၊ ငါ သူကြီးသား၊ ငါ ပွဲစားကြီးသား၊ ငါ သူဌေးကြီးသား စသဖြင့် မိဘဆွေမျိုးတို့အပေါ်တွင် ဂုဏ်ယူကာ ကြွားကြသော အကြွားသမားလည်းရှိ။

ငါ့မှာ ဘန်ကောက်လုံချည် လေးထည်ရှိသည်။ တစ်ထည်လျှင် သုံးဆယ်တန်။ ငါ့ဗလေဇာမှာလည်း အကောင်းမျိုး။ ဖိနပ်က သုံးဆယ်ပေးရ။ ဘောလုံးရိုက်စရာ ဘက်တန်ကလည်း ပထမတန်းစား။ အင်္ကျီများကလည်း အဖိုးတန် စသဖြင့် အဝတ်အစားအပေါ်မှာ ဟန်ထုတ်နေသူလည်းရှိ။

တစ်နေ့တည်း ငွေလေးဆယ် သုံးခဲ့သည်။ တစ်ထိုင်တည်း ဖဲဝိုင်းတွင် ငွေတစ်ရာနိုင်ခဲ့သည်။ တစ်နာရီတည်း ဟိုတယ်တွင် ငွေရှစ်ဆယ် ဖြုန်းခဲ့သည်။ တစ်မနက်တည်း ငွေတစ်ရာ မိန်းကလေးတွေအပေါ်မှာ ကျခဲ့သည် စသည်ဖြင့် ဖွဲသန်သန်နှင့် အဖြုန်းဘက်တွင် ဂုဏ်တက်သူလည်းရှိ။

ငါသိသည်။ ငါတတ်သည်။ ငါလိမ္မာသည်။ ငါ့ထက်သာသူ၊ ငါ့ထက်တော်သူ၊ ငါ့ထက်တတ်သူ ဇမ္ဗူမှာမရှိဟု အသိအလိမ္မာအပေါ်တွင် အသားယူကာ ကြွားဝါသူလည်းရှိ။

သူတကာလို ရုပ်ရှင်ခေါ်၊ ရောက်ပါသော် ပိုက်ဆံမထုတ်။ သူတကာ လက်ဖက်ရည်ဆိုင်ခေါ်၊ ရောက်ပါသော် ပိုက်ဆံမထုတ်သော သူမျိုးလည်းရှိ။

သူတကာ စာကျက်လျှင် စကားများ။ သူတကာ အိပ်သွားမှထ၍ စာကျက်။ စာမေးပွဲနီးလျှင် တယောထိုး။ စာမေးပွဲပြီးမှ စာအုပ်ကိုင်သော ခွစာလည်းရှိ။

မည်သူ ဘာပြောပြော မေးခွန်းထုတ်၊ မည်သူဘာဖြေဖြေ ငြင်းချက်ပေးသော ကဝေ(လောဂျစ်) ဆရာလည်းရှိ။

ဤသို့သော ခွစာ၊ အကြွားဆရာ၊ စေးနှဲပါသောသူတို့နှင့် တစ်ခန်းတည်း နေရသောကြောင့် တကျက်ကျက်နေကြရလေ့ရှိလေသည်။

ရှေး ၁၀ နှစ် ၁၁ နှစ်တုန်းက ကျောင်းတော်ကြီးကို ရှုကြလော့။ ထင်ရှားအောင်ပြလိုက်မည်။ ၎င်းကား ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင် ကော်မရှင်နာလမ်းတွင် တည်ရှိပါသည်။ ယခုအခါကား တက္ကသိုလ်ဘဝမှ စုတိမနေ သေလွန်နေ၍ ဟိုက်စကူးဘဝတွင် သန္ဓေစွဲကာ ဖွားမြင်ပါပြီ။ တက္ကသိုလ်ဘဝတုန်းက အထက်ထပ်တွင်ကား ကျောင်းတော်သားများ နေထိုင်ရာပေ။ တစ်ခန်းလျှင် ခြောက်ယောက်ကျ။ ထမင်းစားရုံကား ကျောင်းကြီးနှင့်မနီးမဝေး။ ခပ်ကျဉ်းကျဉ်း၊ ခပ်နိမ့်နိမ့်၊ ခပ်နဲ့နဲ့။ သို့ပေမယ့် ထိုလက်ထက် ထိုအခါက ကိုယ်တော်မြတ် ကျောင်းတော်သားတွေရဲ့စိတ်တွင် အင်မတန်ခမ်းနားသည်ထင်ကြ၏။ ယခု ကျောင်းတော်သားတွေ မြင်လျှင်ကား ရယ်ကြမလားမသိ

မောင်လူအေးတို့ အခန်းတွင်ကား ဤသို့သော ခွစာအကြွားဆရာတို့နှင့် ကင်းဝေးပေ၏။ ဩော်... ချမ်းသာပေစွ။ အကယ်ပင် ချမ်းသာပါသလော။ မချမ်းသာပါ။ လောဂျစ်ယူသည့် အငြင်းဆရာတစ်ယောက် ရှိသောကြောင့်တည်း။ ၎င်းနှင့် မည်သူမျှ မငြင်းနိုင်၊ အရှုံးပေးရသူချည်း။ အငြင်းထွက်မည့်အချက်များပါလျှင် ၎င်းရှေ့တွင် မပြောဝံ့ကြ။ မဆွေးနွေးဝံ့ကြ။ မှတ်ချက်မချဝံ့ကြ။ ပါးစပ်ပိတ်ကာ ထားကြရလေသည်။ ဤအငြင်းသန်ခြင်းမှတစ်ပါး အခြားနေရာတွင် ၎င်းသူအပေါ်၌ ဆိုစရာမရှိ။ သဘောကောင်း၏။ ရိုးသား၏။ ဖြောင့်မတ်၏။

တစ်ခုသောညတွင် အခန်းသား ငါးယောက် စာကြည့်စားပွဲတွင် ဝိုင်းကာ စာကြည့်၍နေကြလေသည်။ တိတ်လျက်နေ၏။ ၁၀ မိနစ်ခန့် ကြာသောအခါ ၎င်းအငြင်းဆရာ ကိုလှသော်က လှမ်းတဲ့၍ “အိုင်ဆေး ကိုလူအေး၊ ခင်ဗျား မြန်မာရာဇဝင် တော်တော်ခေါက်မိပလား”ဟု မေးလိုက်၏။

မောင်လူအေး။ ။ ဘာလုပ်မလို့လဲ။ (ခပ်ဆတ်ဆတ်ဖြေ) ကျန်သုံးယောက်ကား စာဖတ်မြဲပင်။

ကိုလှသော်။ ။ မေးစရာကလေး တစ်ခုရှိလို့ပေါ့။(ရယ်လျက်)။

အေး။ ။ ဘာမေးချင်သလဲ။

သော်။ ။ ရာဇဝင်ထဲကမရှင်းတာကလေးမေးမလို့ပါဗျာ။ ခင်ဗျားက မြန်မာရာဇဝင်ယူတာကိုး။

အေး။ ။ ဘာအကြောင်း မေးမလို့လဲ။

သော်။ ။ ပွဲတော်တစ်ခါတည်ရင် ဟင်းခွက်လေးရာပါတဲ့ မင်းအကြောင်း မေးမလို့၊ နရသီဟပတေ့ဆိုလား၊ နရသူဆိုလား။ တရုတ်ပြေးဆိုလားဗျာ။ မေ့တောင်မေ့နေပြီ။

အေး။ ။ ဟင်းခွက် လေးရာပါတာ ဘာဖြစ်သလဲ။ စားတာပေါ့။ (ဆက်လက်မပြောချင်သောလေနှင့်)။

သော်။ ။ ယုံစရာရှိရဲ့လားဗျာ။ ကျွန်တော်ဖြင့် မယုံပေါင်။

အေး။ ။ ခင်ဗျားမယုံတာ ကျွန်တော်ဘာတတ်နိုင်မလဲ။ ကျောက်စာများမှာတောင် အထင်အရှားအဆို သွားကပဲ။

သော်။ ။ အင်း ကျောက်စာကဆိုရင် ဟုတ်ချင်ဟုတ်မှာ။ နို့ နေပါဦး။ ဒီဟင်းထည့်တဲ့ ပန်းကန်တွေဟာ ဘယ်ကလောက်ကြီးမလဲဗျ။

အေး။ ။ ခင်ဗျားမို့ ရှာရှာဖွေဖွေ မေးပလေဗျာ။ ကျွန်တော်တို့ ဟင်းထည့်စားတဲ့ ပန်းကန်တွေလောက် ရှိတော့မပေါ့။ ရာဇဝင်မှာမဆိုဘူး။ အဲဒါ ဘာဖြစ်သလဲ။

သော်။ ။ ဒါဖြင့် ဟင်းခွက်လေးရာထားလိုက်ရင် ကျွန်တော်တို့ အခန်းထက်တောင် ကျယ်ဦးမှာပေါ့။

အေး။ ။ ကျယ်မှာပေါ့။ နန်းတော်မှာ နေရာအကျယ်သားကပဲ။ ခင်ဗျားက ပုဂံလက်ထက်က ရှင်ဘုရင်တွေနဲ့ နန်းတော်တွေဟာ ကျွန်တော်တို့အခန်းလောက် မကျယ်ဘူးဆိုချင်သလား။

သော်။ ။ မဆိုချင်ပါဘူးဗျာ။ နန်းတော်တွေ ကြီးကျယ်တာကိုတော့ အသိသားပေါ့။ တစ်ဖက်အစွန်းမှာထားတဲ့ ဟင်းခွက်ကို ထိုင်ရာကနေပြီး လှမ်းနှိုက်နိုင်မယ် မဟုတ်ဘူးပေါ့နော်။

အေး။ ။ ခင်ဗျားတစ်ယောက်လည်း ကတ်သီးကတ်သတ်။ ရှင်ဘုရင်ကြီး တစ်ပါးလုံးပဲဗျာ။ သူ့အနားမှာ ခစားနေကြတဲ့ စားတော်ကဲတို့ ဘာတို့ကို လိုချင်တဲ့ဟင်း အယူခိုင်း ခိုင်းတော့ပေါ့။

သော်။ ။ အင်း.. ဟုတ်ပေသားပဲ။ ဒီလိုဖြင့် ထမင်းစားရတာ ဘာစည်းစိမ်ရှိမှာတုံး။ တစ်ခုစားချင်တောင်း။ တစ်ခုလိုချင်တောင်းနဲ့။ ထမင်းစားရတယ်လည်းမရှိတော့ဘူး။ နို့ နေပါဦး။ ဘာဟင်းတွေ ပါတယ်ဆိုတာ သူ့အကုန်သိပ့်မလား။

အေး။ ။ သိမှာပေါ့။ မသိရင်ကော သူ့စားတော်ကဲတွေကို ဟင်းစာရင်း အဖတ်ခိုင်းမှာပေါ့ဗျာ။ ခင်ဗျား တစ်ယောက်လည်း မဆိုင်တာတွေချည်း မေးနေတော့တယ်။

သော်။ ။ ဖတ်ခိုင်းတယ်ပဲ ထားလိုက်ပါဦးဗျာ။ ဟင်းခွက်လေးရာဆိုတာ နည်းတာမဟုတ်ဘူးဗျ။ ဘယ်လိုဖြစ်ဖြစ် ၁၅ မိနစ်လောက်တော့ ဖတ်ရမယ်။

အေး။ ။ ၁၅ မိနစ်ဟာ ဘာကြာလို့လဲ၊ ခင်ဗျားတစ်ယောက်တည်း ရှာရှာဖွေဖွေ။

သော်။ ။ မကြာဘူးဘဲ ထားလိုက်ပါဦး။ ဟင်းဖတ်စာရင်းကိုဖတ်လို့ တစ်ရာလောက်ရတော့ လက်ဦးက ဖတ်လာတဲ့ ဟင်းကော ဘာရယ်လို့ မှတ်မိပါဦးမလား။

အေး။ ။ ခင်ဗျား တစ်ယောက်လည်း သိပ်ကပ်နေတော့တာပဲ။ ခင်ဗျားနဲ့ စကားပြောရတာ အင်မတန် စာကျက်ပျက်တယ်ဗျာ။

သော်။ ။ စိတ်မတိုပါနဲ့ ဆရာရယ်။ သိချင်လို့မေးတာပါ။ ဒီအမေးကို မဖြေချင်လည်းနေပါတော့။ နို့ ဒီရှင်ဘုရင်အတွက် ချက်တဲ့ ဟင်းတွေဟာ ပဲတွေကို အမျိုးမျိုးလုပ်ထားထင်ပါရဲ့ဗျာ။

စာမျက်နှာ ၂၇ သို့ ☆

# မိုးခေါင်ရေရှားမှုဒဏ်ခံစားနေရသည့် အာဖရိကဒေသ

**စိုးသူရ**



အာဖရိကဒေသတွင် မိုးခေါင်ရေရှားမှုကြောင့် ဒေသခံ ၂၇ သန်းကျော်ထိခိုက်ခံစားခဲ့ရပြီး မိုးခေါင်ရေရှားမှု၏ အကျိုးဆက်အဖြစ် စားရေရိက္ခာရှားပါးမှုကြောင့် အာဟာရချို့တဲ့မှုဒဏ် ခံစားနေရသည့် ကလေး ၂သန်းရှိကြောင်းကုလသမဂ္ဂကပြောကြားသည်။ အာဖရိကဒေသအတွင်းရှိ လီဆိုသို၊ မာလာဝီ၊ နမီးဘီးယား၊ ဇမ်ဘီယာနှင့်ဇင်ဘာဘွေနိုင်ငံများတွင် ပြီးခဲ့သည့်လများမှစတင်၍ မိုးခေါင်ရေရှားမှုကြောင့် စိုက်ပျိုးသီးနှံများပျက်စီးကာ ကျွဲ၊ နွားတိရစ္ဆာန်များ သေဆုံးမှုများရှိလာသဖြင့် သဘာဝဘေးဆိုင်ရာအရေးပေါ်အခြေအနေကြေညာခဲ့ရသည်။ ၎င်းသဘာဝဘေးများသည် ၂၀၂၅ ခုနှစ်ဧပြီလအထိ ဖြစ်ပွားနိုင်ကြောင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) က ပြောကြားသည်။ မိုးခေါင်ရေရှားမှုကြောင့် မာလာဝီ၊ ဇမ်ဘီယာနှင့် ဇင်ဘာဘွေကဲ့သို့သောနိုင်ငံများရှိ ပြောင်းသီးနှံများ၏ ၈၀ ရာခိုင်နှုန်းအထိပျက်စီးခဲ့သည်။

အာဖရိကဒေသအတွင်း အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုလျော့နည်းကာ အပူချိန်များ မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ဖြစ်သည့် မိုးခေါင်ရေရှားမှုကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ခြင်းမရှိပါက အာဖရိကဒေသတွင်း စားရေရိက္ခာမလုံလောက်မှု၊ အာဟာရချို့တဲ့မှုနှင့် ရေရရှိရေးအတွက် အခက်အခဲများတိုးပွားလာမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောကြားသည်။ ထို့ပြင် သန့်ရှင်းသောရေ လုံလောက်စွာမရရှိပါက ဝမ်းရောဂါကဲ့သို့သော ကျန်းမာရေးဆိုင်ရာ ပြဿနာများဖြစ်လာမည်ဟု တာဝန်ရှိသူများက ထပ်လောင်းပြောကြားသည်။ မိမိတို့အနေဖြင့်အာဖရိကဒေသတွင် စားရေရိက္ခာစိုက်ပျိုးထုတ်လုပ်မှုအပေါ် မိုးခေါင်ရေရှားမှု၏ အကျိုးသက်ရောက်မှုများကို သုံးသပ်ရေးအတွက် အကဲဖြတ်မှုများဆောင်ရွက်နေကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ဒေသန္တရညှိနှိုင်းရေးမှူး ပါထရိစ်တောဒ်က ပြောကြားသည်။ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် အသိုက်အဝန်းများကို ဒေသတွင်း ထူထောင်သွားရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်မှသာ လာမည့်စိုက်ပျိုးရာသီတွင် မိုးခေါင်ရေရှားမှုမှ လွတ်ကင်းပြီး သီးနှံစိုက်ပျိုးမှုကို ပြန်လည်ဆောင်ရွက်နိုင်မည်ဟု ၎င်းက ပြောကြားသည်။ အာဖရိကဒေသအတွင်း ဖြစ်ပွားနေသည့် မိုးခေါင်ရေရှားမှုသည် ဒေသတွင်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပွားမှုများပြားလာခြင်းကို ပြသနေပြီး အာဖရိကဒေသတွင်းနိုင်ငံများရှိ အစိုးရအဖွဲ့များကလည်း ဒေသတွင်းရာသီဥတုပြောင်းလဲမှုတုံ့ပြန်ရေးအစီအစဉ်များကို တိကျစွာချမှတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြသနေသည်ဟု ကုလသမဂ္ဂတာဝန်ရှိသူ အီဗယာဟီမာချိုက်ဒီယွန်က ပြောကြားသည်။

မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးအတွက် ကုလသမဂ္ဂ ဗဟိုအရေးပေါ်တုံ့ပြန်ရေးရန်ပုံငွေမှ အာဖရိကတောင်ပိုင်းရှိ နိုင်ငံအများအပြားအား ရန်ပုံငွေ ဒေါ်လာ ၃၆ ဒသမ ၈ သန်းကျော်ကို ထုတ်ပေးခဲ့သည်။

ယခုနှစ် ဇွန်လတွင် အာဖရိကဒေသ၌ မိုးခေါင်ရေရှားမှု၏အကျိုးဆက်အဖြစ် စားရေရိက္ခာ လိုအပ်ချက်ရှိနေသည့် ဒေသခံအများအပြားရှိကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က သတိပေးပြောကြားသည်။

ကိုးကား - Worst drought in Century devastates Southern Africa, millions at risk

## ကျောက်ဆည်မြို့၌ သံဃာဂိုဏ်းပေါင်းစုံ ပဝါရဏာရွတ်ဖတ်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် သံဃာဂိုဏ်းပေါင်းစုံ ပဝါရဏာရွတ်ဖတ်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ဆူးကုန်းရပ်ကွက် ရေနားသာမဏေကျော်ကျောင်း ဝေရီဇေယျ သာသနဝေပုလ္လကာရီ ဝိသုဂါမ မဟာသိမ်တော်ကြီး၌ ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် မြို့နယ်အတွင်းရှိ သံဃာဂိုဏ်းပေါင်းစုံ စုပေါင်းကာ ပဝါရဏာ ပြုတော်မူခဲ့ကြသည်။

ထို့နောက် ၌ ပါရိသုဒ္ဓိဥပုသ်မရသည့် သံဃာတော်များက ဥပုသ်ပြုကြပြီး မေတ္တာသုတ်ပရိတ်တော်များရွတ်ဖတ်ပူဇော်ကာ သံဃာတော်များအား ကျောက်ဆည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အလှူရှင်များက ဝတ္ထုငွေများ၊ ဆွမ်းဆန်များနှင့် သံဃာအသုံးအဆောင်ပစ္စည်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## နတ်တလင်းမြို့နယ်၌ နိဗ္ဗာန်ဈေးအလှူပွဲ ကျင်းပ

**နတ်တလင်း အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် We Love Nattalin ပန်းခြံရှေ့တွင် သီတင်းကျွတ်လပြည့်နေ့ အထိမ်းအမှတ်နိဗ္ဗာန်ဈေးအလှူပွဲကို ယမန်နေ့ညနေပိုင်းက ကျင်းပသည်။

နိဗ္ဗာန်ဈေးအလှူပွဲကို နတ်တလင်းမြို့နယ်ရှိ စေတနာရှင်အဖွဲ့များ၊ အလှူရှင်များက လှူဒါန်းကြပြီး မြန်မာမုန့်မျိုးစုံ၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ အချိုရည်မျိုးစုံနှင့် ရေခဲမုန့်များဖြင့် အလှူဒါနပြုကြပြီး မြို့ပေါ် ရပ်ကွက်အသီးသီးမှ ပြည်သူအများအပြား လာရောက်သုံးဆောင်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

☆ စာမျက်နှာ ၂၆ မှ

အေး။ ။ ခင်ဗျား တစ်ယောက်လည်း ခွကျရာမကော။ ထင်တာတွေ လျှောက်ပြောနေတော့တာပဲ။

သော်။ ။ ကျွန်တော် မှန်တာပြောတာ။ အညာမှာပဲအပြင်ဘာရှိလို့တုံးဗျ။ “အညာသားစံ ပဲ”လို့ တောင်ခေါ်ကြသေးတာပဲ။

အေး။ ။ မဆိုင်ပါဘူး။ အညာသားတွေကြားရင် ခင်ဗျားကိုသတ်လိမ့်မယ်။ ခင်ဗျား ရာဇဝင်ကိုလည်း မသင်ဖူးဘဲနဲ့ ထင်ရာတွေကို မကြဲနေစမ်းပါနဲ့။

သော်။ ။ ကျွန်တော်က ရာဇဝင်ကို မသင်ဖူးပေမယ့် သိသမျှကလေးကို ကျကျနနသိချင်သဗျ။

အေး။ ။ ဟိုတုန်းက ပုဂံပြည်ကြီးဟာ ကြက်ပျံမကျစည်ကားတယ်ဆိုတာ မကြားဖူးဘူးလား။

သော်။ ။ ကြားဖူးသားပေါ့။

အေး။ ။ ကြားဖူးရင် ပုဂံပြည်ကြီးဟာ တရုတ်ပြည်၊ ထိုင်း(ယိုးဒယား)၊ ရှမ်းပြည်များနဲ့ ဆက်သွယ်နေတယ်ဆိုတာကော ယုံရဲ့လား။

သော်။ ။ ယုံသားပေါ့။

အေး။ ။ ဒါဖြင့် ကောင်းပြီ။ ပုဂံပြည်ကြီးဟာ တရုတ်ပြည်နဲ့ ဆက်သွယ်နေလို့ ခေါက်ဆွဲတို့၊ ကော်ပြန့်ကြော်တို့၊ ကဏန်းပေါင်းတို့၊ ဝက်အူချောင်းတို့လည်း ရှိသဗျ။ ပုဂံဈေးမှာ တရုတ်ဆိုင်တွေမှ မနည်းပါဘူး။ ပုဂံတရုတ်တန်းရယ်လို့တောင် ရှိသေးတယ်။ ကုလားပြည်နဲ့ ဆက်သွယ်နေလို့လည်း ချပါတီတို့၊ ပူရီတို့၊ မီထိုင်တို့ ဆိုတာတွေရှိသဗျ။ ရှမ်းပြည်နယ်နဲ့ ဆက်သွယ်နေလို့ ပဲပုပ်တို့၊ ဘာတို့လည်းရှိသဗျ။ ပုဂံရှမ်းပွဲရပ်တောင် ရှိသေးတယ်။ အဲဒီနေရာဟာ အခုရောဝတီမြစ်ထဲပါသွားပြီ။ မွန်များနဲ့ဆက်သွယ်နေလို့လည်း ငါးပိတို့၊ ငါးခြောက်တို့၊ ငံပြာရည်တို့၊ ပုစွန်ဆီတို့၊ လိပ်ဥ၊ ဖွတ်ဥတို့ရှိသဗျ။ အခုမြင်းကပါအရပ်မှာပေါ့ဗျာ။ အနောက်နိုင်ငံများနဲ့ ဆက်သွယ်နေလို့လည်း မုန့်သေတ္တာတို့၊ ငါးသေတ္တာတို့၊ ဝက်ပေါင်ခြောက်တို့ ရှိသဗျ။ ကိုင်း ဘာဆိုချင်သေးသလဲ။

သော်။ ။ ဘာမှမပြောလိုတော့ပါဘူးဗျာ။ ဓာတ်မီးလည်း ငြိမ်းတော့မယ်။ ၁၁ နာရီလည်းထိုးပြီ။ အိပ်ကြပါစို့။

နားထောင်နေသော အခန်းများလည်း ဝါးခနဲရယ်ကြလေတော့သတည်း။

၁၉၃၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊
တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း။

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေ ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အမေရိကန်ပြည်ထောင်စု၊ လော့အိန်ဂျယ်လိမြို့နေ
ဦးဇော်လွန်း - (ဒေါ်လှလှမြင့်)တို့၏သား
**ဒေါက်တာရီဇော်**
**M.B.,B.S.,M.D., FAAP, MPH**
**Associate Professor of Pediatrics**
**Keck School of Medicine Of USC And**
**Children's Hospital Los Angeles**
နှင့်
အမေရိကန်ပြည်ထောင်စု၊ လော့အိန်ဂျယ်လိမြို့နေ
ဦးမြတ်အောင် - ဒေါ်သန်းသန်းနွယ်တို့၏သမီး
**မအေးမြတ်သွယ်**
BE, Mech (NTU, Singapore), MS. Mech.Eng (Cal State LA),
MBA (Cal State Fullerton)
Senior Advisor, Business Strategy and Performance Management
Southern California Edison

တို့သည် ၁၇-၁၀-၂၀၂၄ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် နှစ်ဖက်မိဘများ၏ သဘောတူညီချက်ဖြင့် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**ဒေါက်တာရီဇော် - မအေးမြတ်သွယ်**

---

MINISTRY OF HEALTH

### စားသုံးဆီကိုတတ်နိုင်သမျှလျှော့စားဖို့ ဘာကြောင့်လိုအပ်တာလဲ?

စားသုံးဆီများတွင် အခြေခံအားဖြင့်

(၁)ကျန်းမာရေးအရသင့်တင့်စွာစားသုံးနိုင်သည့် မပြည့်ဝဆီများ (Saturated Fats)

(၂)တတ်နိုင်သမျှလျှော့၍ စားသုံးသင့်သည့် ပြည့်ဝဆီများ (Unaturated Fats) နှင့်

(၃)လုံးဝမစားသုံးသင့်သောအသွင်ပြောင်းဆီများ (Trans fat) ဟူ၍ (၃)မျိုးရှိပါသည်။

- မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့် **ခန္ဓာကိုယ်အတွက်ကောင်းမွန်သောသွေးတွင်းအဆီဓါတ် (HDL) တို့ကို မြင့်တက်စေပြီး မကောင်းသောအဆီဓါတ် (LDL) တို့အား လျှော့ချပေးခြင်းဖြင့်** နှလုံးရောဂါနှင့် အမျိုးအစား(၂) ဆီးချိုရောဂါ စသည့် **မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားနိုင်ခြေကို လျှော့နည်းစေပါသည်။** (ဥပမာ - မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသောအဆီများ)
- ပြည့်ဝဆီစားသုံးခြင်းကြောင့် **မကောင်းသောသွေးတွင်းအဆီဓါတ်များ (LDL) လွန်ကဲစွာမြင့်တက်စေ၍** အဝလွန်ခြင်း၊ **အသည်းအဆီဖုံးခြင်း၊** သွေးကြောနံရံတွင် အဆီများကပ်ခဲ၍သွေးကြောများကျဉ်းကာ **နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ခြင်း** တို့ကိုဖြစ်စေနိုင်ပါသည်။ (ဥပမာ- စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရစ္ဆာန်မှရသောအဆီများ)
- **အသွင်ပြောင်းဆီသည်** အသားများနှင့် နို့ထွက်ပစ္စည်းများတွင် သဘာဝအတိုင်းအနည်းငယ် ပါဝင်သော်လည်း အများစုမှာဟင်းသီးဟင်းရွက်ဆီများ၏ အနံ့အရသာကိုထိန်းရန်၊ ဆီပျက်ဆီးမှုကာကွယ်ရန်နှင့် သက်တမ်းကြာရှည်ခံစေရန် ရည်ရွယ်၍ အခန်းအပူချိန်တွင် ခဲအောင်ဖန်တီးထားသောဆီများတွင် ပါဝင်သည်။ **သွေးတွင်းမကောင်းသော အဆီများ (Triglycerides) ပိုမိုမြင့်တက်စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီ (HDL) ကိုကျစေခြင်းဖြင့်** အဝလွန်ခြင်း၊ **ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုများဖြစ်စေခြင်း၊ အမျိုးအစား(၂)ဆီးချိုရောဂါနှင့် အချို့သောကင်ဆာရောဂါများဖြစ်နိုင်ခြေမြင့်မားစေခြင်း** တို့ကိုဖြစ်စေနိုင်သည်။ (ဥပမာ - အသင့်စားအစားအစာများဖြစ်သည့် အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ကွတ်ကီးများ တွင် ပါဝင်သည့်ဆီ)

ပြည့်ဝဆီများကိုတတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ရမည် ဖြစ်ပါသည်။



မပြည့်ဝဆီ | ပြည့်ဝဆီ | အသွင်ပြောင်းဆီ

ရည်ညွှန်းကိုးကား:
(၁) WHO, Healthy diet factsheets. (accessed as of 10.6.2020)
(၂) MAYO CLINIC. Dietary facts: Know which types to choose. (accessed as of 10.6.2020)

(၂၀၂၄ခုနှစ်၊မေလ)

---

❖ **MNL မှ**

ပထမအကျော့အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၃၁ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ဟံသာဝတီယူနိုက်တက်အသင်းက ၂၈ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၂၇ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၃ မှတ်၊ ရတနာပုံအသင်းက ၁၈ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၆ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၄ မှတ်၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းက ခုနစ်မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ငါးမှတ်၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက နှစ်မှတ် ရရှိထားသည်။

ယခုတစ်ပတ်တွင် အသင်းကြီးအချင်းချင်း တွေ့ဆုံခြင်းမရှိသော်လည်း ချန်ပီယံဆုအတွက် နိုင်ပွဲထပ်မံရယူနိုင်ရန် လိုအပ်နေသည့်အသင်းများ၊ တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရန် အမှတ်လိုနေသည့် အသင်းများ၏ ရုန်းကန်မှုများကို ဆက်လက်တွေ့မြင်ရမည်ဖြစ်သည်။

**ကိုညီလေး**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ (၁၅၃)လမ်း၊ အိမ်အမှတ် (၄၄)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၃A၇)၊ မြေကွက်အမှတ် (V-၅၆)၊ မြေအမျိုးအစား- နှစ်(၉၀)ဂရန် (သက်ကုန်)၊ အကျယ်အဝန်း (၂၅ပေx၅၀ပေ)၊ ဧရိယာ (၀.၀၂၉)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ(၁)ခန်းတည်း (၂)ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁)ဒေါ်နှင်းဆီ [၁၂/တမန(နိုင်)၀၇၁၄၈၆]၊ (၂) ဒေါ်ဘီဘီဖြ/ထဝန(နိုင်)၀၂၅၀၅၇]၊ ဦးသီရိ [၁၂/တမန(နိုင်)၀၇၁၅၈၂] ကိုင်ဆောင်သူများမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးတင်ဟန် [၁၂/မဂတ(နိုင်)၀၀၁၅၇၀]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေနှင့်နေအိမ် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မာမာသိန်း (LL.B)**
**(စဉ်-၈၇၉၂)**
**တရားလွှတ်တော်ရှေ့နေ**

| | | |
|---|---|---|
| **ဒေါ်နီနီဝင်း (LL.B)** | **ဒေါ်နှင်းဝေလွင် (LL.B)** | **ဦးထွန်းသူအောင်(LL.B)** |
| **(စဉ်-၅၁၇၁၈)** | **(စဉ်-၅၄၃၀၅)** | **(စဉ်-၅၅၇၆၄)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၂၇၅)၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရိုးကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း ၀၉- ၅၀၆၄၉၅၉၊ ၀၉- ၅၀၈၈၆၀၅**

---

## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (၅၃)၊ စံပါယ်မြိုင်လမ်း၊ မြေကွက်အမှတ် (၁၆၆၄) ဟုခေါ်တွင်သော ဧရိယာ (၄၀ပေx ၆၀ပေ)ရှိ ဦးအောင် မြေအမည်ပေါက်(ပါမစ်)၏ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော (၁၀ပေx ၆၀ပေ)(၄)ကွက်ရှိရာတွင် ခေါင်းရင်းခြမ်းမှ စတင်ရေတွက်လျှင် တတိယမြောက်မြေကွက် (၁၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးကောင်းထက်ဇော် [၁၂/ဒဂတ(နိုင်) ၀၉၁၇၇၈]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးနေဇော်အောင် [၈/စလန(နိုင်) ၁၂၇၇၂၂]က (၁၆-၁၀-၂၀၂၄)ရက်နေ့တွင် ချုပ်ဆိုသည့် နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးကောင်းထက်ဇော် [၁၂/ဒဂတ(နိုင်)၀၉၁၇၇၈]ထံသို့ ကာလတန်ဖိုးငွေများအပြည့်အဝပေးချေ၍ လက်ရောက်လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးနေဇော်အောင်** | **ဒေါ်သက်သက်အောင် LL.B** |
| **[၈/ စလန(နိုင်)၁၂၇၇၂၂]** | **အထက်တန်းရှေ့နေ(စဉ်-၂၈၃၅၀)** |

**အမှတ်(၁၆၇၉)၊ သာလွှာဝတီအနောက်(၅)လမ်း၊**
**၁၀/တောင် (၁၄)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၀၆၆၇၄၅၇**

---

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ အောင်မြေသာလမ်း၊ အမှတ် (၅၃၃)နေ ဦးခင်မောင်အေး (နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်) [၁၁/ကတန(နိုင်)၀၀၅၉၄၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်း၊ အမှတ် (၁၇/၁၈) ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ (၈)ထပ်တိုက်အဆောက်အဦမှ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ အခန်းအမှတ် (B-5)၊ စတုတ္ထထပ် (၅လွှာ) (အလယ်ခန်း) တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုတိုက်ခန်းရောင်းချသူ ဒေါ်ဝင်းဝင်းငွေး (နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်) [၇/လပတ(နိုင်)၀၁၃၁၆၂]မှ မိမိကိုယ်တိုင် တရားဝင် လက်ဝယ်ပိုင်ဆိုင်ပြီး လွတ်လပ်စွာရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ဤတိုက်ခန်းအား ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက (၁၆-၁၀-၂၀၂၄)ရက်နေ့တွင် ရောင်းချသည့် တန်ဖိုးငွေအနက်မှ စရန်အချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိကြောင်းတင်ပြလျက် အရောင်းအဝယ်ဆက်လက်ဆောင်ရွက်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဆွေဇင်သင်း (LL.B, DPS)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၅၈၅)**
**အမှတ် (19/B)၊ မစိုးရိမ်ကျောင်းလမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၆၀၃၁၃၅၁၉**

---

## ရေချွေတာရေး နည်းလမ်းများ

❖ **သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။**

❖ **သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။**

❖ **ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။**

❖ **ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၇၊ ရှင်သိဒ္ဓတ်(၁၁)လမ်း၊ မြေကွက်အမှတ် - ၆၆၀/ခ၊ မြေအကျယ်အဝန်း (၂၀×၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေပေါ်တွင် ဆောက်လုပ်မည့်(၁)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏စတုတ္ထထပ် (၅)လွှာ၊ တိုက်ခန်းအကျယ်အဝန်း (၁၈ × ၅၄)ပေရှိသည့် တိုက်ခန်းအား(**ဆောက်လုပ်ဆဲ / ကြိုတင်ငွေ အရစ်ကျစနစ်ဖြင့်**)ဝယ်ယူထားပြီး မိမိသာလျှင် တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးနိုဝင်လင်းထွန်း (၁၂/မဂဒ (နိုင်) ၁၆၅၅၄၁)**ထံမှ ကျွန်ုပ်၏ မိတ်ဆွေ **ဦးမျိုးလင်းစိုး (၁၄/မမန(နိုင်)၂၂၁၂၇၅)** က အပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုး၏စရန်ငွေအားပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက် အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးလင်းစိုး၏လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်နော်စေးရာလ်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်--၄၈၉၆၂)**
အမှတ်(၉၆)၊ ပေယျ(၃)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၉--၄၁၀၈၇၅၆၀၈၉။

---

## ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ်-(၁၆၈-င) မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော One 62 Residence အဆင့်မြင့်ကွန်ဒိုအဆောက်အဦရှိ (၃)လွှာ၊ ဒုတိယအထပ်၊ အခန်းအမှတ်- B-203 အကျယ်ပေ(၁၆၉၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်း၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင် ဒေါ်အေးမာလာ [၁၂/ဗဟန(နိုင်) ၀၃၇၉၉၅]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဇော်ပိုင်မြင့်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်း၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဇော်ပိုင်မြင့်** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၂/ကမရ(နိုင်)၀၁၄၆၈၇]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၁၆၈၊ ဓမ္မစေတီလမ်း၊** | **အမှတ်- ၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **အနောက်ရွှေဂုံတိုင်ရပ်ကွက်၊** | **(၅)ရပ်ကွက်၊** |
| **ဗဟန်းမြို့နယ်၊** | **ရွှေပြည်သာမြို့နယ်။** |
| **ရန်ကုန်တိုင်းဒေသကြီး။** | **ဖုန်း-၀၉-၅၁၈၉၉၆၈၉** |

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၄၀)၊ (ဏ/၁၄) ရပ်ကွက်၊ ဝိဓူရလမ်း၊ အမှတ် (၃၁၂/က) ဟုခေါ်တွင်သော အကျယ်အဝန်းဧရိယာ (၂၀x၆၀)ပေ အကျယ်ရှိဦးချစ်တင် အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးချစ်ဝေဦး [၇/လပတ(နိုင်) ၀၈၉၂၄၅] ကိုင်ဆောင်သူမှရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိပြုလျက်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်စံ [၁၂/ဗဟန(နိုင်) ၀၅၂၉၉၆] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် အတွက်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအဝဝကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဦးမြင့်စံ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စောနှင်းအေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၁၂)(၂၇-၆-၂၀၁၉)**
**အမှတ်(၂၄/ခ)၊ ဗိုလ်မင်းရောင်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း- ၀၉-၇၇၉၆၉၂၇၀၄၊ ၀၉-၄၄၃၀၉၁၈၄၈**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃/မာန်ပြေ၊ မြေကွက်အမှတ်- ၁၈/က၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် (၁၈/က)၊ ၂၂ လမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ **ဒေါ်ခင်နု [၁၂/သကတ(နိုင်) ၀၃၁၂၇၀]** အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် **ဒေါ်ခင်နု [၁၂/သကတ(နိုင်) ၀၃၁၂၇၀]** (မိခင်)နှင့် **ဦးဘဋ္ဌေး**(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော **ဦးမြင့်မောင် [၁၂/သကတ(နိုင်) ၀၄၃၅၆၅]၊ ဒေါ်ခင်စန်းမြင့် [၁၂/သကတ(နိုင်) ၀၃၂၃၄၇]၊ ဒေါ်ခင်လေးမြင့် [၁၂/သကတ(နိုင်) ၀၃၁၇၂၁]၊ ဒေါ်သန္တာမြင့် [၁၂/သကတ(နိုင်) ၀၃၀၅၃၈]**တို့မှ ကွယ်လွန်သူမိဘများတွင် မိမိတို့သားသမီး (၄)ဦးကိုသာ မွေးဖွားခဲ့ပါကြောင်း၊ အခြားသားရင်း၊ သမီးရင်းများနှင့် အမွေစားအမွေခံ ကိတ္တိမမွေးစားထားခြင်းလုံးဝမရှိပါကြောင်း၊ ကွယ်လွန်သူမိဘများနှင့် မိမိတို့သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြပြီး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ အထက်ပါ မြေနှင့်အိမ်အား သားသမီးအရင်းများဖြစ်ကြသည့် မိမိတို့မောင်နှမ (၄)ဦးတို့ကသာ အမွေဆက်ခံပိုင်ဆိုင်လာပြီး အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ **ဒေါ်ခင်နု**(မိခင်)၏ သေဆုံးမှုလက်မှတ်၊ **ဦးဘဋ္ဌေး** သေဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ **ဦးဘဋ္ဌေး**၏ သေစာရင်းတောင်းခံခြင်းနှင့်ပတ်သက်၍ ရှာဖွေမတွေ့ရှိသဖြင့် ထုတ်ပေးခြင်းမပြုနိုင်ကြောင်း တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ (၅-၆-၂၀၂၄)ရက်စွဲပါ အကြောင်းပြန်စာတို့ တင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
# ဘွဲ့လွန်ဒီပလိုမာသင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် **(Myanmar Maritime University)** တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အောက်ပါဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၂၁) ရက်နေ့တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| ဖွင့်လှစ်မည့်သင်တန်းများ | သင်တန်းကာလ | လက်ခံမည့်ဦးရေ |
|---|---|---|
| (က) သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Post-Graduate Diploma in Shipping Management) | အချိန်ပိုင်း(၁)နှစ် | ၅၀ |
| (ခ) ဆိပ်ကမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Post-Graduate Diploma in Port Management) | အချိန်ပိုင်း(၁)နှစ် | ၅၀ |
| (ဂ) ထောက်ပံ့သယ်ယူပို့ဆောင်ရေး စီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Post-Graduate Diploma in Transport and Logistics Management) | အချိန်ပိုင်း(၁)နှစ် | ၇၀ |

၂။ **ပညာအရည်အချင်းသတ်မှတ်ချက်**

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) လုပ်ငန်းခွင်နှင့်ဆက်စပ်မှုရှိသူများကို ဦးစားပေးစဉ်းစားမည်။

၃။ ဒီပလိုမာသင်တန်းအားလုံးအတွက် ဝန်ထမ်းဖြစ်လျှင် (ပုဂ္ဂလိကလုပ်ငန်းအပါအဝင်)၊ ဌာနဆိုင်ရာအကြီးအကဲ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို တစ်ပတ်လျှင် (၅)ရက်(တနင်္လာနေ့မှ သောကြာနေ့) အထိ နံနက် (၇:၀၀) နာရီမှ နံနက်(၉:၀၀)နာရီအထိ သတ်မှတ်ထားသော အချိန်ဇယားအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သခင်မြပန်းခြံအနီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကိုယ်စားလှယ်လုပ်ငန်းဌာနဝင်းအတွင်းရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာန(HRDC) တွင် ပို့ချပေးမည်ဖြစ်ပါသည်။

၅။ သင်တန်းအောင်မြင်ပြီးဆုံးပါက အောက်ပါအတိုင်း ဘွဲ့လွန်ဒီပလိုမာဘွဲ့များ ပေးအပ်မည်ဖြစ်ပါသည်-

| | |
|---|---|
| (က) Post-Graduate Diploma in Shipping Management | Dip. SM |
| (ခ) Post-Graduate Diploma in Port Management | Dip. PM |
| (ဂ) Post-Graduate Diploma in Transport and Logistics Management | Dip.TLM |

၆။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်နေ့မှ စတင်ထုတ်ယူနိုင်ပြီး နိုဝင်ဘာလ (၈) ရက်နေ့ နောက်ဆုံးထား၍ ရုံးပိတ်ရက်များအပါအဝင် နံနက်(၉:၃၀ )နာရီမှ ညနေ (၄:၀၀)နာရီအတွင်း တင်သွင်းရမည်ဖြစ်ပါသည်။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပတ်စပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ ဝင်ခွင့်လျှောက်လွှာများတွင် ဖြည့်စွက်ထားသည့်အချက်များ ပြည့်စုံမှန်ကန်ခြင်းမရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ အထက်ပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများအတွက် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်း၊ လူတွေ့ဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည့်နေ့ရက်နှင့် လူတွေ့ဖြေဆိုရမည့်အစီအစဉ်များကို ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ Website www.mmu.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းနံပါတ်-၀၉-၄၂၃၅၁၀၈၅၄ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
# မဟာသိပ္ပံဘွဲ့သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် **(Myanmar Maritime University)** တွင် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် အောက်ပါမဟာသိပ္ပံဘွဲ့သင်တန်းကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| ဖွင့်လှစ်မည့်သင်တန်း | သင်တန်းကာလ |
|---|---|
| ထောက်ပံ့ပို့ဆောင်ရေးနှင့် လုပ်ငန်းကွန်ရက်ချိတ်ဆက်ရေး စီမံခန့်ခွဲမှုမဟာသိပ္ပံဘွဲ့ **M.Sc ( Logistics & Supply Chain Management )** | အချိန်ပိုင်း (၂) နှစ် |

၂။ ပညာအရည်အချင်းသတ်မှတ်ချက်

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုမှ ဘွဲ့တစ်ခုခုရရှိပြီး မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှဖွင့်လှစ်သည့် သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Dip.SM)/ဆိပ်ကမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Dip.PM) / ထောက်ပံ့သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Dip.TLM) သင်တန်းတစ်ခုခုအား ပျမ်းမျှအမှတ် (၆၅)မှတ်နှင့်အထက် ရရှိအောင်မြင်ပြီးသူဖြစ်ရမည်။

(ခ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ မဟာသိပ္ပံဘွဲ့သင်တန်းအတွက် ဝန်ထမ်းဖြစ်လျှင်(ပုဂ္ဂလိကလုပ်ငန်းအပါအဝင်)၊ ဌာနဆိုင်ရာအကြီးအကဲ၏ ခွင့်ပြုချက်ပါရှိရမည်။ လုပ်ငန်းခွင်နှင့်ဆက်စပ်မှုရှိသူများကို ဦးစားပေးစဉ်းစားမည်။

၄။ မဟာသိပ္ပံဘွဲ့သင်တန်းကို (တနင်္လာနေ့ မှ သောကြာနေ့)အထိ ညနေ (၅:၀၀) နာရီမှ (၇:၀၀)နာရီနှင့် စနေနေ့ နံနက်(၈:၀၀)နာရီမှ ညနေ(၄:၀၀)နာရီအထိ တစ်ပတ်လျှင်(၆)ရက် သင်ကြားပို့ချမည် ဖြစ်ပါသည်။ သတ်မှတ်ထားသော အချိန်ဇယားအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သခင်မြပန်းခြံအနီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကိုယ်စားလှယ်လုပ်ငန်းဌာနဝင်းအတွင်းရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာန( HRDC )တွင် ပို့ချပေးမည်ဖြစ်ပါသည်။

၅။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(၂၁)ရက်နေ့မှ စတင်ထုတ်ယူနိုင်ပြီး နိုဝင်ဘာလ(၈)ရက်နေ့ နောက်ဆုံးထား၍ **ရုံးပိတ်ရက်များ အပါအဝင် နံနက်(၉:၃၀) နာရီမှ ညနေ(၄:၀၀)နာရီအတွင်း** ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ၊ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းတွင် ရရှိခဲ့သည့်အမှတ်စာရင်းမူရင်းနှင့် မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ၊ ပတ်စပို့အရွယ်ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ ဝင်ခွင့်လျှောက်လွှာများတွင် ဖြည့်စွက်ထားသည့်အချက်များ ပြည့်စုံမှန်ကန်ခြင်း မရှိပါက ထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

၇။ အထက်ပါ မဟာသိပ္ပံဘွဲ့သင်တန်းအတွက် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်း၊ လူတွေ့ဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည့်နေ့ရက်နှင့် လူတွေ့ဖြေဆိုရမည့်အစီအစဉ်များကို ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ Website www.mmu.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၈။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းနံပါတ်- ၀၉-၄၂၃၅၁၀၈၅၄ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးကျော်ဝင်း၏သား ကျွန်တော် ကျော်စွာဝင်း [၃/ဖပန(နိုင်)၀၄၄၄၁၇]၏ ပတ်စ်ပို့ နံပါတ် (MB-641341) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph:09-961269051**

## အမည်ပြောင်း

2024 – 2025 ပညာသင်နှစ် မင်္ဂလာဒုံမြို့နယ်၊ အ.မ.က(၁၀) Grade-3 တွင် ပညာသင်ကြားနေသော (အဖ) ဦးဝင်းလွင်ဦး [၁၂/ဒဂန(နိုင်)၀၀၀၄၉၉] ၏သား မောင်ကောင်းမြတ်ဘုန်းနိုင်အား မောင်ကျော်ဇေယျမင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကျော်ဇေယျမင်း**

ကြီးမြန် သစ်ပင် စိုက်ပျိုး လျှင် စွမ်းအင် လည်း ရ ပြည် လည်း လှ

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၅၈) ရပ်ကွက်၊ ဦးဘသက်လမ်း၊ မြေကွက်အမှတ်(၆၂၅) ဦးစံသိန်းဗိုလ် အမည်ပေါက် ပါမစ်မြေအမျိုးအစား ပေ (၄၀ x ၆၀)မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၆၂၆)၊ ဘေးကပ် ပေ(၁၀ x ၆၀) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်ပြီး ၎င်းတို့မှ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးသန်း၊ ဒေါ်မြင့်မြင့်သန်း၊ ဦးသီဟ၊ ဦးယဉ်ဟံတို့ထံမှ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မို့မို့သော် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၂၅/၂၇-၅-၂၀၁၄)**
**ဖုန်း-၀၉-၄၃၀၇၃၈၁၅၊ ၀၉-၇၈၁၀၁၉၀၀၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုင်းချမ်းသာ (ဘ) ဦးခင်မောင်ဝင်း [၁၂/ဒဂတ(နိုင်)၀၆၆၄၃၅] ၏ ပင်လယ်ပြင်လုပ်သက်စာရွက် testimonial (၁)စောင်၊ 23-11-2013 မှ 31-5-2015 ထိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-09-780410054**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၃)လမ်း၊ အမှတ်(၃၈)၊ စတုတ္ထထပ်၊ (၅-လွှာ)၊ ခြေရင်းခန်းဟုခေါ်တွင်သော နေအိမ်တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်နန်းမင်းမင်းစိုး [၁၂/လသယ(နိုင်)၀၅၀၅၄၇]** ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေ **ဒေါ်အေးမွန်မြင့် [၁၂/လမတ(နိုင်)၀၂၀၂၅၂]** က **ဒေါ်နန်းမင်းမင်းစိုး**၏ ကိုယ်စားလှယ် **ဦးတိဿစိုး [၁၂/ဒပန(နိုင်)၀၃၅၀၀၁]** ကို စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများတင်ပြ၍ ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးထွန်းထွန်းသာ | ဦးကျော်သန်း |
|---|---|
| အထက်တန်းရှေ့နေ (စဉ်-၉၉၀၅) | တရားလွှတ်တော်ရှေ့နေ (စဉ်-၅၀၅၆) |

**တိုက် (စီ/၁၁)၊ အခန်း(၉၀၆)၊ (၉-လွှာ)၊ မင်းဓမ္မဥယျာဉ်အိမ်ရာ၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၂၅၁၃၀၃၈၊ ၀၉-၄၀၁၈၈၂၀၀၇၊ ၀၉-၇၃၁၂၄၀၇၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

**ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ အင်းရွာမြောက်ရပ်၊ ဦးပိုင်အမှတ်-၃၀/က** ဟုခေါ်တွင်သော ဧရိယာ(၀.၃၃၂)ကေရှိ **ဦးဝင်းသိန်း(TRY-၁၀၁၁၀၉)** (ကွယ်လွန်) အမည်ပေါက် နှစ်(၉၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ **သာယာဝတီမြို့၊ အင်းရွာ၊ ကျွဲသတ်ကျေးရွာအုပ်စု၊ စက်အမှတ်-၂၁၉ (သိန်းရတနာဆန်စက်)** အဆောက်အဦနှင့်တကွ ဆန်စက်-စက်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကွယ်လွန်သူ ဦးဝင်းသိန်းထံမှ အမွေဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းဖြင့် ဝန်ခံကတိပြုရောင်းချသူ **ဦးသိန်းထွဋ်ဇော် [၇/သဝတ (နိုင်)၁၁၇၅၀၉]** ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ယင်းမြေ၊ အဆောက်အဦနှင့် ဆန်စက်တို့တွင် အကျိုးသက်ဆိုင်သူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဒေါ်သစ်သစ်မြင့်အောင်(LL.B) | ဒေါ်သဲစုကျော်(LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၇၈) | အထက်တန်းရှေ့နေ(စဉ်-၃၈၅၃၃) |

**ရုံး-အမှတ်-၆၁၊ ပထမထပ်၊ ၄၄-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၈၆၉၅၇၅၁၊ ၀၉-၅၀၆၁၆၂၄**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းကြွယ် (ခ) ဦးတိုး

### အသက် (၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် (၅၂၇)နေ ဒေါ်မြမြခိုင်၏ ခင်ပွန်း၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးချစ်ထွန်း-ဒေါ်မြရင်)တို့၏ သား၊ သဃ်ာန်းကျွန်းမြို့နယ်နေ (ဦးဆန်း-ဒေါ်မြစိန်)တို့၏ သားသမက်၊ (ဦးကံဆင့်-ဒေါ်သန်းသန်း)၊ ဒေါ်ဝင်းဝင်းကြည်၊ ဦးဘုန်းကြွယ်၊ ဒေါ်ပြုံးပြုံးကြည်တို့၏ မောင်၊ ဒေါ်ကြည်ကြည်မြင့်၏ အစ်ကို၊ ဦးအောင်နိုင်ထွန်း-ဒေါ်သူဇာခိုင်၊ ဦးထွန်းအောင်ခိုင်-ဒေါ်သင်းသင်းဆန်းတို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ကိုစံပိုင်ဖြိုး(ခေတ္တ-စင်ကာပူ)-မနှင်းဝတ်ရည်(ခေတ္တ-စင်ကာပူ)တို့၏ ချစ်လှစွာသောဖခင်၊ မောင်သင်တိုင်းထက် (ခ) Theo ၏ ချစ်လှစွာသောအဘိုး ဦးသန်းကြွယ် (ခ) ဦးတိုးသည် ၁၆-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၀-၁၀-၂၀၂၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ဂူသွင်းမည်ဖြစ်ပါကြောင်း ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၀-၂၀၂၄ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ ကန်တော်လမ်းနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## “အထူးဝမ်းနည်းကြေကွဲခြင်း”

## ဦးမြင့်သန်း(စား/ထွေ-ငြိမ်း)

### အသက်(၈၃)နှစ်

သူငယ်ချင်း ဦးဉာဏ်ဝင်း(ရွှေသံလွင်-မီဒီယာကုမ္ပဏီ)-ဒေါ်ဆွေမာအောင်တို့၏ဖခင် ဦးမြင့်သန်းသည် ၁၇-၁၀-၂၀၂၄ ရက် နံနက် ၁၀:၅၈ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့် ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇၇)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၈)ရပ်ကွက်၊ စီမံကိန်း-၂၊ ပင်လုံ(၃)လမ်း၊ မြေကွက်အမှတ်(၄၀၄)၏ ၎င်းပိုင်မြေပေါ်တွင် တည်ဆောက်ထားသော အကျယ် (၁၈x၅၅)ပေရှိ ၃ ½ ထပ်တိုက်၏ ပိုင်ရှင် ဒေါ်သန်းသန်းဦး [၁၂/သဃက(နိုင်) ၀၅၂၆၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်သိန်း [၁၁/ဂမန(နိုင်) ၀၀၀၉၁၆]က ပထမထပ်တိုက်ခန်းကိုလည်းကောင်း၊ ဒေါ်နှင်းသီရိခင် [၁၁/ဂမန (နိုင်) ၀၃၅၈၀၃]က မြေညီထပ်တိုက်ခန်းကိုလည်းကောင်း အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၁/၂၇-၂-၂၀၂၄)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**[တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀(က)]**

**အင်းစိန်ခရိုင်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၅၀**

ဦးကျော်နိုင်ဝင်း **(တရားလို)** နှင့် ဦးညီညီဇော် **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇၂၅/က)နေ ဦးညီညီဇော်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **“ငွေရလိုမှု”** အမေရိကန်ဒေါ်လာ ၂၃၀၁၉၅ နှင့် ညီမျှသော မြန်မာငွေကျပ် ၈၉၃၂၅၉၃၂၈ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သူရသွင်)**
**ခရိုင်တရားသူကြီး**
**အင်းစိန်ခရိုင်တရားရုံး**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စုစုဝင်း (ခ) ဒေါ်ကြည်ကြည်စိန်

### ကန်တော်ကြီးသိန်းဆုဌာန၊ သစ္စာပန်းမသိန်းဆေးလိပ်ရုံ

### အသက် (၈၀)နှစ်

ရန်ကုန်မြို့၊ ကန်တော်ကြီးသိန်းဆုဌာန၊ သစ္စာပန်းမသိန်းဆေးလိပ်ရုံပိုင်ရှင် (ဦးမောင်တင်-ဒေါ်သိန်း)တို့၏ သမီးကြီး၊ (ဒေါ်သန်း)၏တူမ၊ (ဦးကြိုင်ထွန်း-ဒေါ်လှရင်)တို့၏ သမီးချွေးမ၊ ဦးစိန်မြင့်(စက်မှု-၁)၏ဇနီး၊ ကိုယု၊ ကိုကျော်စောထွန်း-မခင်နှင်းစုတို့၏မိခင်၊ Aron(ခ) ဉာဏ်ထက်၏ ဘွားဘွား၊ ဦးသန်းထွတ်-ဒေါ်ရီရီမော်၊ (ဒေါ်စီစီတင်)၊ (ဦးဘုန်းမြင့်-ဒေါ်ကျော့ကျော့ခင်)တို့၏ အစ်မကြီးသည် ၁၈-၁၀-၂၀၂၄ (သောကြာနေ့) နံနက် ၈:၄၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၂၄ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၀-၂၀၂၄ (ကြာသပတေးနေ့) နေ့ဆွမ်းကို ငွေကြာရုံဘုန်းကြီးကျောင်း၊ တောင်ဥက္ကလာတွင် ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစိန်

### အသက် (၇၃) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၆၄)၊ ပထမထပ်၊ (ခေါင်းရင်းခန်း)နေ (ဦးပိန်-ဒေါ်ရှုတင်)တို့၏သား၊ ဦးတင့်ဝေဦး- ဒေါ်အေးအေးသိမ့်တို့၏ ဖခင်၊ မောင်ပြည့်ဖြိုး၏ အဘိုးသည် ၁၇-၁၀-၂၀၂၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၉-၁၀-၂၀၂၄ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ မိတ်ဆွေအပေါင်းအသင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉: ၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဝတ်ရည်သိန်းထွတ်

### အသက်(၄၄)နှစ်

နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏာဒီပရပ်ကွက်နေ ဗိုလ်မှူးသိန်းထွတ်(ငြိမ်း) - ဒေါ်သိန်းသိန်းတို့၏ သမီး၊ ဦးဇေယျာသိန်းထွတ် - ဒေါ်သဲနုဝါတို့၏ အစ်မ၊ မောင်ကောင်းထွဋ်နိုင်၊ မခြူးဝင့်သံသာတို့၏ ချစ်လှစွာသောမိခင်၊ ဗိုလ်မှူးကြီးနေဝင်းနိုင်၏ ချစ်လှစွာသောဇနီး ဒေါ်ဝတ်ရည်သိန်းထွတ် အသက်(၄၄)နှစ်သည် ၁၇-၁၀-၂၀၂၄ (ကြာသပတေးနေ့) ည ၉:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့မှ**
**အရာရှိ၊ စစ်သည်၊ မိသားစုများ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃/မာန်ပြေ၊ မြေကွက်အမှတ်- ၁၈/ခ၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် (၁၈/ခ)၊ ၂၂ လမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ **ဒေါ်ခင်နု (AA-၀၀၉၄၂၂)** အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် **ဒေါ်ခင်နု (AA-၀၀၉၄၂၂]** (မိခင်)နှင့် **ဦးဘဌေး**(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော **ဦးမြင့်မောင် [၁၂/သကတ(နိုင်) ၀၄၃၅၆၅]၊ ဒေါ်ခင်စန်းမြင့် [၁၂/သကတ(နိုင်) ၀၃၂၃၄၇]၊ ဒေါ်ခင်လေးမြင့် [၁၂/သကတ(နိုင်) ၀၃၁၇၂၁]၊ ဒေါ်သန္တာမြင့် [၁၂/သကတ(နိုင်) ၀၃၀၅၃၈]**တို့မှ ကွယ်လွန်သူမိဘများတွင် မိမိတို့သားသမီး (၄)ဦးကိုသာ မွေးဖွားခဲ့ပါကြောင်း၊ အခြားသားရင်း၊ သမီးရင်းများနှင့် အမွေစားအမွေခံ ကိတ္တိမမွေးစားထားခြင်း လုံးဝမရှိပါကြောင်း၊ ကွယ်လွန်သူမိဘများနှင့် မိမိတို့သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြပြီး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ အထက်ပါမြေနှင့်အိမ်အား သားသမီးအရင်းများဖြစ်ကြသည့် မိမိတို့မောင်နှမ (၄)ဦးတို့ကသာ အမွေဆက်ခံပိုင်ဆိုင်လာပြီး အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ **ဒေါ်ခင်နု**(မိခင်)၏ သေဆုံးမှုလက်မှတ်၊ **ဦးဘဌေး** သေဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ ဦးဘဌေး၏ သေစာရင်းတောင်းခံခြင်းနှင့်ပတ်သက်၍ ရှာဖွေမတွေ့ရှိသဖြင့် ထုတ်ပေးခြင်းမပြုနိုင်ကြောင်း တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန၏ (၅-၆-၂၀၂၄)ရက်စွဲပါ အကြောင်းပြန်စာတို့တင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ကိုရဲလင်းထွန်း

**System Engineer, Fortinet Myanmar**

### အသက်(၄၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မလွန်ကြက်သွန်တန်းရပ်နေ ဦးသုတ-ဒေါ်လှကြင်၊ ဦးဘသောင်း-ဒေါ်သိန်းညွန့်တို့၏ မြေး၊ ဦးသိန်းထွန်း-ဒေါ်တင်တင်အုန်းတို့၏ သားလတ်၊ ကိုသော်လင်းထွန်း-မစုစန္ဒာအေးတို့၏ ညီ၊ ကိုဟန်လင်းထွန်း-မမြတ်သက်ရှည်၊ မောင်မျိုးထွန်းအေးတို့၏ အစ်ကို၊ ဦးငွေဝင်းအေး-ဒေါ်ခိုင်ခိုင်သာတို့၏ သားသမက်၊ ဒေါက်တာဝေမွန်အေး၏ ချစ်ခင်ပွန်း၊ မောင်ဝေဘုန်းသန့်ထွန်း (Grade-3, King International School)၏ ကျေးဇူးရှင်ဖခင်သည် ၁၆-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ည ၁၁:၄၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၂၄ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၀-၂၀၂၄ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ စတားစီးတီးအိမ်ရာ၊ စီးတီးဗစ်လာ၊ အမှတ်(၅၀/ခ)နေအိမ်၌ ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ သုမိတ္တာ(၂၃)လမ်း၊ မြေကွက်အမှတ်(၈၈၈)၊ ဧရိယာ (၂၅ပေx ၅၀ပေ)ရှိ ဦးတင်မောင်အေး [၉/ခအဇ(နိုင်) ၀၁၂၃၆၇] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်ပေါ်၌ ဆောက်လုပ်ထားသော နှစ်ခန်းတွဲ (၆)ထပ်တိုက်၏ အပေါ်ဆုံးထပ်/(၆)လွှာ (ခြေရင်းဘက်အခြမ်း/တိုက်ဘက်မျက်နှာမူလျှင် ဘယ်ဘက်အခြမ်း)၊ ဧရိယာ (၁၂ပေခွဲx ၅၀ပေ)ရှိ ရေမီးအစုံတိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူများဖြစ်ကြသည့် ဦးတင်မောင်အေး [၉/ခအဇ(နိုင်)၀၁၂၃၆၇] နှင့် ဒေါ်ခင်ခင်ရီ [၁၂/စခန(နိုင်) ၀၅၄၄၇၉]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းခန့်ကျော် (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၅၈၁၉)**
**အမှတ်(၂၇/၅-ခ)၊ ပုညဝမှုနလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၀၄၀၈၀၄၃၉၊ ၀၉-၉၇၉၂၄၄၇၇၉**

---

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ တိုက်အမှတ်(၁၀) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၇)ထပ်တိုက်၏ ဒုတိယအထပ် (၃-လွှာ) (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ပေခွဲx ၅၀ပေ)ရှိသော ရေမီးစုံတိုက်ခန်း(၁)ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အားလုံးတို့ကို လက်ဝယ်ထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်စိုးစိုးဝင်း [၁၄/ဘကလ(နိုင်) ၁၆၈၃၃၆] နှင့် ဒေါ်ညီညီဝင်း [၁၄/ဘကလ(နိုင်) ၁၆၂၉၀၇]တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြင့်စိုး (LL.B , D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၈၅၂၀)**
**အမှတ်(၆၆)၊ အောင်မင်္ဂလာ(၂)လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၇၉၅၂၈၄၄၅၃၊ ၀၉-၄၂၀၉၂၆၆၉၄**

---

## “ကန့်ကွက်နိုင်ပါကြောင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၁၄၀)၊ အလျား (၄၀)ပေx အနံ (၆၀)ပေ၊ (၀.၀၅၅)ဧက အကျယ်အဝန်းရှိ ဦးဖိုးလတ်လမ်းဟုခေါ်တွင်သည့် ဒေါ်စန္ဒီလေးလွင် (ဘ) ဦးအားဆီ [၁/မကန(နိုင်) ၁၄၁၅၉၀] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဦးကျော်ကျော် (ဘ) ဦးမောင်ကို [၁၂/ဥကတ(နိုင်) ၀၀၂၁၆၅]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းသူ ဦးကျော်ကျော် [၁၂/ဥကတ(နိုင်) ၀၀၂၁၆၅]ထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွယ်နွယ်လွင် (ဘ) ဦးထွန်းလွင် [၁၂/ဗဟန (နိုင်)၀၃၁၂၇၂]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟန်လင်းကျော် (LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၃၅၈ / ၂၀၂၃)**
**အမှတ် - ၁၂၈၃၊ ၄-လွှာ၊ စံပယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၇၅၃၅၇၂၁၁၊ ၀၉-၉၅၀၄၄၄၅၂၆**

---

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို ၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် ဧည့်ပရိသတ်များ မဟာဇနကဇာတ်တော်ကြီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု "ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်"ဇာတ်တော်ကြီးအဖွဲ့က တင်ဆက်ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် ယနေ့ညပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေး ကော်မတီရှိ လဟာပြင်ဇာတ်ရုံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "မဟာဇနက" ဇာတ်တော်ကြီး ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐

---

## MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ယနေ့ စတင်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈


၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်များကို အောက်တိုဘာ ၁၉ ရက်တွင် စတင်ကျင်းပမည် ဖြစ်သည်။

ဒုတိယအကျော့ ပထမဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၂)ကို အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အောက်တိုဘာ ၁၉ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရှောဝတီယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်း နှင့် Dagon Port အသင်း၊ သုဝဏ္ဏကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ အောက်တိုဘာ ၂၀ ရက်တွင် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်း၊ အောက်တိုဘာ ၂၁ ရက်တွင် သုဝဏ္ဏကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ YUSC ကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ❖

---

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၈-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၉-၁၀-၂၀၂၄ မှ ၂၀-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ




## လေပွေလှိုင်းများ၏အရှိန်၊ လေဖိအားနည်းဆဲလ်နှင့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်တို့ကြောင့် မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၈

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ထိုင်းပင်လယ်ကွေ့မှ ရွေ့လျားလာနိုင်သော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းဆဲလ်နှင့်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

---

**ယနေ့ ဖတ်စရာ**

**တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စက်ယန္တရားယာဉ်အပိုပစ္စည်းများနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**ဘက်စုံသုံးဝင် ထန်းတစ်ပင်**

ဆောင်းပါး စာမျက်နှာ » ၂၂

**မိုးခေါင်ရေရှားမှုဒဏ်ခံစားနေရတဲ့ အာဖရိကဒေသ**

စာမျက်နှာ » ၂၇

